၁၉၇၇-ခု ဇွန်လိုင်လ၊
ပထမအကြိမ်
အုပ်ရေ-၃၀၀၀
တာဘာရေးဆိုင်ရာ စာပေပုံနှိပ်ချက်
အမှတ်-(၉၆၂၀)

ပျက်နှာဖုံးပန်းချီ - ဦးလှကြည် (ပါတီနှိုင်ငံရေးပညာသိုလ်)
မင်္ဂလာဒုံ၊

အတွင်းပန်းချီ - ဦးရဲသောင်း (ပါတီသုတေသနဌာန)
တပ်ဦးရဲဌာနချုပ်၊

အဖုံးဘလောက် - ကံယူးဘလောက်တိုက်၊

အတွင်းဘလောက် - ကောင်မာရှယ်ဘလော့ဘ်တိုက်၊

အပုံးရိုက် - ဒေါ်ခင်မြင်ပုံနှိပ်တိုက်၊

ဆုတ်ဖြဲသူ - ဦးစန်းမောင် (ကင်းလှတ်ခွင့်)
မှတ်ပုံတင်အမှတ်- (၀၃၇၀၀)
မြတ်ရတနာစာပေ
အမှတ်-၂၁၇/၃၂လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးအောင်မြင့် (မြ ၀၁၁၄၂)
ဒေါ်ခင်ဆုမြတ်ပုံနှိပ်တိုက်၊
အမှတ်-၂၁၇/၃၂လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးဘဒေး (ဂျာနယ်ပုံဆရာဒေး)
ဖဆပလ(ပြည်သူ့)နယ်၊ စည်သောင်အုပ်စု၊
ဟုန်းတော်ကြီးရွာ၊ အထက်ချင်းတွင်း။

[၀ ဗ ၁]

မာတိကာ

၁၄။ အနော်မာသောင်ယံ၌ ဆံတော်ပယ်ပုံ

၁၅။ ဘုရားလောင်းနှင့် ဂိမ္ဗိဘာရမင်းကြီးတွေ့ပုံ

၁၆။ ဘုရားလောင်း အာဠာရဃနကတို့နှင့်တွေ့ပုံ

၁၇။ ဘုရားလောင်း ဥရုဝေလတောင်၌ ဒုက္ကရစရိယာ ကျင့်တော်မူပုံ

၁၈။ ဘုရားလောင်း အိပ်မက်ကြီး ၅ ပါး မြင်ပုံ

၁၉။ သုဇာတာသူဌေးသမီးသည် ဘုရားလောင်းအား ဃနာနို့ဆမ်းကပ်လှူပုံ

၂၀။ ဘုရားလောင်းသည် လေးဆယ်ကိုးလုပ်သော ဆွမ်းကို ပရိဘုတ်ပြုတော်မူပုံ

၂၁။ ဘုရားလောင်း ဥရုဝေလတောင်၌ ဒုက္ကရစရိယာ ကျင့်တော်မူပုံ

၂၂။ သောတ္ထိယ မြက်ထမ်းလုလင်လှူအပ်သော မြက်ရှစ်ဆုပ်အလှူခံတော်မူပုံ

၂၃။ ဘုရားလောင်း မဟာဗောဓိပင်ရင်း၌ ရှစ်ဆုပ်သော မြက်ကြဲဖြန့်တော်မူပြီး အာနာပါနဘာဝနာ ဝင်ငါးတော်မူပုံ (မျက်နှာဖုံး)

၂၄။ ဘုရားလောင်းသည် ဗောဓိပင်နှင့် ရွှေဟုလွင်အရောင် မြင်တော်မူ၍ ဘုရားအာဖြစ်သို့ ရောက်တော်မူပုံ

၂၅။ မာရ်နတ် ရွှေပုလွင်လုခဏ်း

မဒ္ဒီကာ

၂၆။ မြတ်စွာဘုရားသတ္တ-သတ္တာဟစံတော်မူခဏ်း

၂၇။ သဟမွတီမြို့ဟွာ့ခမင်းတရားတောင်းပန်ခဏ်း

၂၈။ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂိတို့ကို ချတ်ခဏ်း

၂၉။ ပဉ္စဝဂ္ဂိငါးဦးအား ဓမ္မစက်ကြာတရားဟောခဏ်း

၃၀။ ဘဒ္ဒဝဂ္ဂိမင်းသား သုံးကျိပ်ရဟန်းဖြစ်ခဏ်း

၃၁။ ရှင်ကာဌောင် ချတ်ခဏ်း

၃၂။ ဘုရားသခင် ကပိလဝတ်ပြည်သို့ ကြွတော်မူခဏ်း

၃၃။ ဆွေတော်မျိုးတော်တို့ကို ချတ်တော်မူခဏ်း

၃၄။ ကပိလဝတ်ပြည်တွင်း ဆွမ်းခံ ဝင်တော်မူခဏ်း

၃၅။ ယသောဓရာဒေဝီ၏ ဖူးမြော်ခြင်းကို ခံတော်မူခဏ်း

၃၆။ ညီတော်နန္ဒမင်းသားကို ရဟန်းပြုခဏ်း

၃၇။ သားတော်ရာဟုလာကို ရှင်ပြုခဏ်း

၃၈။ မြတ်စွာဘုရား သီတင်းသုံးရာ ဝါဆိုစဉ်ဌာန

၃၉။ ခမည်းတော်သုဒ္ဓါဒနမင်းကြီး နိဗ္ဗာန်စံခဏ်း

၄၀။ မဟာဖဇာပတိ ဂေါတမီ မိဘုရားရဟန်းပြုခဏ်း

၄၁။ ယသောဓရာဒေဝီ ဘိက္ခုနီမပြုခဏ်း

၄၂။ တန်ခိုးပြာဋိဟာ ပြတော်မူခဏ်း

၄၃။ နတ်ပြည်၌ မယ်တော်နတ်သားအား တရားဟောခဏ်း

၄၄။ နန္ဒောပနန္ဒနဂါးမင်းကို ချုတ်တော်မူခဏ်း

မာတိကာ

၄၅။ ဗက ပြဟ္မာမင်းကိုချွတ်ဖတာ်မူခဏ်း

၄၆။ အင်္ဂုလိမာလကို ဆုံးမတော်မူခဏ်း

၄၇။ အာဠဝကဘီလူးကိုချွတ်ခဏ်း

၄၈။ ရှင်ဒေဝဒတ်နှင့် အဇာတသတ်မင်း

၄၉။ ဗိမ္ဗိသာရမင်းကြီးကို အဇာတသတ်သတ်ခဏ်း

၅၀။ အာယုသင်္ခါရ လွှတ်တော်မူရန် မာရ်နတ် တောင်းပန်ခဏ်း

၅၁။ မြတ်စွာဘုရား ဝမ်းတော်လားတော်မူခဏ်း

၅၂။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခဏ်း

၅၃။ မြတ်စွာဘုရား အလောင်းတော် သဉ်ဂြိဟ်ခဏ်း

၅၄။ စာတ်တော်ဝေခဏ်း

၅၅။ သင်္ဂါယနာတင်ခဏ်း

၅၆။ ဆုတောင်းနှင့် (နိဂုံး)

ပဏာမ

ငါးမာရ်အောင်မြင်၊ ဘုရားရှင်သည်၊ မျေားပြားဘီ
လောင်း၊ ထောင်သောင်းသိန်းနေ၊ အကုဋေတို့ဖြင့်၊ တွက်ရေ
မသိ၊ ဆုံးမရှိသော ကပ်ကမ္ဘာကာလပတ်လုံး၊ ဖြည့်ကျုံး
ဆည်းပူးတော်မူအပ်သော၊ ဆယ်ရပ်သုံးလီ၊ ပါရမီတော်မြတ်
တို့ကြောင့်၊ သဗ္ဗညု၊ တဘုရားအဖြစ်သို့ရောက်တော်မူ၍၊ ဆုံးမ
ထိုက်-ဆုံးမသင့်၊ နှု-ရင့်-စာနာ၊ သတ္တဝါထိုထိုကို၊ မင်္ဂလာ
အမြိုက်၊ တိုက်ကျွေးဆုံးမတော် မူပြီးလျှင်၊ သံသရာသမုဒ်၊
ဓဝလုပ်မှု၊ ဆွဲထုတ် ကယ်တင်တော်မူလေပြီ။ ။ထိုငါးမာရ်
အောင်ပြီး၊ သုံးလူထီး၏၊ ကြီးမားနိုသံ၊ ဂန္ဓမဲရု၊ ဝိပဿနာဓုရ
လမ်းမနှစ်ဖြာ၊ သာသနာတော်၌၊ အာယု, ဝဏ္ဏ, သုခ, ပဋိဘာန်၊
မြဲမြံရှည်စွာတည်စေခြင်းငှာ၊ နာမ်ရုပ် အစုသာ ဖြစ်သော
အကျွန်ုပ်ကို၊ အားထုတ်နိစ္စ၊ စောင်မတော်မူပါစေဆုတည်း။
ဤသို့နှလုံးသွင်းအာသီသကိုပြု၍၊ မြတ်စွာဘုရား ကိုယ်တော်
မြတ်ကြီးသည်၊ သဗ္ဗညု၊ တဉာဏ်ကို၊ ပန်ဆင်တော်မူသည်မှစ၍
ဘုရားအဖြစ်သို့ ရောက်ပြီးသော်၊ ပရိနိဗ္ဗာန် စံတော်မူသည့်တိုင်
အောင် ဝေနေယျတို့၏အကျိုးငှါ ဓမ္မဆောင်တော်မူလျက်၊ လေး
ဆယ့်ငါးဝါတည်တော်မူသော အစဉ်အလျှင်ကို၊ နိကာယ်ငါး
ရပ်၊ ပိဋကတ်သုံးပုံပါဠိတော်၊ အဋ္ဌကထာဋီကာ ကျမ်းများနှင့်
ညီညွတ်မှန်ကန်စွာ ရွတ်တောင်မှို၊ ကျီးသဲလေးထပ်ဆရာတော်
ဘုရားကြီး ရေးသား စီရင်တော်မူအပ်သော်၊ ဇီနတ္ထပကာသနီ
ကျမ်းဂန်လာအတိုင်း၊ အကျဉ်းချုပ်၍၊ ဤဒုဒ္ဒရာဇဝင်ကိုလွယ်

လင့်တာကဲ့ကူ ကြည်ညိုသိုးငှက်ကြာစေရန်၊ ရည်သန်ရိုးရင်း၊ နှလုံးသွင်းပြီး လျှင် ဇာတ်အစောက်းခက်းကို၊ ပုံတော်ကားများဖြင့် မွမ်းမံဆင် ယင်သားပါးသည်၊ အဝေးတော်ဆယ်စုံ၊ တန်ခိုးရှုံးတို့နှင့် ပြည့် စုံတော်မူသော ဘုဒ္ဓမြတ်စွာယသနာအလင်းရောင်သည်း၊ စွမ်းလာ ကာဝေတ်လုံးဌ သိမ်းကျုံးဗိုလ်ဝင်း ထွန်းလင်း တောက်ပဖို့စေ သတည်း။

ရတနာပုံ-ဆရာအေား
မြတ်ရတနာ-စွာပေ ဖြန့်ချီရှေ့
အမှတ် ၂၁၇-၃၂-လမ်း၊ ရန်ကုန်မြို့။

အမှာ

ဤပုဒ္ဓရာဇဝင်သည် ပုဒ္ဓ၏အကြောင်းအရာ ဝအချက်အလက်များကို ကဏ္ဍလိုက် ပန်းချီကားချပ်များဖြင့် သရုပ်ဖော်ပေးရန်နှင့်နေ့အိုင်အနာဂတ်ကာလပုဒ္ဓဘာသဝင်သင်တန်းစင်များသည် အမြဲတစေ ပုံဆင်သားထားနိုင်ရန်အတွက် (ပုဒ္ဓရာဇဝင်)မြန်မာ့ရေးကို အဓွန့်လိုလားတောင့်တလျက်ရှိသည့် နာဂတောင်တန်းခွန်တီးမြို့နယ် ကောင်းဟိုန်ဆရာတော်ဘုရားကြီး ဦးပညာဇီနှင့် တပည့်ရင်းများ ဖြစ်ကြသော ကောင်းဟိန်ရာမ ဦးဘစွဲ၊ ပင်းမဝံရာမ ဦးဘစွဲ၊ နော်ဝင်ဂင်္ဂါရာမ ဦးဘိုးလုံတို့၏ ဆန္ဒပိုင်းအရ (ဤပုဒ္ဓရာဇဝင်) အကျဉ်းစာအုပ်ကို ရေးသားပြုစုရခြင်း ဖြစ်ပါသည်။

၂။ ဤသို့ ကျိုးပမ်းဆောင်ရွက်ရာတွင် လွန်ခဲ့သည့် (၃) နှစ်ခန့်မျက ပုဒ္ဓရာဇဝင်အကျဉ်းစာအုပ်ငယ်ကို ထုတ်ဝေနိုင်ရန် အတွက် အခြိန်လုံလောက်အောင် မရရှိခြင်းနှင့် စာအုပ်တွင် ပါဝင်သင့်သောပန်းချီ ဘလောက် စကြာမြား ခက်ရာခက်ဆစ် ကြမ်တမ်းမှုများကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရခြင်းဖြစ်ပါသည်။

၃။ ထိုကြောင့် ဤပုဒ္ဓရာဇဝင်အတွက်အခြိန်ယူ၍ ပြုစုရေးသားရန် ဆရာတော်ဘုရားကြီး ဦးပညာဇီနှထပ်မံ ထပ်ဆင့်နှိုးဆော်စာတစောင် ရောက်ရှိလာပြန်သဖြင့် ယခုကဲ့သို့ (ပုဒ္ဓရာဇဝင်)စာအုပ်ငယ်တအုပ် ဖြစ်ပေါ်လာရခြင်းဖြစ်ရာ ဆရာတော်ဘုရားနှင့် တပည့်ရင်းများအား အထူး ကျေးဇူးတင်ရှိအပ်ပါသည်။

အမှာ

၄။ ထို့ပြင် ဤစာအုပ်တွင် ပါဝင်သင့်သော ပန်းချီကဏ္ဍ လိုက်၊ အချက်အလက်များကို ပန်းချီ ဦးရဲသောစိုး၊ ပါတီသုတေသနဌာန ပါတီ ဗဟိုကော်မီတီ ပါတီဗဟို ဌာနချုပ် ရန်ကုန်ကော်မာရှယ် ဘလောက်တိုက်၊ တာဝန်ခံ ဦးမြင့်ဆွေ စာစီစာစစ် ဘလောက် အထားအသို ကဏ္ဍလိုက်ထားရန် ကိုယ် တိုင်တာဝန်ယူ ဆောင်ရွက်သော မြဝတီမဂ္ဂဇင်းတိုက်မှ ဦးခင် မောင်လှင် ရိုက်နှိပ်ခြင်း စာအုပ်အဖြစ် ချုပ်လုပ်ခြင်းများကို တာဝန်ယူဆောင်ရွက်သော (အောင်ဆုမြတ်)ပုံနှိပ်တိုက်ပိုင်ရှင် ဦးအောင်မြင့်တို့အား အထူးကျေးဇူး တင်ရှိအပ်ပါ၏ကြောင်း။

ရတနာပု ဆရာအေး

မြတ်ရတနာ စာပေဖြန့်ချီရေး

အမှတ် (၂၁၇) (၃၂)လမ်း

ရန်ကုန်မြို့။

ဇယ်တီဆရာတော် ဘုရားကြီး ရတုလင်္ကာ (၇) ပုဒ်

(ဗုဒ္ဓရာဇဝင်) ထကျင်း၊

၁။ သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင် စကြာဝဠာ၊ နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ။ သဒ္ဓယူသည်၊ နတ်လူငြိမ်းဘို့ ကိန်းပါကို။

၂။ သဒ္ဓယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကို၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လူမိုနိဒ္ဒါ၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူဆောင်မြို့ လမ်းပါကို။

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဌာ၊ သုံးသွယ်ဆွနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွှဲမူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဃဝိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် ခန်းမှာကို။

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တဖုံ၊ ပွင့်ချိန်ကိုက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ဗရမေ၊ ပလွင်ဗေဒူထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မညည်းကြည်ဖြူ။ နေတော်မူလျက်၊ ရန်မြ။

ခပင်း၊ အာမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်း
ပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံး
ကျော်သည်၊ သုံးဘော်လူတို့ ငြမ်းပါကို။

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား
၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟာတသောင်း၊ တိုက်
အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊
ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊
ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောတော်ကြားသည်၊
တရားနတ်စည်၊ ရွှမ်းတယ်ကို။

တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊
တသောင်းတိုက်ဝယ်၊ ကျတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊
သတ္တဝါကို၊ ခေမာဆောင်သို့၊ ဖေါင်ကူးတို့ဖြင့်၊
ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်
ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သင်္ကရာဇ်
ဝယ်၊ နယ်မလွှာတိုင်း၊ စံနှီးမယုတ်၊ ကုသိုလ်နွှာရုံ၊
အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်း
မြေ့နိုဗ္ဗာ။ စံတော်မူသည်၊ ဝွန်ဆူသောင်းလုံး ကျော်
တယ်ကို။

နိုဗ္ဗာစံပြီ၊ ရွှမအိုသား၊ သိဂီရွှေလျှော်၊ အလောင်း
တော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့
ဝယ်၊ ခိုးငှဲ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စော
ညာဏ်စက်၊ ဓိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊
မီးပူဇော်သည်၊ မွှေတော်ရှစ်စိတ် ကြွင်းတယ်ကို။



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဗုဒ္ဓဂုဏဓဝဇ်

“ ဘုရားအလောင်းသုမေဓါဗျာဒိတ်ခံကြား ”

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် တုံးကဆမှတ်သားခြင်းငှါ မတတ်ရာသော မဟာကပ်အပေါင်းတွင် ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို ဖူးမြင်တွေ့ကြုံတရားတော်ကို ကြားနာရပြီးနောက်၊ ပေါရာဏသက္ကာ အစရှိသော သုံးသိန်း၊ ရှစ်သောင်း၊ ခုနှစ်ထောင်ကုန်သော ဘုရားရှင်တို့နှင့်တွေ့ကြုံ ဖူးမြင်ရပြန်လျှင်လည်း၊ ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်လျက်၊ တရားတော်ကိုနာရရှု၊ နောင်သောအခါ ငါလည်း ထို သွင်လူတွင် ထင်ရှား ၊ဘုရားစင်စစ်ဖြစ်ရစေတော့ဟု မနောခိုင်ပြီး၊ ဆုကြိုးကိုပန်ဆင်ကာ၊ ဆယ်ဖြာပါရမီ၊ ငါးလီသော ပရိစာဂတို့ကို

ဖြည့်ကျင့်တော်မူခဲ့၍၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်းထက်၌ပင့်
ကုန်သောနှစ်ကျိပ်ခုနှစ်ဆူကုန်သော ဘုရားရှင်တို့တွင် ဒီပင်္ကရာ
မြတ်စွာဘုရား လက်ထက်တော်၌၊ သုမေဓာရသေ့ဖြစ်၍၊ နိယ
တဗျာဒိတ်ကိုခံယူလေ၏၊ ထိုနောက်မှ ပါရမီအပေါင်းကို ဖြည့်
တော်မူလျက်၊ ဤဘဒ္ဒကမ္ဘာဝယ် မဟာသမ္မတမင်း တကြိမ်
မန္ဓာတ်မင်း၊ မဂ္ဃဒေဝမင်း၊ နေမိမင်း၊ တေမိမင်း၊ သိဝရာဇ်
မင်း၊ စန္ဒကုမာရမင်း၊ မဟာဂေါဝိန္ဒပုရောဟိတ်ပုဏ္ဏား၊ အာက
တ္တိရသေ့၊ သခ်ပုဏ္ဏား၊ ဓနဥ္ဇယမင်း၊ သသပဏ္ဍိဘ-ယုန်ပညာရှိ
သီလဇဝနာဂ-သီလရှိသော ဆင်မင်း၊ ဘူရိဒတ် နဂါးမင်း၊
စမ္မေယျ နဂါးမင်း၊ စူဠဇေဝခံ ပုဏ္ဏား၊ မဟိံသရာဇ-ကျွဲမင်း၊
ရုရုမိဂရာဇ-ဆတ်မင်း၊ မာတင်္ဂရသေ့-ဓမ္မဒေဝ-ဓမ္မနတ်၊ ဇယဒိ
သမင်း၊သခ်ပါလနဂါးမင်း၊ ဓနဥ္ဇယမင်းသား၊သောမနဿမင်း
သား၊ အယောဃရမင်းသား၊ ဇသောဓရသတ္တိသား၊ ကပိရာဇ-
မျောက်မင်း၊ သစ္စရသေ့၊ ဝဋ္ဋပေါကဉ်းငယ်၊ မစ္ဆရာဇငါးမင်း
ကဏ္ဍာဒီပါယနရသေ့၊ မဟာသုတသောမမင်း၊ သုဝဏ္ဏသာမ
ဆတို့သား၊ ကေရာဇမင်း၊ မဟာလောမဟံသ ပုဂ္ဂိုလ်မြတ်
တကြိမ် အားဖြင့် သုံးဆယ့်ငါးဇာတ် ဖြစ်တော်မူပြီး နောက်၊
ဒဝဿန္တရာမင်းဖြစ်တော်မူလေ၏။

" သေတင်းကတုဘုရားလေ၁င်းနတ်သ၁းစုတေခင်္ဂး "

ဝေဿန္တရာမင်းအဖြစ်မှစုတေလေသော်၊ တုသိတာနတ်ပြည်ဝယ်၊ သေဘင်းကေတုနတ်မင်းဖြစ်တော်မူ၏၊ အနှစ်တထောင်ကပင်၊ လူတွင်ထင်ရှား၊ ဘုရားပွင့်လတ္တံ့ ဟူသော်ပုဒ္ဓကောလာဟလဖြစ်လေသော်၊ သိကြား၊ နတ်၊ ဗြဟ္မာအပေါင်းတို့သည်၊ အမြ၁ာင်းတော်နတ်သ၁းအား၁ဘုရားဖြစ်ချိန်တန်ပါပြီလူ့ပြည်သို့သွား၍ ဘုရားဖြစ်ဘော်မူပါဟု ၁တာင်းပန်ကြကုန်၏၊ အလောင်းဒတော် နတ်သ၁းလည်း၊ ဘုရားဖြစ်ထိုက်သောကာလ၊ဒီပ၊ အရပ်၊ အမျိုး အနွယ် မယ်တော်တို့၏ အသက်အပိုင်းအခြား၊ တည်းဟူသော ကြည့်ခြင်းကြီး၀ါး၀ါးဖြင့် ကြည့်လတ်သော်၊ လူတို့အသက်တရာရှည်သော သက်တမ်းဖြစ်၍၊ ဇမ္ဗူဒီပါကျွန်း၊မဇ္ဈိမဒေသ၌ မဟာသမ္မတမင်းမျိုးမှ သက်ဆင်းသော သက္ကတိုင်း ကပိလ၀တ်ပြည်ရှင် ဘုရင်သုဒ္ဓါဓန မင်းကြီး၏ မိဘုရား၊ခေါင်တောင်ညာစံဒေ၀ီ သီရိမဟာမာယာ မိဘုရားကြီးသည်ဆယ်လ ခုနစ်ရက်သာ အသက်ရှည်တော့မည်ဟု မြင်၍ နတ်ပြည်မှ စုတေပြီးသော်၊ သီရိမဟာမာယာဒေ၀ီ၏ ဝမ်း၌စံလမ်း သန္ဓေ တည်နေ ကိန်း၁အောင်းတော်မူ၏။

။ ဒုတိယပုဒ်ကို ပြီးပါပြီ။ နိဂုံးချုပ်ကြောင်း ဖော်ပြခြင်း



မယ်တော် မာယာဒေဝီ မိဘနားကြီး အိပ်မက်ခင်း။

" မယ်တော်မာယာဒေဝီမိဘုရားကြီးအိပ်မက်ခင်း "

ယင်းသို့သဒ္ဓေစံနေတော်မူသျှင် မြေ ရေအစပါဝင်းသည် ဆတ်ဆတ်ခါတုန်လှုပ်ကုန်၏၊ မြစ်ရေတို့သည်စီးခြင်း မရှိရပ်၏ သစ်ပင် ပန်းပင် တို့သည်သီးကုန် ပွင့်ကုန်၏၊ ကောင်းကင် ရတနာတို့သည် အရောင်ထွက်ကုန်၏၊ စောင်း၊ ညှင်း၊ ပတ်တာ၊ တူရိယာတို့သည် မတီး မမှုတ်ဘဲ မြည်ကုန်၏၊ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာရှိသူတို့သည် ကျန်းမာကုန်၏၊ ငရဲဘုံ၌ မီးဟုန် အပူသည်ငြိမ်း၏၊ လူ့ပြည်မှနေ၍ နတ်ပြည်၊ ဗြဟ္မာဘုံ၊ ငရဲကြီး ရှစ်ထပ်ကို အကုန် အစင် မြင်နိုင်၏၊ သတ္တဝါတို့ သေခြင်း သန္ဓေယူခြင်း၊ ဖွားမြင်ခြင်း မရှိကုန်၊ ဤသို့ စသော သုံးဆယ့် နှစ်ပါးသော ပုဗ္ဗနိမိတ်တို့သည် ထင်ကုန်၏၊ မယ်တော်၌ ကြီးစွာသော အိပ်မက်မြင်၏။

အိပ်မုက်ကား စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည်၊ မိဘုရားကို အိပ်ရာသလွန်နှင့်တကွချီ၍ ဟိမဝန္တာသို့ ဆောင်ပြီးလျှင် ဆေး ဒန်း မြင်း သီလာ ကျောက်ဖျာ၏ အပြင်၊ အင်ကြင်းပင်ကြီး၏ အောက်၌ ချထားကြကုန်၏၊ ထိုအခါ နတ်မိဘုရား လေးဦးတို့သည် လာကုန်၍ သီတာ နဝတတ်ရေ ဖြင့်ချိုးပြီးလျှင် နတ်တို့၏ ပန်းနံ့သာ တန်ဆာကို ဆင်ယင်လျက် ငွေတောင် ထွတ်ထက်ရှိသော ရွှေပိမာန်သို့ ခဆောင်၍ အိပ်စေပြန်၏၊ ထိုအခါငွေသာ ခွါတောင်ကဲ့ သို့ဖြူးဖြူးဖြူသောဆင်ပြောင်ရတနာသည် မြောက်အရပ်မှ လာ၍၊ မိဘုရား၏လက်ျာနံပါးကိုဖွင့်လှစ်ပြီးသော်ဝင်သည်ဟုမြင်မက်တော်မူ၏။

။းယာင်္ဂါငှက်ဒဒွဂ်ြိုးငဂိ ။ဒွငလဓးထဖင



ဟိမဝန္တာတောင်

မှတ်စာဘုရား၏ဇာတာနွင်ဟော



တက္ကသိုလ်ပြည်

အာဠဝီပြည်

ပုဗ္ဗဝိဒေဟကျောင်း

ဇေတဝန်ကျောင်း

သာဝတ္ထိပြည်

ကောသလတိုင်း

ဒေဝဒဟပြည်

ပါဝါပြည်

မလ္လာတိုင်း

ကုသိနာရုံပြည်

လုမ္ဗိနီဥယျာဉ်

သက္ကတိုင်း

နိဂြောဓာရုံကျောင်း

ကပိလဝတ်

မြောက်

အနောက်

ရှေ့

တောင်

ဝေသာလီပြည်

မဟာဝုန်တော

ဥရုဝေလတော

ဟိဠဒ္ဒဝတီပြည်

မိဂဒါဝုန်ဥယျာဉ်

ဗာရာဏသီပြည်

အနုပိယသရက်တော

ကာသိတိုင်း

ဂယာသီသ

ဝေဠုဝန်ကျောင်း

ရာဇဂြိုလ်ပြည်

ဗုဒ္ဓဂယာ

နေရဉ္ဇရာမြစ်

စမ္ပာနဂရီပြည်

လောသိတာရုံကျောင်း

ကောသမ္ဗီပြည်

မဇ္ဈိမဒေသနယ်ပုံတော်

သုဏားရှင်၏ ဗုဒ္ဓတော်ရာ ခရီးပုံနှင့် ဇာတာတော်

" ဘုရားသောင်းဖွားမြင်တော်မူခဏ် "

အလောင်းတော်မြတ် သန္ဓေယူတော်မူ၍ ဆယ်လစေ့သော်၊ မာယာဒေဝီသည်၊ မယ်တော် ခမည်းတော်တို့၏နေရာ ဒေဝဒဟပြည်သို့ သွားလိုသော ဆန္ဒဖြစ်၍ စစ်အင်္ဂါ လေးပါး ဝန်းရံလျက် ရွှေထမ်းစင်ဖြင့် ထွက်တော်မူရာ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည် ရှိယူဇနာခရီး အကြား၌ သာယာပွင့်လန်းသော လုမ္ဗိနီအင်ကြင်းတောသို့ ရောက်လေသော် ပျော်ရွှင်ဝင်နား ကစား မြူးတူးလိုသော နှလုံးတော်ရှိလှ၍ အင်ကြင်းပင်အောက်သို့ ဝင်တော်မူ၏၊ မင်္ဂလာရှိသော အင်ကြင်းပင်ကြီး၏ အခက်သည် ညွတ်လျက်ခံလေ၏၊ ထိုမင်္ဂလာ အင်ကြင်းခက်ကို ရပ်လျက် လှမ်းတော်မူလျှင် စကြံဝဠာ တနေသာင်းသည့် ကောင်းချီး ပေးသကဲ့သို့ ဒေး ဒေး ကြည်ကြည် ကြူးမြည်ရိုက်ဟီး လျက် မြေကြီး တုန်လှုပ်ခြင်း၊ ညကွာပျံငြီး၊ မီးရှူးရောင်ဝေ လ နေ ကြယ်စုံထွက်၍ တပြိုင်နက်ထွန်းလင်းခြင်း အစရှိသော သုံးဆယ့်နှစ်သွယ်သော နိမိတ်တို့သည် ထင်စွာပြလျက် ကမ္ဘာလေလှုပ် လတ်သော် ထိုအင်ကြင်းပင် အပေါ်းတွင်ပင် အထိမ်းအမ တို့သည် တင်း တိမ်ကာရံ ခယလျက် မစပြုပြင်ကုန်စည် သန့်စင်လှန်ကဲ ပုလဲမှည့်ရတနာသည် အာကာတိမ်ညွှန့်မှ ငြိး ကွန့်ထွက်ဆင်း သကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ လက္ခဏာ ကြီး ငယ်နှင့် ပြည့်စုံသော အလောင်းတော် မင်းသားကို သက္ကရာဇ် ၆၈-ခု၊ ဥတုဂိမှန္တ၊ ကဆုန်လပြည့် သောကြာဖန့် နံနက်တချက် တီး အချိန် ဝိသာခါနက္ခနှင့် ယှဉ်လျက် ဘွားမြင်တော်မူ၏၊ ထိုသို့ ဘွားမြင်သောအခါ ကောင်းကင်ပြင်မှ ရေယာဉ်နှစ်

သဲ့ယ်တို့သည် ကြဉ်လင်ချမ်းမြစ်ဝ ဝေဒနာ မရှိဧခြင်းငှာ သက်ဆင်းသွန်းဖျန်းလာကုန်၏၊ ဗြဟ္မာကြီးတို့သည် ရတနာ ခွေကွန်ရက်တို့ဖြင့် စတုမဟာရာဇ်နတ်မင်းကြီးတို့သည် နှုတ်ခွတ် ချောမြဲသော သစ်နက်ခွေဖြင့် လူမင်းသားတို့သည် အတိုး အတိုင်း မသိသောဘဲဖြစ်။ ဥဆိုးဖြင့် ခံကြကုန်၏၊ ထိုးဖြစ်။ အုပ် ကာ လျက်၊ သန်လျက်။ ခြေနင်း၊ သင်းကျစ် ခဲ့ကုန်လျက် ပူ ဇော်ကြကုန်၏။ အလောင်း မင်းမြတ်လည်း အရှေ့အရပ်မှ မြောက်သို့ လှည့်တော်မူလျက်။ ခုနစ်ဘဝါးသွား၍ မတ်မတ် ရပ်ပြီးသော်။

လောကဌ် ငါသည် အမြတ်ဆုံး
လောကဌ် ငါသည် အကြီးဆုံး
လောကဌ် ငါနှင့်တူသူမရှိ အသဒိသပုဂ္ဂိုလ်တည်း။

ဟူ၍ သုံးခွန်းသော စကားဖြင့် ကြုံးဝါးတော်မူ၏။ ထိုသို့ သွားစဉ် အလောင်းမင်းသားသည် ဝတ်စားဆင်ယင်လျက် ၁၆ နှစ်ရွယ်ဖြင့် သွားသကဲ့သို့မြင်ကြရကုန်၏။

ဘုရားလောင်းဘွားသည်နှင့်တပြိုင်နက် "ကာဠ။ ယ သော်၊ ညီတော်ဆန္ဒ။ ကဏ္ဍက။ သောဏ္ဍာ၊ ဗုဒ္ဓဧဟ" ဟူသော ဘွားဘက်တော် ခုနစ်ပါးတို့ ဘွားမြင်ကြကုန်၏။ ဒေဝဒဟပြည် သုပ္ပဗုဒ္ဓမင်း၏ အမိတော်မာ မိဘုရားတွင် ဘဒ္ဒကစ္စနာ ယသော်ဓ ရာမင်းသမီးကိုဘွား၏။ ဆန္နအမတ်၊ ကာဠုဒဲယ်အမတ်။ ကဏ္ဍ ကမြင်း တို့ဘွားကုန်၏၊ ဓဏ္ဍိမဒေသ အလယ်ဈေးတော်၌ ကြက် သရေအထူးရှိလှသော မဟာဗောဓိညောင် ဗုဒ္ဓဟေ ပါက်၏ ရှေနှင်းတော်အတွင်းဝယ် ရွှေအိုးကြီးလေးလုံးပေါ်၏။

“ ဘုရားလောင်းအားခမည်းတော်မင်းကြီးပဌမအကြိမ်
ကန်တော့ခဏ်း ”

ထိုသို့ ဘွားမြင်တော်မူသောအခါ သုန္ဒောဒနမင်းကြီး၏ ဆရာသမာပတ်ရှစ်ပါးကိုရသော ကာဠဒေဝိလ ရသေ့သည်နေ့သန့်ခြင်းငှါ တာဝတိံသာနတ်ပြည်သို့ ကြွလည်လေသော် နတ်အပေါင်းတို့သည် လူ့ပြည်ဘုရင် သုန္ဒောဒနမင်းကြီးဝယ်ဘုရားလောင်း သားကောင်း ရတနာကိုရပေသည်။ ထိုမင်းသားဘုရားဖြစ်သောအခါဖူးရတော့မည်။ တရားတော်ကိုနာရပေတော့မည်ဟု ကြွေးကြော်ရှင်ပြသည်ကို။ ကာဠဒေဝိလ ရသေ့ ကြားသိရသဖြင့် အားရဝမ်းသာစွာ သုန္ဒောဒနမင်းကြီး နှုန်းတော်သို့ ကြွရောက်လာပြီးလျှင် မင်းကြီးအား သားကောင်းရတနာရသည်ကို ရှုမြင်လိုသည်ဆိုသော် သားတော်ကို ယူဆောင်ခဲ့စေ၍ ရသေ့အား ရှိခိုးစိမ့်သောငှါ လက်နှစ်ဘက်ကို ယှက်စေသော် အလောင်းမင်းသား၏ ဘဝါးတော်အစုံသည် လျှပ်စစ်ကဲ့သို့ ပြန်တက်၍ ရသေ့၏ ဦးထိပ်ပြင်ထက်၌ တည်လေ၏။ ဤသို့အံ့ဘွယ်သရဲထူးကဲစွာကိုမြင်လျှင်။ ရှင်ရသေ့လည်းထ၍ ညှတ်ကျိုးရှိခိုးဦးတိုက်၏။ ဘခင် မင်းတရားလည်း သားတော်မြတ်ကို တုံ့ဝပ်ရိုကျိုး ရှိခိုးလေသတည်း။ ရှင်ရသေ့လည်း ဘုရားလောင်း၏လက္ခဏာကြီး ငယ်ကိုမြင်လျှင် သုံးဆယ့်ငါးနှစ် အရွယ်တိုင်ကဘုရားဖြစ်လတ္တံ့ သောသူမြတ်ကို ယခုဖူးတွေ့ရပေသည်ဟု ရှင်ကြည်သောနှလုံးဖြင့် ပြုံးရယ်တော်မူ၏။ ဤမင်းသား ဘုရားဖြစ်သည့်တိုင်အောင် မနေရဘဲ စုတေအံ့သော မိမိက ကြမ္မာကို ဝမ်းနည်း၍ရှင်ရသေ့သည်၊ သည်းစွာငိုပြန်၏။

"ကင်ပွန်းဥကင်တော် မင်္ဂလာပြုခဏ်း"

အလောင်းမင်းသားကို ဘွဲ့မြင်တော်မူ၍ ငါးရက် မြောက်သော် အမည် မှည့်အံ့သောငှါ နံ့သာ ရေစင်ဖြင့် ခုနစ်ကြိမ်ချိုး၍ ကိုးပါးသော ရတနာအစုထက်၌ နေစေလျက် ဗေဒင်သုံးကျမ်း တဘက်ကမ်းရောက် တတ် မြောက် သော ပုဏ္ဏား တရာ့ရှစ်ယောက်ကို မင်းသား၏ လက္ခဏာ တော်ကို စစ်ဆေးစေတော်မူ၏။ ခုနစ်ယောက်သော ပုဏ္ဏား တို့သည် လက်နှစ်ချောင်းကို မြောက်၍ အရှင် သားသည် စကြာမင်း သော်၎င်း၊ ဘုရားသော်၎င်း ဖြစ်လတ္တံ့ဟု လျှောက်ကြကုန်၏ သုဒတ္တပုဏ္ဏားငယ်မူကား အရှင်သားသည် သုံးဆယ့်နှစ်ပါး သော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ အံ့ဘွယ်တဆယ့်နှစ်ချက်၊ တရာ့ရှစ်ကွက်သော စက်တော်ဒုစုံ ဖြင့် ပြည့်စုံပါပေသည်။ ဘုရားစင်စစ် ကောန္ဒဖြစ်လိမ့်မည်။ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်လေးပါးမြင်ဘိ၍ သတိသံဝေဂရသဖြင့်၊ မုချတောထွက်ပါလိမ့်မည်ဟု လက်ညှိုး တချောင်းသာ မြောက်၍ လျှောက်ကြ၏။ မင်းသားအမည် နာမတော်ကို ရွေးချယ်ကြကုန်သော် အလုံးစုံသော၊ လူနတ် တို့၏အလိုကို ပြီးငြိမ်းစေနိုင်မည် ဖြစ်သောကြောင့် သိဒ္ဓတ္ထ ကုမာရဟူ၍ မှည့်ကုန်၏။ မင်းကြီးလည်း သားတော် စကြာမင်း ဖြစ်မည်ကိုသာ အလိုရှိသဖြင့် သံဝေဂရခြင်း ကင်းအောင် ပြည်တွင်းပြည်ပ တဂါဝုတ်လောက်သော အရပ်ဒွဒသ၌ စည်း ကြပ်စောင့်ရှောက်စေ၍ သူအို၊ သူနာ၊ သူသေ၊ ရဟန်းအသွင်ကို မြင်ရမည်ကို မဆိုထား၊ ဘီ၊ သတင်းစကားမျှ မကြားရအောင် စီမံအားထုတ်တော်မူသတည်း။

" မယ်တော်မာယာ နတ်ရွာစံခဏ်း "

အလောင်းတော်မင်းသား ဘွားတော်မူ၍ ခုနစ်ရက် မြောက်သောနေ့ဝယ် မယ်တော် သီရိမဟာ မာယာဒေဝီသည် အိပ်ပျော်သော ယောကျ်ားကဲ့သို့ များစွာ ဝေဒနာ မရှိဘဲ စုတေခဲ့ပြီးသော် ဘုရားမယ်တော်တို့၏ ဖြစ်ရာ တုသိတာနတ် ပြည်ဝယ် သန္တုသိတနတ်မင်းဖြစ်၏။

မယ်တော် နတ်ပြည် စံခဲ့သော် မိထွေးတော် ဖြစ်သော မဟာပဇာပတိဂေါတမီ မိဘုရားသည် သားတော် နန္ဒမင်းသား ကို နို့ထိန်းတို့အား အပ်နှင်း၍ ဘုရားလောင်း မင်းသားကို မိထွေးတော်ကိုယ်တိုင် နို့တိုက်၍မွေးမြူတော်မူ၏။

" လယ်ထွန်မင်္ဂလာပွဲ၌ ခမည်းတော်သည် ဘုရားလောင်းအား ဒုတိယ အကြိမ် ကန်တော့ပုံ "

ဘုရားလောင်းသိဒ္ဓတ်မင်းသားကို ဘွား၍ ဘလေမြောက် သောအခါ ခမည်းတော် မင်းတရားသည် မှူးမတ်ဗိုလ်ပါ အခြံ အရံဖြင့် လယ်ထွန်မင်္ဂလာထွက် စံ စပွာယ်တော်မူ၏။ ထိုအရပ်၌ ကြီးစွာသော ဇမ္ဗုသပြေပင်ရိပ်ရင်းဝယ် ခင်းကျင်းကာရံ စီမံ အပ်သော နေရာမြတ်၌ အလောင်းတော် မင်းသားအား ထား အပ်ပေ၏။ အထိန်းအယ မိန်းမတို့သည် မင်းကြီး၏ လယ်ထွန် မင်္ဂလာကို ရှုမျှော်လျက် မေ့လျော့၍နေစဉ်တွင် အလောင်းမင်း သည် သိပ်ထားသောနေရာထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်တော် ပြီးသော် အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းသဖြင့် ပဌမဈာန်

ကို ဝင်စား တော်မူ၏။ ထိုအခါ အလောင်းမင်းသား၏ အာနုဘော်ကြောင့် ဇမ္မူသပြေပင်ရိပ်သည် နံက်ကာလမှစ၍ ညနေမှန်းစောင်းသည်တိုင်အောင် မပြောင်းမယွင်းဘဲ ထီးဝန်းအုပ်သကဲ့သို့ တည်၏။ ခို့ ထိန်းမိန်းမတို့သည် သတိရသဖြင့် တင်းတိမ်တွင်းသို့ဝင်၍ ကြည့်ရှုကြသော် အလောင်းမင်းသား၏ သမာပတ်ဝင်နေသော အချင်းအရာကို မြင်ကြကုန်သော် အလျှင်တဆော သုဒ္ဓေါဒနမင်းကြီးအား လျှောက်ထားကြကုန်၏။ မင်းကြီးလည်း သားတော်မြတ်၏ အချင်းအရာကို ရှုမြင်သဖြင့် ရှင်ကြည်ညှတ်တုပ် လက်အုပ်ချီမိုး၍ ရှိခိုးပူဇော်တော်မူ၏။ ဤကား နှစ်ကြိမ်မြောက်သော ခမည်းတော်၏ ရှိခိုးခြင်းပင်တည်း။

" သိဒ္ဓတ်မင်းသား ရွှေနန်းစည်းစိမ်ခံစားပုံ "

ဘုရားလောင်းသည် ခုနစ်နှစ်ရှယ်သို့ ရောက်လတ်သော် ရေပွဲသဘင် ပျော်ရွှင်စေခြင်းအလို့ငှါ ခမည်းတော်မြတ်သည် လှပတင့်တယ် ကြီးကျယ်သော ရေကန် စီမံကြလေကုန်ဟု စေတော်မူ၏။ ထိုအခါ သီကြားမင်းနေရာ ပဏ္ဍုကမ္ဗလာသည် တင်းမာသဖြင့် အကြောင်းကိုရှုလေသော် ဘုရားလောင်းမင်းသားပျော်ပါးရန် ရေကန်ပြုလိုခြင်းကို သိ၍ ဝိသုကြံနတ်သားအား ညွှတ်ချင်းဘန်ဆင်းချေဟု စေတော်မူ၏။

ဝိသုကြံနတ်သားလည်း မြို့လေးမျက်နှာ၌သင့်တော်ရာရစ်၊ ပုလဲရစ်၊ ဥဿဘယားရစ်၊ ပတ္တမြားရစ်၊ ကြောင်မျက်ရွဲရစ်၊ ဝံသဝဏ်ရစ်တို့ဖြင့် ခုနစ်ကန့်တန့်လျက် ကြာမျိုးခုနစ်ပါးရှိသော ရေကန်နှင့်တကွ ရတနာခုနစ်ပါး အတိဖြစ်သော လှေ၊ ဘောင်၊ ကတ်တ။

။ဖြစ်စေနိုင်သောကြောင့် ဂုဏ်ရှိမှု ကိုထားထိ ပြုထိစေ ။ငေးဒုဂ ။ဒွင်လေး။ဖြင့်

သရဂူ၊သမ္မာန်တို့ကို ဖန်ဆင်းထားခဲ့လေ၏။ နံနက်လင်းကာလ မင်းကြီးနှင့်တကွ တိုင်းသူပြည်သား အပေါင်းတို့သည့် အလောင်းတော်မင်းသား ဘုန်းကံကြောင့် နတ်ဖန်ပေးလာသည်ဟု အံ့သြချီးပကြကုန်၏။ တဆယ့်ခြောက်နှစ် အရွယ်သို့ရောက်သော် ဘေးတော်ဘိုးတော် အဆက်တို့ တကြိမ်တရံမျှ မစံစားစဘူး ထူးမြတ်လှသော ကာလ သုံးစု၊ နွေဥတု၊ မိုးဏ်းဥတု၊ ဆောင်းဥတု၊ အသီးသီးနှင့်လျော်သော ရမ္မ-သုရမ္မ-သုဘ အာမည် ရှိသော စံနန်းပြဿဒ်သုံးဆောင် တည်ထောင်ဆောက်လုပ်၍ နှင်းအပ်တော်မူ၏။ ရမ္မ ရွှေနန်းကား ဘုံငါးဆင့်ရှိ၏။ သုရမ္မ မြေနန်း ကားဘုံ ခုနစ်ဆင့်ရှိ၏။ သုဘရွှေနန်း ကား ဘုံကိုးဆင့် ရှိ၏။

"ဘုရားလောင်းဘုဒ္ဓကဥ္စနာမင်းသမီးနှင့်လက်ထပ်မင်္ဂလာပြုပုံ"

အလောင်းတော်မြတ်အား ရွှေနန်းမသုံးဆောင်ကို အပ်နှင်းတော်မူပြီးသော် သုဒ္ဓေါဒနမင်းသည် ဆွေတော်မျိုးတော်တို့ထံသို့ သားတော်နှင့် စုံဘက် ထိမ်းမြားတော်မူရန် သမီးရတနာ ပို့ဆက်လာပါမည့် အကြောင်းနှင့် ရာဇသံရွှေပေ စေလွှတ်တော်မူ၏။ ထိုအခါဆွေတော် မျိုးတော်တို့သည်လည်း သိဒ္ဓတ်မင်းသားကား ဘုရားဖြစ်လတ္တံ့ဟု ပုဏ္ဏားတို့ မြွောက်စားသော စကားဖြင့် ဂုဏ်မာန်တက်၍ မည်သည့်အတတ်ကိုမှ မသင်မကြား၊ ကိုးစားဘွယ်ရာ တဆယ့်ရှစ်ရပ်သော အတတ်ပညာတခုမျှမတတ်ခဲ့၊ အဆင်းအဝါလှပ၍၊ ပညာကင်းရကား ပြည်ထောင်ချင်း မင်းတို့ ရန်မူလာက လဝါဂွမ်းကဲ့သို့ လွင့်ဘို့ရာသာ ဖြစ်ချေသည်၊ ငါတို့ရင်သွေးကို ပေး၍ မလျော်ဟုဆိုကြ

ကုန်၏၊ ဒီစကားကို မင်းကြီးကြားသော် သားတော်အား တဆယ့်ရှစ်ရပ်သော အဟတ်ကို သင်စိမ့်သောငှာ တိုက်တွန်းတော်မူ၏၊ သားတော်သင်ဘွယ်မရှိပါ၊ ပဋိသန္ဓေကပင်လျှင် တတ်မြောက်ပြီးပါသည်။ ရှုလိုသည့် အတတ်ကို ပြပါမည်ဟု အလောင်းမင်းလျှောက်လေသော်၊ မင်းခင်ပြင်ဝယ် ကြီးကျယ်သော တလင်းမင်းကွန်းကိုပြုပြီးလျှင် ဗိုတထောင်တင်မှ ရသော လေးတော်ကို အပ်စေ၏။

အလောင်းတော်မင်းသားသည် ကျော်ဇောသော လေးသမားတို့ကို စည်းဝေးစေပြီးသော်၊ ပတ္တမြားချပ်မိန်ညို၊ မျဉ်းတို့ မျဉ်းရှည်တို့ကို ဝတ်၍၊ နဝရတ်ကိုးပါး သင်းကျစ် မကိုင်ကို ဆင်လျက်၊ သားချို လေးဝယ် သန္ဓာအဆင်းရှိသော ညို၊ ဖြင့်ဖွဲ့ပြီးမှ မြအဆင်းကဲ့သို့သော တောင့်ကိုလွယ်ပြီးသော် ပရိသတ်အလယ်၌ တင့်တယ်စွာ ရပ်တော်မူ၏၊ လေးသမားကြီး တို့ကို လေးမျက်နှာက နေစေလျက် မြားကမ်းသူနှင့် တကွသုံးသောင်းမျှသော မြားတို့ကို မင်းသားထံ ပစ်လွှတ်စေသည်၊ လာသမျှသောမြားတို့ကို အလောင်း မင်းသားသည် ဝဇီရစိန် စည်းသွားတပ်သော မြားတစင်းဖြင့်သာ ဆီး ကာ ပုတ်ခတ်၍ ကျစေ၏ ထိုနောက် စီစီကဲထားသော ငှက်ပျောပင်တို့ကို တကြိမ်တည်း ပစ်အပ်သော မြားဖြင့် အားလုံးမှန်စေပြီးမှ လက်တွင်းသို့ မြားပြန်ရောက်လာသော စက္ကဝေမိအတတ်၊ လျှပ်တပြက်တွင်အချက်အသောင်း၊ အသိန်းပစ်ခြင်းဟူသောအက္ခဝေမိအတတ်၊ သားမြီး မွေး မှင်ကို ထက်ဝက်ထွင်းအောင် ပစ်ခြင်းဟူသော ဝါလဝေမိအတတ်၊ ရှေ့ပစ်သောမြားကို နောက်မြားဖြင့်မှန်အောင် ပစ်ခြင်း ဟူသော သရဝေမိအတတ်၊ မမြင်ဘဲ အသံနားထောင်၍ မှန်အောင်ပစ်ခြင်း ဟူသော သဒ္ဒဝေမိအတတ် စသော မြားရေး

ကြီးများနှင့် မြားရေးငယ် တဆယ့်နှစ်ရပ်ကိုရင်း ပြတော်မူ၏၊ ထိုအခါ မင်းညီမင်းသား ပုဏ္ဏား သူဌေးစသော ဇရိသတ် တို့သည် ရင်ပတ်လက်သီး စသော အသံသည် တော်ပဲ့ဘင်ဟီးလျက် မြေကြီးတုန်ဘနန်းရှိလေ၏။

အလောင်း မင်းသားသည် လေးအတတ် အမျိုးမျိုးကို ပြတော်မူပြီးနောက် ဆင်စီး၊ မြင်းစီး၊ ဓါးတင်ခေးငင်၊ လှံထိုး အစရှိသော အတတ်မျိုးစုံကိုလည်း ပြတော်မူ၏၊ မင်းအဆက်ဆက် လေ့ကျက်နိုင်မည် မဆိုထားဘိ ကြားမျှ မကြားစဘူး၊ ထူးမြတ်လှန်ကဲ အံ့အဲချီးမှမ်း၍မကုန်၊ တစုံတယောက်မျှ ပြိုင်တူဘက်ယှဉ်ခြင်းငှါ မတတ်နိုင်သော အတတ်အပေါင်းကို ဆည်တော်ရှစ်သောင်း မျိုးတော်ပေါင်းတို့ အလယ်၌ ပြတော်မူ၏၊ ပြည်သူအပေါင်းတို့သည် ကြည်ရွှင်ဝမ်းမြောက်ကြကုန်၍ ဦးရုပ်မြောက်ခြင်း၊ ပန်းပေါက်ပေါက်ကဲ့ဖြန့်ခြင်း၊ ရင်သပ်လက်သီး ချီးမှမ်းအံ့သြခြင်း အစရှိသည်တို့ဖြင့် ပူဇော်ကုန်၏။ နတ်တို့သည် ပန်းမိုးနှံ့သာမိုးရွာကုန်၏။ ထိုအခါမှဆွေတော်မျိုးတော် အပေါင်းတို့သည် ဦးခေါင်းနှိပ်ချ ချီးပင်ပြောစားလျက်၊ သားကောင်းသမီးကောင်းနှင့်တကွ၊ ပဏ္ဏာတာရတို့ကို ဆက်သလာကုန်သတည်း။

ဒေဝဒဟပြည်ကို အစိုးရသော သုပ္ပဗုဒ္ဓမင်းသည် သမီးတော်ဘဒ္ဒကစ္စနာကိုအထိန်းအယ၊ မိန်းကိုယ်ရုံနှင့်စာကွ၊ ပို့သလေ၏။ "ယသောဓရာပိမ္ဘာဒေဝီ" ဟူသောအမည်ဖြင့် ဘိတ်သိတ်ခံ၍ အဂ္ဂမဟေသီထားတော်မူ၏။ ဤသို့လျှင် အလောင်းတော်မင်းသားသည် ဖခင်နန်းသုံးဆောင်ဝယ်၊ ဥတုအလှည့်အားဖြင့်

ယောက်ျား ကင်းလျက်၊ စောင်း ညင်း ပတ်တာ ခရာ အငြိမ့် အတီး အကတို့ဖြင့် ပျော်စံတော်မူ၍၊ တဆယ့်သုံးနှစ်တိုင်တိုင် စံနေတော်မူ၏။

×　×　×



ဘုရားဓလောင်း နိမိတ်ကြီး ငါးပါး မြင်တော်မူပုံ။

"ဘုရားလောင်း နိမိတ်ကြီး လေးပါးမြင်ပုံ"

အလောင်းတော် သိဒ္ဓတ်မင်းသားသည် သက်တော်နှစ် ဆယ်ရှစ်နှစ်ရောက်သော် ဥယျာဉ်တော်သို့ ကိုးပါးသောနဝရတ် ဖြင့် ချယ်စီအပ်သော ဝေဇယန္တာရထားဝယ် မြင်းလေးစီးကို ကစေ၍ မူးမတ်ဗိုလ်ပါ စစ်အင်္ဂါလေးပါး ခင်းကျင်းလျက် ထွက်တော်မူ၏။ ဥယျာဉ်အနီးသို့ရောက်သောအခါ နတ်တို့သည် ဆီဖြူသားကြွေး သားရေယွင်းယို အိုမင်းစွာသော သူ၏အသွင် ကိုဖန်ဆင်း၍ အလောင်းတော်မင်းသားနှင့် ရထားမှူးသာ မြင် အောင်ပြကုန်၏။ ဘုရားလောင်းသည် ဤသူကဲ့သို့ ငါတို့လည်း အိုရဦးမည်ဟု ဘဝင်တုန်လှုပ် ကြောက်လန့် ပူဆွေးတော်မူ၍ ဥယျာဉ်သို့မဝင်ဘဲ လှည့်၍ ရွှေပြာသာဒ်သို့ ပြန်ဝင်တော်မူ၏။

ထိုနောက် လေးလမြောက်သောအခါ မင်္ဂလာဥယျာဉ် သို့ ထွက်တော်မူပြန်လျှင် ယခင်နတ်တို့ပင် သူနာအဟန်ကို ဖန်ဆင်း၍ ပြပြန်သဖြင့်၊ ဤသူနာကဲ့သို့ မချွတ်နာရဦးမည်ဟု သံဝေဂကြီး ဖြစ်တော်မူပြန်၏။

ထိုနောက် လေးလမြောက်တကြိမ် ထွက်ရာဝယ်၊ ထို နတ်တို့ပင် သူသေအဟန် ဖန်ဆင်း၍ ပြပြန်သဖြင့်၊ မသွေမှုချ တန့်ကျ သေရမည် အမှန်ဟု သံဝေဂရတော်မူပြန်၏။

ထိုနောက် လေးလမြောက် ဓာတ်ကြိမ်ထွက်ပြန်လျှင် ထို နတ်တို့ပင် ရဟန်းအသွင်ဖန်ဆင်း၍ ပြသဖြင့်၊ ရဟန်းတို့ ဂုဏ် ကျေးဇူးကို မေး၍သိရသော် ရဟန်းအဖြစ်၌ ညွတ်သောစိတ် ရှိတော်မူ၍ အလောင်းတော်မင်းသားသည် ဥယျာဉ်တော်သို့ ဝင်တော်မူ၏။

ဘုရားပေါ်ပေါက်တော်မူခြင်းဖြစ်ရာ ဗုဒ္ဓဂယာမြို့ ဗောဓိပင်ကြီးအောက်၌ ဘုရားရှင်သည် ဗောဓိပလ္လင်ခံတော်မူ၏။

ဘုရားလောင်း သားတော် ရာဟုလာကို ကြည့်ပုံ။

ဂုဏ်ထူးဆောင်ဘုရားကြီး ဘုရားပွဲတော်ကြီးအတွင်း ကြည်ညိုဖွယ်ရာ ပုံတော်ကြီးများ

" တောထွက်တော်မူသော ဘုရားလောင်းဘား မာရ်နတ်သားတားပုံ"

အလောင်းတော် မင်းသားသည် ဥယျာဉ်သို့ ဝင်တော်မူ၍ မင်္ဂလာ ကျောက်ဖျာထက်ဝယ် စမ္ပာယ်တော် မူခိုက်တွင် ဘဒ္ဒကဉ္စနာ မိဘုရားဝယ် သားတော် မျက်နှာ မြင်ကြောင်း လျှောက်ထား၏။ ကြားသိတော်မူလတ်သော် ဘုရားလောင်းသည် ကျဉ်းကြပ်သောနှလုံးရှိလျှ၍ လမင်းကို ရာဟုဖမ်းဘိသကဲ့သို့ မယားတည်းဟူသော အနှောင်အဖွဲတခုတွင် ယခုသား အနှောင်အဖွဲ ဖြစ်ပြန်ဘိသည်ဟု မိန့်ဆိုတော်မူလိုက်၏။ ထို စကားကို သုဒ္ဓေါဒနမင်းကြီးအား လျှောက်ကြား သံတော်ဦး တင်လတ်သော် မြေးတော်ကို "ရာဟုလာ"ဟု အမည်မှည့် တော်မူ၏။

သိဒ္ဓတ်မင်းသားသည် ထိုနေ့ညချမ်းအခါ ဥယျာဉ်တော်မှ ရွှေနန်းသို့ဝင်တော်မူရာ၊ မင်းလမ်းမဖြင့် ထွက်တော်မူလာ၏။ ထိုမင်းလမ်းတွင် ကြီးစွာသော အိမ်နန်းလေသာမှ ဘုရားလောင်း၏ နှမဖြစ်သော ကိသဂေါတမီမင်းသမီးသည် ဘုရားလောင်း၏ တင့်တယ်ခြင်းကို မြင်တော်မူ၏။

ဘုရားလောင်း၏ တင့်တယ်ခြင်းကို ကိသဂေါတမီ မင်းသမီးမြင်သော် ငြိမ်းချမ်းပေစ၊ ဤသားလှ၏ မိနှင့်ဘ၊ ငြိမ်းချမ်းပေစ၊ ဤမြတ်ရှင်၏ ညာငယ်ကြင်ဟူသော ဥဒါန်းဖြင့် ချီးမွမ်းဆိုလင့်၏။ ထိုစကားကို ဘုရားလောင်းကြားတော်မူလျှင်၊ လူ၏ မြတ်ခြင်းကိုမြင်သဖြင့်၊ မိခင်ဘခင် ငယ်ကြင် မယားတို့အား ငြိမ်းချမ်းခြင်း ဖြစ်၏။ ဆိုသည်မှာ အသို့ဖြစ်နိုင်အံ့နည်း၊ ဒုက္ခ

ခပ်သိမ်း ဓားခပ်သိမ်း ကင်းငြိမ်းမှသာလျှင် ငြိမ်းချမ်းနိုင်ရာသည်ဘကားဟု ဉာဏ်တော်ဖြင့် ဆင်တော်မူ၍၊ ဤသို့ချီးမွမ်းအပ်သော မင်္ဂလာနှင့် မယွင်းငြိမ်းချမ်းခြင်းသဒ္ဓါရှာရအောင် ယခုနည်ပင် လူ့ဘောင်မှထွက်၍ တောနက် မြို့ငှမ်းဝယ် ရဟန်းပြုပြီး၍ နိဗ္ဗာန်ကိုချဉ်းတော့အံ့ဟု အကြံတော်ကြီးဖြစ်၍ လည်ခြင်ဆင်မြန်းသော အဘိုးအတိုင်း မသိထိုက်တန်သော ပုလဲသွယ်ကို ကိသဂေါတမိမင်းသမီးအား ဆောစားပြု၍ ပို့စေတော်မူ၏။ ကိသဂေါတမိမင်းသမီးလည်း ပုလဲသွယ်ရတနာကိုယူ၍ သိဒ္ဓတ်မင်းသည် ငါ့ကို နှစ်သက်တပ်မက်၍သာ လက်ဆောင်ပဏ္ဏာပို့ရောက်လာသည်။ ငါသည် မိဘုရားကြီးဖြစ်ရတော့မည်ဟု စိတ်ကူးလျက် စားမဖြောင့် စက်မပျော်ရှိနေလေ၏။

အလောင်းတော်မင်းသားသည် ရွှေနန်းပြာသာဒ်ထက်၌ ထီးဖြူကနက် ဖြန့်ကျက်ခင်းအပ်သော အသေရေရှိသော မင်းနေရာဝယ် စံတော်မူပြီးလျှင် မြင်ခဲ့သော နိမိတ်တို့ကို ရှေးရှု၍ သံဝေဂဖြစ်လျက်နေ၏။ ကခရျသည်တို့သည် စောင်း၊ ညှင်း၊ ပတ်သာ၊ တူရိယာတို့ဖြင့် သီကမ္ဘုတ်တီးလျက် မငြီးမငွေ့ ကြောင်းကောင်းစွာ ဖျော်ဖြေကုန်၏။ ထိုခဏ၌ပင် ဘုရားအလောင်းသည် စက်တော်မူ၏။ ညဉီးယံလွန်သော် နိုးတော်မူ၍ နဝရတ်ကိုးပါးဖြင့် စီအပ်သော သာလွန်တော်မှ ထတော်မူပြီးသော် အိပ်ပျော်လျက် ရှိနေကြကုန်သော ကချသည်တို့ကို ကြည့်တော်မူပြီးလျှင်၊ အချို့ကား ဟောက်လျက်၊ အချို့ကား ယောင်ယမ်းလျက်၊ အချို့ကား အံသွားကြိတ်လျက်၊ အချို့

ကား ခါးဝတ်ကျင်လျက် အိပ်စက်ကြသည်ကိုမြင်သော်၊ မြတ်သော ဆွေနွယ်ဆောင်အပြင် မစင်တင်ပုပ်စက်ဆုပ်ဘွယ်သူကောင်တို့ဖြင့်ပြည့်သော သုသာန်ခွင်ကဲ့သို့ ထင်မှတ်တော်မူ၍ ကာမဂုဏ်၌ အလွန်စက်ဆုပ်ရွံရှာခြင်းဖြင့်လျက်၊ ယခုပင်တောထွက်တော်အံ့ဟု ကြံပြီးသော် ဆန္နအမတ်ကိုနှိုးပြီးလျှင် ကဏ္ဍကမြင်းကို ယခု ကခေျဟူ စေတော်မူ၏။

ဆန္နအမတ်သည် ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူနှစ်သော အဆင်းရှိသော ကဏ္ဍကမြင်းတော်ကိုကလေသော်၊ မြင်းတော်သည် အားသန်ရှင်လန်းစွာ ဟဒိလေ၏။ ဟဒိသံသည် ကပိလဝတ်ပြည်အလုံးကို လွှမ်းမိုးသွားသော်လည်း နတ်တို့ ပိတ်ပင်သောအားဖြင့် မည်သူတယောက်မျှ မကြားကြကုန်၊ ဘုရားလောင်းမင်းသားလည်း ဖွားမြင်သော ဩဝါးတော် ရာဟုလာကို ရှုရန်သော အကြံတော်ရှိ၏။ ယသောဓရာမိဘုရား စံမြန်းသော ရွှေနန်း ကြက်သရေဆောင်သို့ ဝင်၍ ကြည့်တော်မူလျှင်နှံ့သာဆီမီးရောင်ဖြင့် ထွန်းလင်းလျက်၊ ပန်းတို့ဖြင့် ပြုံမ်းသော ရတနာသာလွန်ဗေါဝယ် သားတော် ရာဟူလာ၏ ထိပ်ထက်၌ လက်ထားလျှစ်ပျော်သော ယသောမိဘုရားကို မြင်တော်မူ၏။ ထိုအခါ ငါသည် သားတော်ကိုယူ၍ ကြည့်ငြားအံ့၊ ယသော်မိဘုရားနှိုး၍ ခတောထွက်အံ့သော အကြံသည် အထမမြောက်ရှိခြေခတာ့မည်ဟူ ကြံ၍ရပ်လျက်သာ ကြည့်တော်မူပြီးမှ လျှင်စွာပြန်ခဲ့၍ မြင်းတော် ကဏ္ဍကရှိရာသို့ သွားပြီးသော် ငါ၏ တောထွက်ခြင်း၌ ကူပံ့လော့ဟူဆို၍ လက်တော်ဖြင့် သုံးကြိမ်သင်တော်မူပြီးမှ မြင်းကျောက်ကုန်းထက်သို့ တက်တော်မူ၏။

ဘုရားလောင်းသည် မြင်းတော်ကထွက်ကိုစီး၍ တော ထွက်တော်မူသော် ဆန္နအမတ်လည်း မြင်းမြီးကိုဆဲလျက်လိုက် ၏။ မြင်း၏ခြေသံကို ကြားမည်စိုး၍ ခြေချတိုင်းချတိုင်း နတ် လေးပါးတို့ လက်ဝါးဖြင့် ခံကုန်၏။ ပိုလ်တထောင်ဖွင့်မှပွင့်နိုင် သော မြို့တံခါးတို့သည် နတ်တို့ဖွင့်နှင့်၍ အသင့်ပင် ထွက်တော် မူရ၏။ မြို့တော်မှ ထွက်မိလျှင်ပင် ဝသဝတ္တီနတ်ပြည်မှ မာရ် နတ်မင်းယာ၍ ခရီးဦးရပ်ပြီးသော်၊ သိဒ္ဓတ်မင်းသား ယနေ့မှ ခုနှစ်ရက်ကြာလျှင် သင့်အား စကြဝဠာရတနာ ရောက်လိမ့်မည်။ လေးကျွန်းကို စိုးပိုင်ရလိမ့်မည်။ နန်းတော်သို့ ပြန်တော်မူဦးဟု တားလင့်၏။ ဘုရားလောင်းက ဟယ်-မကောင်းသော မာရ်နတ်၊ လောကီစည်းစိမ်ကို တံတွေးပေါက်ကဲ့သို့ ငါရှုံ့ရှာ၍ ငဲ့ကွက် ခြင်းမရှိ၊ စွန့်ပစ်ခဲ့သည်ဆို၍ မတန့်မရပ် ထွက်တော်မူ၏။ နတ် အပေါင်းတို့သည် မီးရှူးမီးတိုင်တို့ကို ညှိထွန်းလျက် ပန်းနံ့သာ အထုံအခိုးတို့ကိုတဖြိုးဖြိုးကျစေလျက် စောင်းညှင်း ပတ်သာတူရိ ယာတို့ဖြင့်သာယာစွာမှုတ်တီးကာပူဇော်လျက် လိုက်ကြကုန်၏။

။ဂုဇ္ဇိတဇာတ်ကဥ္စာတွင် ဦးကဉ်ငယ်ခေါင်ဆောင်းပုံ

အနော်မာ သောင်ယံ၌ ဆံတော်ပယ်ပုံ

အလောင်းတော်မြတ်သည် ဟူဇနာသုံးဆယ်ခရီးအလွန် အနော်မာမြစ်ကိုတို့လေလျှင် ငါ၏မှာန်းပြုခြင်းသည် မြင့်မြတ်ကောင်းမွန်ခြင်းသာ ဖြစ်လတ္တံ့ဟု နိမိတ်ယူ၍ မြစ်ကိုကူးစေ၏။ မြင်းတော် ကဏ္ဍကသည် ဆန္နအမတ်နှင့် တကွသော ဘုရားလောင်းကို လေ၏ လျင်မြန်ခြင်းဖြင့် ဆောင်၍ အနော်မာမြစ်၏ ထိုမျှဘက်ကမ်း၌ တည်စေ၏။ ထိုအခါ ဘုရားလောင်းသည် မြင်းတော်မှသက်၍ ဆန္နအမတ်ကို ခေါ်ပြီးသော် ဝတ်ဆင်တော်မူသော တန်ဆာနှင့် မြင်းတော်ကိုအပ်၍ နေပြည်တော်သို့ သင်ပြန်လေဟု စေတော်မူ၏။ ဆန္နအမတ်လည်း မပြန်ရမည့်အကြောင်းနှင့် တောင်းပန်သည်ကို ဖြောင်းဖြတော်မူ၍ ခမည်းတော် မယ်တော်တို့အား သတင်းစကားကြားသိရအောင် ပြန်လေဟု စေတော်မူသဖြင့် ပြန်လေသော်အနော်မာမြစ် တဘက်သို့ ရောက်လျှင် ကဏ္ဍကမြင်းစုတ၍ တဝဝတိ်သာနတ်ပြည်၌ နတ်သားဖြစ်လေ၏။ ဆန္နအမတ်လည်း မြင်းတော်ကို အနော်မာမြစ် သဲခုံ၌ သင်္ဂြိုဟ်ခဲ့ပြီးမှ ကကြိုးတန်ဆာကိုထမ်းလျက် လမ်းတလျှောက်လုံး ငိုရှိုးစွာ ပြန်လာသဖြင့် နန်းတော်သို့ရောက်သော်၊ ခမည်းတော် မယ်တော် ယဖသော်ဓရာဒေဝီတို့အား အကြောင်းကို ပြန်ကြား၍ နန်းသူနန်းသား အပေါင်းတို့သည် သောင်းသောင်းညံမျှ ငိုကြွေးကြကုန်၏။

ဆန္ဒအာမတ် မပြန်မီ အလောင်းတော် မင်းသားသည် မကိုင်နှင့်တက္ကသော ဆံတော်ကို စွဲတော်မူသော သံလျက်ဖြင့် ဖြတ်၍ ငါသည် စင်စစ် ဘုရား ဖြစ်မည်မှန်မူ ဆံတော်သည် မြေသို့ မသက်ဘဲ၊ အထက်ကောင်းကင်၌ တည်စေသော ဟု ဓိဋ္ဌာန်၍ ကောင်းကင်သို့ လွှင့်မြောက်တော်မူသော် တယူဇနာ လောက်အရပ်၌ ပန်းဆိုင်းဆဲ့သကဲ့သို့ တည်၏။ ထိုဆံတော်ကို သကြားမင်းသည် ရတနာပန်းတောင်းဖြင့် ခံဖော်မူ၍ နတ်ပြည်၌ 'စူဠာမဏိ' ပုထိုးတော်တည်၍ ကိုးကွယ်၏။ ဘုရားလောင်းသည် ကျွေကောင်းမြတ်သော ကာသီတိုင်းဖြစ်ပုဆိုးသည်၊ ရဟန်းတို့ဖြင့် မလျော်ပတ်ချေဟူ၍ ကြံတော်ဖြစ်သော်၊ ဃဋိကာရဗြဟ္မာ မင်းသည် ပရိက္ခရာရှစ်ပါးနှင့် တကွသော ကြာသက်နန်းတစုံကို ယူလာ၍ကပ်၏။ ဘုရားလောင်းသည် ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးကိုလဲ၍ ထိုပရိက္ခရာကြာသက်နန်းဖြင့် ရဟန်းပြုတော်မူ၏။ ဃဋိကာရဗြဟ္မာလည်း လဲတော်မူသော ပုဆိုးကိုယူ၍ ဗြဟ္မာ့ပြည်သို့ဆောင်ပြီးသော်၊ အကနိဋ္ဌဘုံ၌ ကိုးပါးသောရဇာနာအာတိပြီးသော အုတ်တိုဖြင့် "ဒုသာစေတီ" တည်ထားကိုးကွယ်လေသတည်း။

"ဘုရားလောင်းနှင့် ပိမ္ဘ ိသာရမင်းကြီးတွေ့ပုံ"

ဘုရားလောင်းသည် ရဟန်းပြုရာအရပ်အနီး၌ ကြီးစွာသော အနုပိယ သရက်တောသို့ ဝင်တော်မူ၍ ခုနစ်ရက်လွန်မြောက်သော် ယူဇနာသုံးဆယ်ရှိသောခရီးကို နေ့ချင်းသွား၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသည်။ ထိုအခါ ဘုရားလောင်း၏ အဆင်းကိုမြင်လျှင် ကြည့်ရှုင်ဝမ်းသာရှိကြ၍ ပြည်အလုံး ချောက်ချား၏ ပိမ္ဘိသာရမင်းကြီးလည်း သုဒ္ဓါဓနမင်းကြီး၏သား ဘုရားလောင်းအဖြစ်ကိုသိလေသော် အထံတော်သို့ကပ်၍ ပြည်ဘောဇဉ်ဝက် ပေးအပ်ပါမည်။ အာသက် နုနယ်ငယ်ရွယ်ပါသေးသည်၊ တောမထွက်ပါနှင့်- မင်းပြု၍ စံစားပါဦးဟု လျှောက်ထား၏။ ထိုစကားကိုကြားလျှင် အဆွေမင်းကြီး-ဤစည်းစိမ်သည် သံသရာ၌ နှစ်မှန်းရခြင်းအကြောင်းသာဖြစ်ချေသည်၊ ဘင်အိမ်၌လောက် တံတွေးပေါက်ပမာ ရှိ၍ရှာတော်မူလျှ၍ ငါစွန့်ခဲ့သည်ဟု မိန့်တော်မူ၏။ ထိုစကားကိုကြားသော် ပိမ္ဘိသာရမင်းကြီးသည် ဝမ်းမြောက်စွာ သာဓုခေါ်ပြီးလျှင် အရှင်သိဒ္ဓတ္ထ ဖြောင့်မတ်စွာ အားထုတ်ပါလော့၊ သင် ဘုရားဖြစ်လျှင် အကျွန်ုပ်ပြည်သို့ ရှေးဦး ကြွတော်မူပါဟု လျှောက်၏။ ဘုရားလောင်းလည်း ကောင်းပြီဟု ဝန်ခံတော်မူ၏။

"ဘုရားလောင်း အာဠာရဉဒကတို့နှင့် တွေ့ပုံ"

အလောင်းတော် မြတ်သည် ထိုအရပ်မှ အစဉ်သဖြင့် ကြွတော်မူလေသော်၊ တခုသောတောအုပ်၌ လောကီဈာန်ကို ဆီးဖြန်း၍ နေသော ကာလာမ အမျိုးဥ်ဖြစ်သော အာဠာရ ရဿေထံသို့ကပ်၍ ဈာန်သမာပတ်ကို နှိုးနှောင်၍ အားထုတ်သဖြင့် လောကီဈာန် ခုနစ်တန်ကို ရတော်မူလေ၏။ ထိုနောက်မှ ဥဒက ရဿေထံသို့ကပ်၍ အာထက်ဈာန်ကို ဆီးဖြန်းပြန်သော် ရှစ်တန်သော သမာပတ်ကို ရတော်မူ၏။ ဤရှစ်ပါးသော သမာပတ်တို့သည် မြတ်သော သဗ္ဗညုတဉာဏ်၏ အကြောင်းမဟုတ်ချေ။ အကြောင်းကို ရှာဖွေအုံးမှ သင့်ချေမည်ဟု အကြံတော်ဖြစ်၍ တဖန် ဥရုဝေလတောအုပ်သို့ ကပ်တော်မူ၏။

"ဘုရားလောင်း ဥရုဝေလတော၌ ဒုက္ကရစရိယာ ကျင့်တော်မူပုံ"

ဘုရားလောင်းသည် ဥရုဝေလတောအုပ်သို့ရောက်သော် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ အမည်ရှိကုန်သော ငါးဦးသော ပဉ္စဝဂ္ဂီတို့နှင့် ဖော်တွေလေ၏။ ထိုပဉ္စဝဂ္ဂီတို့လျှင် အလုပ်အကြွေးရှိသည်ဖြစ်၍ ဘုရားလောင်းသည် တနေ့လုံးကို ဆွမ်းတလုပ်ဖြင့်သာငင်း၊ သစ်သီးတလုံး ဖြင့်သာငင်း၊ နှမ်းတစေ့ ဆန်တစေ့ဖြင့်သာငင်း၊ နွေရက်ကိုလွန်စေခြင်း၊ အလျဉ်းပင် အဟာရကို မမှီဝဲဘဲ ဖြတ်ခြင်း စသည်တို့ကို ပြု၍ ကျင့်တော်မူသဖြင့် ကိုယ်တော်ကြီးလှစွာရှိရကား၊ လက္ခဏာ

ကံကြီးခဲ့ပုံ • ထေရဗဟ္မဒတ်-ဗင်ဒီဇင်း ဒုလေးဖွဲ့ဝင်

ဂုဏ်ရှင်ထောဘုံကြယ်ငါးစင်းတို့ ဦးထောလေဝင်ခြင်း ဒုတိယအခန်း

ခတော်ကြီး၊ လက္ခဏာတော်ငယ်မျိုး ကွယ်ပျောက်၏။ အာလုန်ပင်ပန်းလျှက် စကြံတော်ဦးဠ္ဍ လဲတော်မူ၏။ ထိုသို့ လဲတော်မူသည်ကို မြင်သော နတ်တို့သည် သုခဒ္ဓါခန မင်းကြီးထံသွား၍ ဘုရားလောင်း သေပြီဟု ကြားကြ၏။ ခမည်းတော်လည်း ဘုရားမဖြစ်ဘဲ ငါ့သားမသေနိုင်ဟု ယုံတော်မမူ၊ ယင်းသို့ ဘုရားလောင်းသည် ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင် အောင် ကျင့်ဘော်မူပြီးမှ ငြိုငြင်စွာသော အကျင့်ဖြင့် ဘုရား အဖြစ်သို့ မရောက်နိုင်ရာ၊ ယခု ငါသည် အဟာရကို မျှစေလျက် ကိုယ်လက်ဖြည့်တင်း၍ သဒ္ဓါနှင့်ပညာ၊ ဝိရိယနှင့် သမာဓိကို မျှစေတော့အံ့ဟု ကြံလျက်၊ မြို့ရွာသို့ ချဉ်းကပ်၏။ ခံအပ်သော ဆွမ်းကို ဘုဉ်းပေးတော်မူ၏။ ထိုအခါမှ မဟာပုရိသလက္ခဏာတော်တို့သည် ပြာဇတ်အတိုင်း ပေါ်လာပြန် သဘည်း။ ထိုအခါပဉ္စဝဂ္ဂီတို့က သိဒ္ဓတ်မင်းသားသည် အလုန် ခိုးခဲ့စွာ ကျင့်သည်ကိုမျှ ဘုရားမဖြစ်နိုင်၊ ယခု အဘယ်မှာ ဖြစ်အံ့နည်းဟု ဘုရားလောင်းကို စွန့်ခွာ၍ မိဂဒါဝုန်တောသို့ ထွက်သွားကြကုန်၏။

"ဘုရားလောင်း အိပ်မက်ကြီး ငါးပါး မြင်ပုံ"

ပဉ္စဝဂ္ဂီတို့သည် ဘုရားလောင်းကို စွန့်ခွာ၍ သွားသည့်နောက်မှ ကိုယ်တော်တယောက်တည်း ကျင့်တော်မူ၍ သက္ကရာဇ် ၁၀၃-ခု ကဆုန်လဆန်း ၁၄-ရက် အင်္ဂါနေ့ညတွင် အိပ်မက်ကြီး ငါးပါးအင်ကို မြင်မက်တော်မူ၏။ အိပ်မက်ကြီး ငါးပါးကား

မြေအပြင်ကို အိပ်ရာပြု၍ ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက် အရှေ့အနောက် သမုဒ္ဒါရာအပြင်ထက် လက်တော်ကိုထားပြီး သော် ခြေတော်ကို တောင်သမုဒ္ဒရာထက်၌ တင်လျက် စက် တော်မူသည်ဟု မြင်မက်သည်လည်း တပါး၊ သန္တာန်အဆင်း ရှိသော တံမြိုယမြက်သည် ချက်တော်မှ ဖေါက်၍ ဘဝဂ်သို့ ရောက်အောင် တက်သည်ဟု မြင်မက်သည်လည်း တပါး၊ ဖြူသောပိုးတို့သည် ခြေတော်မှ ပဆစ်တိုင် လှမ်း၍ တက်သည် ဟု မြင်မက်သည်လည်းတပါး၊ အထူးထူး အဆင်းရှိသော ငှက် တို့သည် ခြေဘော်ရင်း၌ ရောက်လာကုန်သော် ငှက်ဖြူချည်း သာ ဖြစ်သည်ဟု မြင်မက်သည်လည်းတပါး၊ ကြီးစွာသော မစင်တောင်ထက်၌ စကြံသွားသည်ဟု မက်သည်လည်းတပါး၊ ကျင်းပါးသော အိပ်မက်ကို မြင်မက်တော်မူ၍ ဆင်ခြင်တော် မူလျက် နံနက်စောစောကပင် ကြွလာတော်မူ၍ သေနံဂုံး အနီး ကြီးစွာသော ညောင်ပင်ရင်း၌ ထွန်းလင်းသော ကုံယ် ရောင်ကိုဖြစ်စေလျက် နေတော်မူ၏။

။ယာဇကသိလ္ပဒါယ ။ဒုဋ္ဌစိတ္တဇာတ်ကြီး ပထမခန်း



"သုဇာတာ ယနာနို့ဆွမ်း ကပ်လှူခင်း"

ကဆုန်လပြည့်နေ့ နံနက်တွင် သေနိုဂုံဒ္ဒ သေနသူကြွယ်၏သမီး သုဇာတာသည် အရွယ်ရောက်စ ကာလက အကျွန်ုပ်သည် အမျိုးတူသော ယောကျ်ားနှင့် ပေါင်းမိကြ၍ အဓဉ်းစွဲ သားရတနာ ဖွားမြင်ရှိပါအံ့။ အရှင်ရကွစိုးအား တန္ခစ်တကြိမ် တသီနိုးသောဥစ္စာကို ပူဇော်ပါမည်၊ မစတော် ခူပါဟု ဆုတောင်းခဲ့သည့်အဘိုင်း ဆုဧကာင်းတိုင်း ပြည့်စုံသောကြောင့် ဗလိနတ်စာကို ပြုလိုသဖြင့်၊ ရှေးမဆွကပင် နွားမတထောင်ကို နွယ်ချိုတော၌ကြောင်းစေ၍၊ ရှစ်ရာသော နွားမတို့၏နို့ရေကို နှစ်ရာသော နွားမတို့အား တိုက်၏။ ၎င်း နှစ်ရာသော နွားမတို့တွင် တရာ့ခြောက်ဆယ်သော နွားမတို့၏ နို့ရေကို လေးဆယ်သော နွားမတို့အား တိုက်၏။ လေးဆယ်သော နွားမတို့တွင် သုံးဆယ်နှစ်ကောင်သော နွားမတို့၏နို့ရည်ကို ရှစ်ကောင်သော နွားမတို့အား တိုက်၏။ ထိုရှစ်ကောင်သော နွားမတို့၏ နို့ရည်ဖြင့်သာ ယနာနို့ဆွမ်းကို ချက်လေသော်၊ ဘုရားလောင်းဘဉ်းပေးရအံ့သည်ကိုသိ၍၊ လောကပါလာနတ်မင်းကြီး လေးယောက်တို့ စုံလောက်၌ စောင့်လာကုန်၏၊ ဗြဟ္မာကြီးသည် ထီးဖြင့်ကာသည်။ သိကြားမင်းလည်း ထင်းထိုးလာ၏။ တသောင်းသော စကြာဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့သည် မြတ်သော နတ်သြဇာကို ထည့်ကြကုန်၏။

ဘုရားလောင်းသည် လေးဆယ်ကိုးလုပ်သော ဆွမ်းကို ပရိဘုတ်တော်မူခဏ်း

သုဇာတာသူဌေးသမီးသည် ထူးမြတ်သော ဃနာနို့ဆွမ်း ကို ချက်ပြီးသော်၊ ပုဏ္ဏ ဗာရာဏသီရှိသော ကျွန်မကို ငါတို့၏ ညောင်စောင့်နတ်မင်းနေရာကို သုတ်သင်ပါချေဟု စေသဖြင့်၊ ကျွန်မ သုဘ်သင်ရန်သွားသော်၊ ကိုယ်တော်ရောင်ဖြင့် ညောင် ပင်အလုံးကို ထွန်းလင်းစေလျက်၊ ညောင်ပင်ရင်းဌ် အရှေ့သို့ ရှေးရှုနေတော်မူသော ဘုရားလောင်းကို မြင်သဖြင့်၊ ဝမ်းမြောက် လွန်စွာ ဃနာစိဉ်ရှိလျက် မျက်မှိုက်တို့ကို သုတ်သင်ခဲ့ပြီးမှ ပြန်လှာ၍၊ သုဇာတာအား အရှင်မ-ယခု အရှင်ညောင်စောင့် နတ်မင်း သည် ကိုယ်ထင်ပြ၍၊ အတုမရှိသော အသရေဖြင့် ညောင်ပင် ရင်းဌ် စံတော်မူသည်။ လျင်စွာကြွ၍ ပူဇော်လော့ဟု ဆို၏။ သုဇာတာသည် ကျွန်မ ပုဏ္ဏာနှင့်တကွ အားရ ဝမ်းသာစွာ အသပြာတသိန်းထိုက်သော ရွှေခွက်ဌ် ဃနာဆွမ်းကိုယူဆောင် ခဲ့ပြီးလျှင်၊ ဘုရားလောင်း၏ တင့်တယ်ခြင်းကို မြင်လျှင်၊ အတိုင်း ထက်အလွန် နှစ်သက်ရကား၊ ရွှေခွက်ပါပူဇော်ခဲ့၏။ ထိုအခါ ဃဋီကာရဖြာမှာလှူသော သင်္ဃာတ်တော် ကွယ်ပြီဖြစ်၍၊ ရွှေခွက် နှင့်တကွ အလှူခံတော်မူ၏။ ဘုရားလောင်းလည်း သုဇာတာ လှူသော ဃနာဆွမ်းကို ခံတော်မူပြီးလျှင်၊ နေရဥ္စရာမြစ်သို့ ကြွတော်မူ၍၊ သုပဘိတ္ထမည်သောရေဆိပ်ဌ် ရေချိုးတော်မူပြီးမှ ကမ်းခုံစထက်၊ ထက်ဝက်ဖွဲ့ခွေ၊ အရှေ့အရပ်သို့ ရှေ့ရှုနေတော် မူလျက်၊ ထန်းသီးပမာဏရှိသော ဆွမ်းလုပ်ဖြင့်၊ လေးဆယ့် ကိုးလုပ် ပရိဘုတ်ဘော်မူ၏။



ဘုရားဓလောင်း ရွှေခွက် မျောတော်မူ၍ ကာလနဂါး နှိုးပုံ

ထိုသို့ သုဇာတာ သူဌေးသမီး ကပ်လှူသော လေးဆယ် ကိုးလုပ်သောဆွမ်းကို ဘုဉီးပေးတော်မူပြီးလျှင်၊ ငါသည် ယနေ့စင်စစ်၊ ဘုရားဖြစ်သည်မှန်မူ၊ ရေညာကိုဆန်စေသတည်း ဟု မိန့်ဘာန်၍၊ ရွှေခွက်ကို မျောတော်မူလျှင်၊ ရွှေစင်ခွက်သည် ရေအယဉ်ကိုဖြတ်၍၊ မတ်မတ်ဆန်ပြီးမှ မြစ်လယ်သို့ကျသော အခါ၊ ရေညာသို့ အတောင်ချစ်ဆယ်ခန့် ဆန်၍ မြုပ်လေသဖြင့်၊ ကာလနဂါးဗိမာန်၏အပါး ရှိုးဘုရားတို့ ရွှေခွက်သုံးလုံးကို ထိ၍ တည်လေ၏။ ထိုအခါ ဘုရားတဆူပွင့်တော်မူမှ တခါတခါနှိုးသော ကာလနဂါးမင်းသည် နှိုးကြား၍၊ ခုတင်ခု လှုပ်ပြည်၌ ဘုရားပွင့်ပေသည်ဟု ကောင်းချိုးသံကို ပြုလေ၏။

မြက်ရှစ်ဆုပ် အလှူခံတော်မူခြင်း

ဘုရားအလောင်းသည် ရွှေခွက်ကိုမျောတော်မူပြီးလျှင် အနီးဥ်ရှိသော အင်ကြင်းတော၌ နေသန့်တော်မူ၍၊ ကံယဂ ဘာသဘိ ဘာဝနာကို ကောင်းစွာ စီးဖြန်းလေ၏။ ညချမ်းသောအခါ၊ ကာလနဂါးမင်းသည်၊ ဘုရား ခုတင် ဖွင့်ပေသည်၊ မြည်တမ်းသော ကောင်းချိုးသံကို နာခံ၍ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊ အသူရာ၊ ဗြဟ္မာ၊ သိကြားစသော နတ်တို့သည် စီမံဘန်ဆင်းအပ်သည်ဖြစ်၍၊ ပန်းတို့ဖြင့် ပြုမ်းသော နတ်လမ်းမဖြင့်

မဟာဗောဓိရှိရာသို့ ကြွတော်မူသော်၊ သောတ္ထိယ မြက်ထမ်း ယောကျ်ားသည် ရပ်တော်မူလျှင်၊ ဘုရားဖြစ်ရာဌာန မှန်ပြီဟု နှလုံးပြု၍၊ မြက်ရှစ်ဆုပ်ကို အဖျားကကိုင်၍ ဖြန့်ကြဲတော်မူလျှင် တဆယ့်လေးတောင် အပြန့်ကျယ်သော အဝရာဇိတ ပလ္လင် ပေါ်ထွန်းလာလေ၏။

၁၀၁ဝိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူခြင်း

အလောင်းတော်သည် ပလ္လင်ထက်၌ ထက်ဝယ်ပွဲ့ခွေ နေတော်မူကာ၊ အာနာပါန ဘာဝနာကို ဝင်စား၍၊ ဘုရား မဖြစ်သမျှ ဤနေရာက မထပြီဟု လေးပါးသော လုံ့လတော် ကြီးဖြင့် စံနေတော်မူ၏။ထိုအခါ သိကြားမင်းသည် တကြိမ် မူတ်လျှင် လေးလမှ အသံစဲသော အတောင်တရာနှစ်ဆယ်ရှည် သော ခရုသင်းကိုမူတ်လျက်၊ ကာလနဂါးမင်းသည် တထောင် သော ဂါထာတို့ဖြင့် ကောင်းချီးပေးလျက်၊ ဗြဟ္မာမင်းသည် ဗီဇနြီးလျက်၊ သုရာမနတ်မင်းသည် သားမြီးယပ်ဖြင့် ယပ် လျက်၊ သန္တုသိတနတ်မင်းကြီးကား ပဉ္စာမြား ယပ်ဖြင့်ယပ် လျက်၊ ပဥ္စသီခနတ်မင်းသည် ဧဝလုဝပဏ္ဏာမည်သော စောင်း ကို တီးလျက်၊ နတ်များစွာတို့သည် အထူးထူးသော ပူဇော် သက္ကာဖြင့် ပူဇော်လျက် နေကုန်၏။

ဗေဒင်ဆရာတော်ကြီး ဘုရားဖူး

မာရ်နတ် ဧရုပလ္လင် လုခဏ်း

ဝသဝတ္တီ မာရ်နတ်မင်းသည်၊ လက်ဝဲတဆယ့်နှစ်ယူဇနာ၊ လက်ျာတဆယ့်နှစ်ယူဇနာ၊ နောက်မျက်နှာက စကြဝဠာတံတိုင်းထိ၊ အထက်ကို ကိုးယူဇနာရှိသော နတ်စစ်သည်ဗိုလ်ပါ အပေါင်း ဝန်းရံလျက်၊ ယူဇနာ တရာ့ငါးဆယ်ရှိသော ဂိရိမေခလာ ဆင်ထက်စီး၍၊ အသီးသီး လက်နက်ကိုင်သော လက်ရုံး တထောင်ကို ဖန်ဆင်း၍ တိုက်ဖျက်လာ၏။ ဘုရားလောင်း၏ ပါရမီတော်အဟုန်ဖြင့်၊ နေမဝင်မီ အောင်မြင်တော်မူပြီးမှ ညဦးယာမ်၌ ပုဗ္ဗေနိဝါသညာဏ်၊ သန်းခေါင်ယာမ်၌ ဒိဗ္ဗစက္ခုညာဏ်၊ မိုဃ်းသောက်ထအခါ စကြဝဠာတသောင်းလုံး တုန်လှုပ်စေလျက်၊ ပဋိစ္စသမုပ္ပါဒ်မှစ၍ အစဉ်အတိုင်း ရအပ်သော အာသဝက္ခယညာဏ်ဖြင့် ကိလေသာအပေါင်းကို ထောင်းထောင်းညက်၊ ပိုင်းဖြတ်လျက်၊ မဂ်လေးဖန်ကို အစဉ်အတိုင်းရ၍၊ အလုံးစုံသောတဏှာကို သိတတ်သော သဗ္ဗညုတညာဏ်ကိုရပေ၏၊ ဤသို့အားဖြင့် ဆက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ပုဒ္ဓဟူးနေ့အကုန်၊ နေအာရုဏ် တက်သည်နှင့်တပြိုင်နက်၊ လောကသုံးပါး၏ အထွဋ်အထိပ် ဘဝိသဒ္ဒအဖြစ်သို့ ရောက်တော်မူ၍၊ အနေကဇာတိ သံသာရုံစသော ဥဒါန်းကျူးတော်မူ၏။

မြတ်စွာဘုရား သတ္တ-သတ္တာဟ စံတော်မူခန်း

၁။ ရွှေပလ္လင်

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင်၊ ဗောဓိပင်နှင့် လေးတောင်ကွာ အင်ရေ့မျက်နှာ၌ တည်သော ရွှင်ပလ္လင်ဆက်၌ ထက်ဝယ်ဖွဲ့ခွေ၍၊ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အပြန်အလှန် ဆင်ခြင်တော်မူလျက်၊ ခုနှစ်ရက်ပတ်လုံး စမ္မယ်တော်မူ၏။ နတ်၊ သိကြား၊ ဗြဟ္မာတို့ ပူဇော်လျက်ရှိကြကုန်၏။ ဤကား ပဌမ ပလ္လင်သတ္တာဟမည်၏။

၂။ ဇနိမိသ

ရွှေပလ္လင်မှ ထတော်မူ၍၊ ဗောဓိပင်မှ အရှေ့မြောက် ဆယ်လေးလံကွာသော အရပ်၌ ရပ်တော်မူ၍၊ ငါသည် ဤဗောဓိရပ်ခွင် ရွှေပလ္လင်ဝယ်၊ သဗ္ဗညုတဉာဏ်ကို ရပေတကား ဟူ မမှိတ်သောမျက်စိဖြင့် ရှုတော်မူလျက်၊ ခုနှစ်ရက်ပတ်လုံး စမ္မယ်တော်မူ၏။ ဤကား ဒုတိယ အနိမိသ သတ္တာဟမည်၏။

၃။ ရတနဃရ

ကိုယ်တော်မြတ် ပလ္လင်တော်ကို စိမ့်စိမ့်ကြည့်တော်မူသည်ကို နတ်တို့က ဘုရားလောင်းသည် စံပျော်ဘူးသည့် ရွှေပလ္လင်ကိုမှ ခင်မင်တွယ်တာခြင်း၊ ပြတ်၊ ထပ်၍ ပြုရာသော မဂ်ကိစ္စ ရှိခဲ့သေးသည်ဟု ထင်ကြကုန်၏။ ထို့နတ်တို့၏

သံသယကို ပယ်ဖျောက်ခြင်းငှာ မြတ်စွာဘုရားသည် ကောင်းကင်သို့တက်၍၊ ရေမီးအစုံထွက်စေခြင်း စသော ယမိုက်ပြာဋီဟာကို ပြတော်မူပြီးလျှင်၊ ကောင်းကင်မှ သက်တော်မူ၍၊ ဗောဓိပင်မှ အတောင်နှစ်ဆယ်ကွာ၌၊ ရတနာစင်္ကြံဝယ်၊ ခုနှစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူ၏။ ဤကား တတိယ ရတနာစင်္ကြံ သတ္တာဟာမည်၏။

၄။ ရတနာဃရဿိမ်

ထို့နောက် ဗောဓိပင်မှ အနောက်မြောက် အတောင် လေးဆယ်ကွာတွင် ရတနာခုနှစ်ပါး အံတိုပြီးသော နတ်တို့ စီမံ ဘန်ဆင်းအပ်သော ရတနာဃရဿိမ်၌၊ ထက်ဝယ်ဖွဲ့ခွေနေလျက်၊ ပဋ္ဌကတ်သုံးပုံကို ဆင်ခြင်တော်မူရာ၊ ကိုယ်တော်မှ ထက်ဝန်းကျင်၌ ဖြူသောရောင်ခြည်တော်၊ နီသောရောင်ခြည်တော်။ ညို့သောရောင်ခြည်တော်။ ရွှေသောရောင်ခြည်တော်။ မောင်းသောရောင်ခြည်တော်။ ပြိုးပြိုးပြက်ပြက် တခဲနက်သော ရောင်ခြည်တော်။ ဤကဲ့သို့ယ်တို့သည် စကြဝဠာတသောင်းပျံ့နှံ့စေလျက်။ ခုနှစ်ရက်ပတ်လုံး စမ္ပယ်တော်မူ၏။ ဤကား စတုတ္ထ ရတနာ ဃရဿဟာမည်၏၊

၅။ အဇပါလ ညောင်ပင်

ထိုမှ မဟာဗောဓိပင်၏ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံကွာ၌၊ အဇပါလမည်သော ညောင်ပင်ရင်းသို့ ကပ်တော်မူ၏။ ထိုအခါ မာရ်နတ်မင်းသည် နှလုံးမသာရှိ၍၊ ခရီးလမ်းမ၌

ငေးမြဲငှက်ကာ ထိုင်လျက်၊ တဆယ်ခြောက်ကြောင်းသောအရေး ကိုငဲ့ချဉ်နေသော်၊ တဏှာ၊ အရတီရာဂါမည်သော မာရ်နတ်မင်း၏ သွံးသုံးယောက်တို့က ဘခင် အဘယ်ကြောင့် စိုးနှောင့်ယှဉ်ဆာ မျက်နှာမချင် မြွေတွင် အကြောင်းခြစ်နေဘိ သနည်းဟုမေးသော်၊ သွံးတော်တို့-ဂေါတမရဟန်းသည်၊ ငါမှန်းမြဲထားသော ရွှေပလွင်ဝယ်၊ ငါ့အလျင် ဘုရားလုပ်ချေပြီ၊ ရဟန်းကြီးအဲ့ ပျက်စီးကြောင်းကို ကြံပါသော်လည်း မနှိုင်၍ တွေးမြို့ငင်ရာ ဘာသည်ဆိုသော်၊ ဘခင်-မစိုးရိမ်လင့်၊ မိန်းမတို့၏ မာယာဖြင့်၊ ဤဂေါဟန်းကြီးကို ဖြောင့်ဖြဴ၍၊ ဘခင်အကြံ အောင်စေအံ့ဟု ဝန်ခံ၍၊ တဆယ့်သုံးနှစ်ရှယ်၊ တဆယ့်ခုနစ်နှစ်ရှယ်၊ တကြိမ်သားဖွားသော မိန်းမအရွယ်ဖြင့် တင့်တယ်စွာ တန်းဆာဆင်ပြီးလျှင်၊ ဘုရားရှိရာသို့ကပ်၍ ခြေတော်ရင်း အလုပ်အကျွေး ပြုလိုပါကြောင်း ခွင့်ပန်လာသည်ကို၊ မြတ်စွာဘုရားသည် ပယ်ခွာစေဘဲမူလျက်၊ သင်နတ်သွံးတို့-ငါဘုရားသည်၊ ကိလေသာရန်ကို အောင်တော်မူပြီးဖြစ်၍၊ သုသာန်ဥဒ္ဓရိသော သူခကောင်ပုပ်ကဲ့သို့ ကာမဂုဏ်ကို စက်ဆုပ်ဘော်မူသည်ဟု မိန့်တော်မူသော်၊ နတ်သွံးသုံးယောက်သည် ရှက်ကြောက်ခြင်းပြင်းစွာနှင့် ပြေးခွာရလေကုန်သတည်း။

ဤကား ပဌမအဇပါလသတ္တာဟမည်၏။

၆။ မုစလိန္ဒာအိုင်

ထိုနောက်၊ မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာငါးဆယ့်တလန်ကျော်ဘွင်၊ မုစသိန္ဒာအိုင်၏အနီး ကျွည်းပင်ကြီး

ရင်းခဲ့ သတင်းသုံးနေတော်မူရာ၊ စကြာဝဠာတိုက် အလုံးခဲ့ ရွာသောအခါမဲ့ မိုးယံးစွဲသည်တွင်၊ မုစလိန္ဒာ နဂါးမင်းသည် မိမိဗိမာန်မှထွက်၍၊ မြတ်စွာဘုရားကို တစုံဘရာသော ဖြူတော်၊ ခြင်၊ ရင်ရဲစသည် မထိပါး၄စခြင်းငှာငင်း၊ အပူ၊ အဇ၊ လေ ကြင်း၊ မိုးယံးဖွဲတို့မှ မညှဉ်းဆဲစေခြင်းငှာငင်း၊ ကြီးစွာသောကိုယ် ကို ဘန်ဆင်းရှု၊ တပိုင်းသေ အခွံကို ပလွှင်ခင်းပြီးသော်၊ ကိုယ်တော်ကို ညှစ်ပတ်ရစ်ရံလျက်၊ ဦးခေါင်းတော်က ပါး ပျဉ်းဖြင့်အုပ်မိုး၍၊ မိုးယံးမစွတ်ရအောင် တည်လာ၏။ မြတ်စွာ ဘုရားလည်း နဂါးမင်းအခွံဆက်၌ ခုနှစ်ရက်ပတ်လုံး ဖာ သမာပတ် ဝင်စား၍ နေတော်မူ၏။ ဤကား ဆဋ္ဌမုစလိန္ဒာ သတ္တာဟ မည်၏။

၇။ လင်းလွန်းပင်

ထိုနောက်၊ မဟာဗောဓိပင်၏ တောင်မျက်နှာ အလံ လေးဆယ် ကွာတွင် လင်းလွန်းပင်ရင်းခဲ့ ခုနှစ်ရက် ပတ်လုံး သမာပတ်ကို ဝင်စားတော်မူ၏။ ရက်စေ့သော် မျက်နှာသစ် တော်မူလိုသော အကြံတော်ဖြစ်လေရာ၊ သဲကြားမင်းသည် ကြင်ဇာသီး ကွမ်းရိုးဒန်ပူ အနောတတ်ရေမျိုးကို ကပ်လှူလာ၏။ ရာမညတိုင်း ဥက္ကလာပဒေါကွရဝတီမြို့မှ တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ကုန်သည် လှည်းငါးရာနှင့် လာကြ ရာတွင် မိမိတို့ အဆွေဖြစ်ဘူးသော နတ်က ကိုယ်ထင်ပြလျက် လောကသုံးပါးတွင် အတုမရသော ဘုရားထင်ရှား ပွင့်တော် မူပြီ။ ယခု လင်းလွန်းပင်ရင်းခဲ့ သီတင်းသုံးစံနေတော်မူသည်။

တစုံဘုရဖြင့် လျှောဂါန်းပူဇော်ခဲ့ကုဆိုး၏။ ညီနောင် နှစ်ပါးတို့သည်၊ အားရဝမ်းသာစွာ ပါလာသော ကြွက်ကျစ်မှုံ ပျားမုံဆုပ်တို့ကို ကပ်လှူကုန်၏။ ထိုအခါ စတုမဟာရာဇ် နတ်မင်းကြီးဓလေးဥယာကဲတို့သည်၊ ဣန္ဒနီလာကျောက်ညိုဖြင့် ပြီးသော သပိတ် ဓေးလုံးကပ်လာ၏။ ထိုသပိတ်ကို ခံဟော်မမူသော်၊ ပါနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးကို လှူပြန်၏။ ထိုကျောက်သပိတ်ကိုခံတော်မူ၍၊ လေးလုံးကို ဗိဒ္ဓာန်၍ နှိပ်ဘော်မူသော်၊ အနားလေးရုစ်ဒါသော သပိတ်တလုံးတည်း ဖြစ်လေလျှင်၊ ထိုသပိတ်ဖြင့် ကုန်သည် ညီနောင်တို့ လှူသောမုံကို ခံဘော်မူ၏။ ထိုညီနောင်ဘို့အား သရဏဂုံကို ပေးတော်မူ၍၊ ဘုံးခါင်းတော်ကိုသုံးသပ်၍ ဆံတော်ဓါတ်တလက်ဆုပ်ကိုလည်း အပ်တော်မူလိုက်၏။ ဤကား သတ္တမ-ဆာဇာ ရတနသတ္တာဟာမည်၏။

သဟမွတီပြဟ္မာမင်းတရားဟောရန် တောင်းဝန်ခံ

ကိုယ်တော်မြတ်သည်၊ ခုနှစ်ဌာနတို့၌ ခုနှစ်ရက်စီစံတော်မူ၍စေ့သော်၊ လင်းလွန်းပင်မှ အဇပါလညောဂ်ပင်ရင်းသို့ကပ်တော်မူ၍၊ စမွယ်တော်မူသောအခါ၊ ဤသို့ အကြံတော်ဖြစ်၏။ ငါသိအပ်သော သစ္စာလေးပါး တရားတော်သည် မြင့်မိုရ်တောင်ဖြင့် ဖုံးလွှမ်းအပ်သော မုန်ညင်းသီးကဲ့သို့ အလွန်သိမ်မွေ့၏။ ပဉ္စဝဿီသမုဒ္ဒါဒ် တရားသည်လည်း လွန်စွာ နက်နဲခက်ခဲလှ၏။ သတ္တဝါတို့သည် ပညာနည်းပါး၍

ကာမဂုဏ်ငါးပါးကိုသာ လိုက်စားပျော်မွေ့ကြ၏။ ငါ ဟော ကြားသော်လည်း တရားဓတ်ကို မမြင်မထင်နိုင်ရာ၊ ပင်ပန်း ရုံသာရှိခြိမ့်မည်ဟု တရားမဟော လိုသော အကြံတော်ရလတ် လျှင်၊ နတ်ဗြဟ္မာအပေါင်းတို့ကိုခေါ်၍၊ သဟမ္မတိ ဗြဟ္မာမင်း သည်၊ ဘုရားသခင်ထံလာပြီးလျှင် ရတနာပန်းကုန်းကို ကပ် လှူပူဇော်လျက်၊ အရှင်ဘုရား-တရားဟောတော်မူပါ၊ ကိုယ် တော်ဘုရားမှ တရားမဟောချေသော်၊ မည်သူတဦး လာ၍ ဟောပါအုံးနည်း။ ကျွတ်ထိုက်သော သူတို့အား ဓာရားတည်း ဟူသော အမြိုက်မိုးယိုးဖြင့် နှိုးဆော် ရွာသွန်းတော်မူပါ ဟု တောင်းပန်၏။ ထို ခေါ ဘုရားကိုယ်တော်မြတ်သည် ရှေဉာဏ် တော်ဖြင့် ကျွတ်လတ္တံ့သော သူတို့ကို ရှုမြင်တော်မူ၍၊ တရား ဟောမည်ဟု ပဋိညာဉ်ပေးတော်မူ၏။ ထိုနောက်မှ တရား ဟောရအံ့သော သူကိုကြည့်သော်၊ အာဠာရနှင့် ဥဒက ရဲသေ့ နှစ်ဦးသည် ယမန်နေ့မှားကပင် သေလွန်၍၊ အာကိဉ္စာယတ နဘုံ နေဝသညာနာ သညာယတနဘုံ၌ ဖြစ်ကြကြောင်းကို မြင်တော်မူ၍၊ အာဠာရနှင့် ဥဒကတို့သည် ရှုံးခြင်းကြီးရှုံး လေစွတဟု အောက်မေ့ဘော်မူလေ၏။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့ကို ချွတ်ခင်း

မြတ်စွာဘုရားသည် ဗာရဏသီပြည်အနီး၊ မိဂဒါဝုန် တောသို့ ရောက်တော်မူလျှင်၊ ပဉ္စဝဂ္ဂီတို့သည် အချင်းချင်း ကတိက ဝတ်ထားကြကုန်၏။ ရှင်ဂေါတမသည် အကျင့်မှ

ထွက်၍၊ ဆွမ်းသက်နှံးမှားရှာလျက် အကျင့် ပျက်သသူ ဖြစ်သည်။ ခရိုးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်း၊ သောက်ရေ သုံးဆောင်ရေတည်ခြင်း စသော ဝတ်ကို မပြုစတမ်းဟု ကတိကဝတ်ထားကြကုန်၏။ အနီးသို့ရောက်သောကာလ၊ ထာကြသော ကတိကဝတ်၌မတည်နိုင်၊ တိမ်းယိုင်တုန်လှုပ်သော စိတ်ဖြစ်ကြ၍၊ သင်္ဘက်သက်နှံးလှမ်းယူသူယူ၊ ခြေဆေးရေတည်လင့်သူတည်၊ နေရာခင်းသူခင်းလင့်၏။ ဤသို့ ဝတ်ကြီးဝတ်ငယ်ကိုပြု၍၊ ခင်းအပ်သော နေရာထက်၌ စံတော်မူပြီးသော်၊ ကိုယ်တော်မြတ်က ငါကား-ဘုရား ဖြစ်တော်မူပြီ၊ အလုံးစုံသော တရားတော်ကို သိတော်မူပြီ၊ သင်တို့အား အမြဲကိုက်တရားဟောကြားခြင်းငှာ လာတော်မူသည်၊ ရှိသမျှ တရားနာကုန်လော့ဟု တိုက်တွန်းတော်မူ၏။ ထိုအခါ ပဉ္စဝဂ္ဂီတို့က ငါရှင်-ဧကါတမ သင်သည်-ငြိုငြင်လှစွာ ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်ပတ်လုံး ကျင့်၍မှ ဘုရားအဖြစ်သို့ မရောက်တော်သေး၏။ ယခု ဆွမ်းသက်နှံး အစရှိသော ပစ္စည်းကို လုံ့လပြု၍ ခါမှ မဂ်ဖိုလ်ချမ်းသာ ဘယ်မှာ ရခဲချအံ့နည်း။ ငါတို့ မယုံနိုင်ခဲ့ချဟု သုံးကြိမ်တိုင်အောင် ပယ်ရှားကြလေ၏။ မြတ်စွာဘုရားသည် အမျိုးမျိုးသော ပရိယာယ်ဖြင့် ဘုရားဖြစ်ကြောင်းကို သိစေတော်မူ၏။

ಚಿತ್ರದಲ್ಲಿ ಕಾಣಿಸಿರುವ ಪ್ರಾಣಿಗಳು ಯಾವುವು?

ပဉ္စဝဂ္ဂီ ငါးဦးကို ဓမ္မစက္ကြာတရား ဟောခဏ်း

မြတ်စွာဘုရားသည်၊ ပဉ္စဝဂ္ဂီငါးဦးတို့အား အမျိုးမျိုး သောပရိယာယ်စကားဖြင့် ဘုရားဖြစ်ကြောင်း သိစေတော်မူ၍ သက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့် ၈နေ့နံ့ ညနေဝင်စ အချိန်တွင်၊ ဓမ္မစက္ကြာတရားတော်ကို မြတ်စွာဘုရား ဟော တော်မူ၏။ ဒေသနာတော်အဆုံး၌ အာရှင် ကောဏ္ဍညသည် သောတာပန်ဖြစ်လေ၏။ တသောင်းသော လောကဓါတ်မှ လာကုန်သော နတ်ဗြဟ္မာ တဆဲ့ရှစ်ကုဋေတို့လည်း အကျတ် တရား ရလေကုန်၏။ မဟာပထဝီမြေသည် တုန်လှုပ်လျက်၊ သုံးဆယ့်နှစ်ပါးသော နိမိတ်တို့သည် ထင်ကုန်၏။ ဝါဆိုလ ပြည့်ကျော်တရက်နေ့တွင်၊ အရှင်ဝပ္ပ သောတာပန်တည်သည်း နှစ်ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ သုံးရက်နေ့တွင် အရှင်မဟာ နာမ်၊ လေးရက်နေ့တွင် အရှင်အဿဇိတို့ သောတာပန်တည်ကြ ကုန်၏။ ငါးရက်နေ့တွင် ငါးဦးသော ပဉ္စဝဂ္ဂီတို့သည်၊ ရဟန္တာ ဖြစ်ကြပြီးလျှင်၊ ဘုရားသခင်အပါး မိဂဒါဝုန်တောဋ္ဌေ မွေးလျော်စွာ နေကြလေကုန်၏။

ဘဒ္ဒဝဂ္ဂိ မင်းသား သုံးကျိတ် ရဟန်းဖြစ်ခဏ်း

မြတ်စွာဘုရားသည် မိဂဒါဝုန်မှ ညရွဲဝေလဏ်တောသို့ ကြွတော်မူရာ ခရီးဖက်ကြွးခဲ့၊ ကောသလမင်းကြီးသား ဖြစ်ကုန်သော ဘဒ္ဒဝဂ္ဂိမင်းသား သုံးကျိတ်တို့သည် ဆဋ္ဌရိက်ငှက်ကာမဂုဏ်ခံစားရန် တခုသောတောဒုံခဲ့ ဧနုကြ်ကုန်၏။ တနေ့သ၌ ဒုတိုးထိုက်သောဥစ္စာကို ခိုးယူ၍၊ တယောက်သော ပြည့်တန်ဆာမသည် ထွက်ပြေးလေ၏ မင်းသားတို့သည် လိုက်လံရှာဖွေကြရာ မြတ်စွာဘုရားကို မြင်၍၊ ဒုရှင်ဘုရား-မိန်းမတယောက် မြင်မိပါသလားဟု မေးကြသော်၊ မြတ်စွာဘုရားလည်း မယာ'ရှာခြင်း မြတ်သလော-သင်တို့ ကိုယ်ကို ရှာခြင်း မြတ်သလောဟု မေး၍၊ သစ္စာလေးပါး တရားကို ဟောကြားတော်မူသော်၊ မင်းသားတို့သည် အချို့ကား သောတာပန်၊ အချို့ကား သကဒါဂါမ်တည်၍၊ ဟိဘိက္ခုရဟန်းခံညီးဖြစ်ကြ၍၊ ဘုရားကိုယ်တော်မြတ်ကို ဆည်းကပ်လျက်၊ ညရွဲဝေလတောသို့ လိုက်ပါကြကုန်၏။

ရှင်တဆောင်ချတ် ခဏ်း

ဘုရားသခင်သည်၊ ညရွဲဝေလတောသို့ ရောက်ဝဘဉ်မူသော်၊ ထိုဝတောင်ခို ဂုဝသည်ညီနောင် သုံးဦးဖြစ်သော ညရွဲဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပတို့ယူသည် တပည့်ရုံသဒ္ဓိတဆောင်နှင့်တကွ ဦးနှိုက်ကြကုန်၏။ ထိုရှင်တို့သည် ကိုလေသာ

ခြောက်ခန်းမှ ရဟန္တာဖြစ်မည်ဟု ကိလေသာ ခြောက်ခန်း ကောင် ပင်ပန်းစွာ ကစားပျော်ပါးခြင်း၊ ကျေးသားငယ်ပို့ တံကျစ်ခုန် ကစားခြင်း၊ မီးဖောင်ခြင်း၊ ပူမှကိလေသာကို ရေမှာ မျောအုံဟု ရေသို့သက်ခြင်းအကျင့်ကို ဆောက်တည်၍ နေကြကုန်၏။ ဘုရားသခင်သည် ဥရုဝေလကဿပရသော့ကျောင်းသို့ ကြွ၍၊ မီးဘင်းကုပ်၌ တည်းခိုပါရန်စဟု မိန့်တော်မူ၏။ ထိုအခါ ရသေ့က ထိုဘင်းကုပ်တွင် တန်ခိုးကြီးသော နဂါး မင်းရှိ၏၊ သင့်ကို ညှဉ်းဆဲလတ္တံ့ဟု ဆိုသော်၊ ဘုရားသခင်က လည်း ငါ့ကို မညှဉ်းဆဲနိုင်၊ သင်ကသာ ခွင့်ပြုလျှင်ဟု မိန့် တော်မူ၏။ ရဟန်းကြီးနေတော့ဟု ရသေ့က ခွင့်ပြုသော်၊ မြတ် စွာဘုရားလည်း မြက်အခင်းထက်၌ စံတော်မူလေ၏။ ထိုအခါ နဂါးကြီး သည် ကြီးစွာသော အခိုးအလျှံကို လွှတ်၏။ ဘုရား သခင် ပည်း လွှန်ကဲသော အခိုးအလျှံကို လွှတ်၏။ ရသေ့တို့ လည်း အဝေးကနေ၍၊ ယခုရဟန်းကြီးဂဂါဘမကိုနဂါးညှင်း ဆဲချာဘော့မည်ဟု တဆိတ်ကာ ကြည့်ကုန်၏။ မိုးသောက်လတ် သော်၊ ဘုရားသခင်လည်း နဂါးကို သက်ဘ်ခတ်တွင် ထည့်၍ ရသေ့တို့ ခေါ်ပြ၏။ ဂဂါဘမရဟန်းသည် တန်ခိုးကြီးခြင်း၏ ငါ့ကဲ့သို့ ရဟန္တာမဟုတ်သည်သာ ကည်းဟု အကြံဖြစ်၍၊ ဤ အရပ်၌နေလော့ဟု မှာထားလျက်ကြကုန်၏။ ဘုရားသခင်လည်း ဝန်ခံတော်မူ၍၊ ညဦးယာမ်၌ နတ်မင်း ကြီးခလေးပါးလာ၍ ဘောက်ပသော ကိုယ်ဖြင့် ခစားဖူးမျှော် သည်ကို ရသေ့တို့ မြင်ပုန်သော်၊ ရဟန်းကြီးဂဂါဘမသည် တန်ခိုးကြီးလှ၏၊ သို့သော် ငါတို့ကဲ့သို့ ရဟန္တာ မဟုတ်သည်

သာဟု အောက်မေ့ကြ၏။ နောက်နှစ်ည သိကြားမင်း၊ နောက်နှစ်ည ဗြဟ္မာမင်းတို့ ဝပ်စင်းခစားလာသည်ကိုမြင်၍၊ အံ့သြကြီးပြီးလျှင် ဤနည်းပင်အကြံဖြစ်၏။ ပြာသိုလပြည့်နေ့ ရောက်ပေသော်၊ ဒေဝဒတ်တိုင်း၊ မာဂဓတိုင်းသားတို့သည် ရသေ့ဆရာများအား လာရောက် ပူဇော်မြဲဖြစ်၍၊ ရသေ့ကြီးသည် နှက်ဖြန် ရှင်ကြီးငါးတမမရှိလျှင် ကောင်းမည်။ ရှင်ကြီးငါးတမ၏ တန်ခိုးကို မြင်သမျှတို့ ကြည်ညိုကြလိမ့်မည်ဟု အကြံဖြစ်သည်ကို ဘုရားသခင် သိတော်မူ၍၊ လပြည့်နေ့နံနက်တွင် ဘုရားသခင်သည် မြောက်ကျွန်းသို့ ကြွတော်မူ၏။ လပြည့်ကျော် တရက်နံနက်၌ ပြန်ကြွတော်မူလာ၍၊ ရဒေသတို့၏အကြံကို သိပေကြောင်း မိန့်ဒတော်မူသော်၊ တန်ခိုးတော်ကို ချီးမွမ်းသော်လည်း ငါတို့ကဲ့သို့ ရဟန္တာမဟူတ်သည်သာတည်းဟု ဆိုကြကုန်၏။

တနေ့သောအခါ၌ ရဒေသတို့သည် မီးဖိုရန်ထင်းခဲ့ပါသော် မတတ်နိုင်၍၊ ဘုရားသခင်အား လျှောက်ထားကြရာ၊ ကဲ့ဒစသတည်းဟူ ဘုရားသခင် မိန့်ဒတော်မူလျှင်၊ ထင်းငါးရာကို ဟကြိမ်တည်း ကဲ့ကုန်၏။ ထင်းကို မီးညှိပါသော်လည်း မဒတာက်နိုင်ပြန်လျှင်၊ ဘုရားသခင်လည်း မီးညှိစေသတည်းဟု မိန့်ဒတော်မူသော်၊ မီးသည် တပြိုင်နက်တောက်ကုန်၏။ မီးငြိမ်းစိမ့်ငှာ မတတ်နိုင်သည်ကို ဘုရားသခင်သည် ငြိမ်းစေ၏။ ရဒေသကိုဆည် ရှင်ကြီးငါးတမသည် တန်ခိုးကြီးပေ၏၊ သို့သော ငါကဲ့သို့ ရဟန္တာမဟုတ်သည်သာတည်းဟု အောက်မေ့၏။ ဆောင်းလအခါ မိုးသည်းထန်စွာ ရွာလတ်သော်၊

အလုံးစုံ မြေကို လွှမ်း၏။ ဘုရားသခင်လည်း ဓရေကြီး အပြင် အလယ်၌ ရေမလွှမ်းဘဲ သဲဖုတ် ထောင်းထောင်း လွှင့်စေ၍၊ စကြံကြွတော်မူ၏။ ရသေ့တို့သည် ရှင်ကြီးဂေါတမ သေရှာတော့မည်ဟု လျှောဖြင့် လာ၍ရှုကြသော်၊ ရှင်ကြီး တန်ခိုးကြီးကြောင်း မှန်၏။ ရဟန္တာမဟူတ်သည်သာတည်းဟူ အကြံဖြစ်၏။ ထိုသို့ အထင်မှားကို ပယ်ဖျောက်ခြင်းငှာ မြတ်စွာဘုရားသည် တရားဟောတော်မူ၏။ တရား**အဆုံး** ဥရုဝေလ ကဿပ ရသေ့နှင့် တပည့်ငါးရာတို့သည် ရသေ့ပရိက္ခရာများကို ရေသို့မျှော၍၊ ဟိတိက္ခူရဟန်းချည်းဖြစ်ကြကုန်၏။ အောက်မြစ်ကွေ့၌နေသော နဒီကဿပနှင့် ဂယာကဿပတို့သည် ဓရေမြောလာသော ရသေ့ပရိက္ခရာများကိုမြင်၍၊ စိုးရိမ်သဖြင့် လိုက်လာရာ၊ တရားနာရ၍ ရသေ့ငါးရာပါ နောက်ထပ် ရဟန်းဖြစ်ကြပြန်ကုန်၏။

ဘုရားသခင်သည် ဆုဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း

လူနတ်တို့အား တရားမြှိုက်ဆေး တိုက်ကျွေးတော်မူ၍၊ ဆုဇဂြိုဟ်ပြည် ဝဇ္ဇုဝန်ကျောင်း၌ ဘုရားသခင် သီတင်းသုံးတော်မူကြောင်းကို သုဒ္ဓေါဒနမင်းကြီး, ကြားသိလေသော်၊ အမတ်တယောက်ကို ယောကျ်ား အချွေအရံ တထောင်နှင့် ဆုဇဂြိုဟ်ပြည်သို့လွှတ်၍ အရှင့်ခမည်းတော်သည် အိုမင်းသော အရွယ်သို့ရောက်ပြီ မသေခင်ကို ဖူးမြင်လိုပါသည်၊ ကြွတော်

မူပါဟု လျှောက်၍၊ ပင့်ဆောင်ခဲ့၏။ ဘုရားရှင်မှာကို ရောက်သောအခါ၊ တရားဟောကို နာရ၍ ဟိတိကွေးခါ တော်ပွဲသဖြင့်၊ ရဟန္တာဖြစ်ကြကုန်၏။ သုဒ္ဓါဒနမင်းကြီးလည်း သွားလေသောအမတ် ပြန်ချီနှင်သင့်၍ မပြန်လ ဒုသော် လိမ္မာသော အမတ်ဘဒယားကို ရှေးနည်းအတိုင်း အခြံအရံတားထောင်နှင့် လွှတ်ပြန်၏။ ထိုသူကိုလည်း ယခင်လူတို့ကဲ့သို့ ရဟန္တာဖြစ်ကြ၏။ ထိုသို့ ကိုးကြိမ်တိုင်တိုင် စေပါသော်လည်း သတင်းစကားမှ မဒရာက်ပသဖြင့် ဘွားဘက်တော် ကာလုဒါယီအမတ်ကို ဗိုလ်ပါတထောင်နှင့်ကွ လွှတ်ပြန်၏၊ ဘုရားရှခြင်းသို့ဆောက်လျှင် ဟိတိကွေးချင်း ဖြစ်ကြလေကုန်၏။ ထိုသို့က လုဒါယီအမတ်ရောက်၍၊ ခုနစ်ရက်နေမြောက်သော နေ့တွင် သုဒ္ဓါဒနမင်းကြီးမှာလိုက်သော စကားကို ဘုရားသခင်အား လျှောက်သဖြင့်၊ ဘုရားသခင်သည် မဂဓတိုင်းသား သာဝတ်ပြည်သား၊ ကပိလဝတ်ပြည်သား သဃ်ာ တသောင်း ခြံရံလျက်၊ တပေါင်းလပြည့်ကျော် တရက်နေ့ပင် ရာဇဂြိုဟ်ပြည်မှ ထွက်ကြွတော်မူ၏။

ဆွေတော် မျိုးတော်တို့ကို ချွတ်တော်မူခြင်း

ဘုရားသခင်ကြွတော်မူလျှင်၊ ကာလုဒါယီ ထေရ်လည်း သုဒ္ဓါဒနမင်းကြီးအား သတင်းစကား ကြားသိ စေခြင်းငှာ မြတ်စွာဘုရား အလျင်ပင်၊ ကောင်းကင်ခရီးဖြင့် ကြွသွား၍၊ သုဒ္ဓါဒနမင်းကြီးအား သတင်းစကား ကြားလေ၏။ ဘုရားသခင်လည်း အစဉ်အတိုင်း ကြွလာတော်မူ၍၊ သာကီဝင်မင်းတို့ ဆောက်လုပ် လှူဒါန်းသော နိဂြောဓာရုံ ကျောင်းတော်၌၊

သီတင်းသုံးနေတော်မူ၏၊ သာကီဝင်မင်းသားတို့လည်း မာန်မာနကြွ၍၊ သိဒ္ဓတ်မင်းသားကား ငါတို့တူ၊ ငါတို့သားသာငါတို့ဦးအာက်ငယ်စွာ၏။ ငါတို့ရိုးခြင်းငှာ မထိုက်ဟု နှုတ်လုံးပြူသည်ကို သိတော်မူသော်၊ ရေးစုံ မီးအစုံသော ကန်ကိုပြာဦးကားကို ပြတော်မူ၏။ ထိုအခါ ဘခင်သုဒ္ဓါးနမင်းကြီးသည် ခြေတော်ကို ဦးဖြင့်တိုက်၍၊ အရှင်ဘုရား-ဘုရားတော်မူစကား ဒေဝီလရဿ၏ ထိပ်ထက်၌ ရွှစက်စုံဘင်သည်ကိုမြင်၍၊ ဘခင်တကြိမ်ရိုးပါပြီ၊ လယ်ထွန်ကံလာပြုသောအခါ၊ သားတော်စံတော်မူသော သင်္ဘောပင်ရိပ်ဝန်းသည် မယွင်းမရွေ့ ပြာဏာတည်သည်ကိုမြင်၍သည်း ဘခင်တကြိမ်ရှိခိုးပါပြီ။ ယခုမှာမမြင်ဘူးအောင် ထူမြတ်သော တန်ခိုးပြာဋိဟာကို မြင်ပါရ၍။ ဘခန်ပူဇော်ပါပြီ။ ဤကား သုံးကြိမ်မြောက် ရှိခိုးခြင်းပါတည် ဟုလျှောက်၏။ ဤသို့ မင်းကြီးနှိုးသည်ကို မြင်လျှင်၊ ရှိခိုးဘဲနေဝံ့သော သူကား မရှိပြီ။ အလုံးစုံသော ကာကီဝင်မင်းအပေါင်းတို့သည် ဦးခေါင်း နှိမ့်ချလျှက်၊ ရှိခိုးကြကုန်သတည်း။

ဘုရားသခင် ကဠလဝတ်ပြည်တွင် ဆွမ်းခံတော်မူခြင်း

ဆွေတော်မျိုးတော် တို့သည် ညွှတ်ကျိုးသော မာနဖြင့်၊ တရားတော်ကိုနားပြီးသော် ပြန်ကြကုန်၏၊ ဘခင်မင်းတရားတို့စ၍၊ တယောက်သောသူမျှ ဆွမ်းစားမပင့်ကြကုန်။ ထိုနေ့ကုန်၍ နံက်သောအခါ၊ သင်္ဃာတော်နှင့်သော်၊ နှင့်တကွ၊

အိမ်စဉ်ဖေတိုင်း ဆွမ်းခံတော်မူ၏။ ယသော်ဓရာ မင်းသွံးသည် မောင်တော် မင်းသားဆည် သိကြားမင်း၏ အာသရေကဲ့သို့ ရွှေထမ်းစဉ်နှင့် အစဉ်သွားလာမြဲ ဖြစ်ပါလျက်၊ ယခုခွက်လက် စွဲ၍ ဆွမ်းခံသည်မှာ တင့်တယ်ပါလိမ့်လောဟု ငေသာနန်း ပြူတင်းကိုဖွင့်၍ မြော်လင့်လေသော်၊ ရောင်ခြည်တော်ခြောက် စိုင်သည် ဘုပြိုင်နက် ထွန်းလင်းလျက်၊ သင်္ကန်းတော်ဖျားမှ ဘဝါးတော်အပြင်တိုင် အောင် မအုံသြနိုင်သော ဘုရားအာသရေ ကိုမြင်၍၊ လွန်၊မောဆွတ်လွတ်၊ ကြည်ညှတ် မြတ်နိုးလှသဖြင့်၊ ပရိဒေဝ ဖြစ်ရပြန်ပေ၏။ သုဒ္ဓေါဒနမင်းကြီးလည်း ကြားသိတော်မူ၍ နန်းတော်မှ အဆောတလျင် သက်ဆင်းပြီးလျှင်၊ အနှင်ဘုရား အကျန်ပိုအား အဘယ်ကြောင့် အရှက်ခဲပါသနည်း။ ဤနှစ်သောင်းသော သံဃာကို တကာတော်မကျွေးနိုင်ဟု ထင်ဘိသလောဟု လျှောက်၏။ ဘုရား သခင်လည်း ဘခင်မင်းကြီး...ဤဆွမ်းခံသော အရာသည် ရှေးရှေး ဘုရားမှ သက်ဆင်းလာသော ငါတို့အကျင့်ဖြစ်၍၊ သင့်တော်လျှောက်ပတ် ချီးမွမ်းအပ်၏ဟု မိန့်တော်မူလျှင်၊ နန်းတော်သို့ပင်၍ တရားတော်နာရာ မင်းကြီးသည် သကဒါဂါမ်, မိဆွေးတော် သည် သောတာပန်တည်လေသတည်း။

ဗုဒ္ဓသောဝဏ္ဏဓေဝီ၏ ဖူးမျှော်ခြင်းကို ခံတော်မူခဏ်း

ဘုရားသခင်သည် ရွှေနန်းဦးကင် ရာဇပလ္လင်ထက်ဝယ် ဆွမ်းဘုဉ်းပေးပြီးသည့်အဆုံး၌၊ မောင်းမ မိသီတို့သည် ရှိခိုး ပူဇော်ကြကုန်၏။ ယခုရာဇဓာနီမြို့တော်သည် ပူဇော်ခြင်းငှာ

မထွက်လာ၍၊ သခင်မထွက်ကြွတော်မူပြီးလျှင်၊ သုံးလှည့်သခင်ကို ဦးတင်ပူဇော် ဖူးမျှော်ပါဒေလော့ဟု လျှောက်ကြသော်၊ အကယ်၍ ကျွန်ုပ်ကို ထောက်မျှော်သနားတော်မူပါလျှင်၊ ကိုယ်ကျော်ကြွလာပါလိမ့်မည်ဟု ဆိုနေ၏။ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြားကြသော်၊ နှစ်ပါးသော အဂ္ဂသာဝကကိုခေါ်၍၊ ယသော်ဓရာမင်းသို့၏ တံခွန်ဆိုင်သို့ ဝင်တော်မူ၍ ရတနာသလွန်ထက်၌ စံတော်မူ၏။ ထိုအခါ ယသော်ဓရာမင်းသို့သည် အာပန်းတကြီး ခုံမင်စွာလာ၍၊ ခြေဖျက်တော်ကို လက်ဖြင့်ပိုက်လျက် ဖမိုးတော်၌ မျက်နှာဦးခေါင်းကိုထား၍ ဖဝါးတော်မြတ်ကို နမ်းခါနမ်းခါ ခြင်းရာစကား သယ်သည်မျှားမှ မကြားနိုင်စွာ၊ ဘန်ခါမျက်ရည်၊ မဆည်တန့်နိုင် ဖြိုင်ဖြိုင်ဆိုးလျက်၊ သက်ကြီးရွယ်ကင်၊ ဘဝင်ပြောင်းပြန်၊ လုန်လုမတတ် ဆံနှင့်ပုတ်သပ်၊ ပါးနှင့်အပ်၍၊ အထပ်ထပ် ရှိခိုးလေသတည်း။ ထိုအခါ ခမည်းတော်မင်းကြီးက အကျွန်ုပ်သို့သည် သားကြီးရာဟူလာကို အလွန်စုံမက် နှစ်သက် လေးမြတ် ပေသည်ကဲ့ခွေးမတော် ယသော်ဓရာ၏ ဂုဏ်ကျေးဇူးကို ချီးကျူးလျှောက်ထားရာ၊ မြတ်စွာဘုရားက တကာတော်မင်းကြီး-ယခု စောင့်ရှောက်ထိန်းသိမ်း၍ ဖြောင့်မတ်တည်ကြည်သည်ကား အံ့ဘွယ်မရှိသေး။ ရှေးအခါက စန္ဒကိန္နရီ ဖြစ်စဉ်က ဆွညာ, မိဘ, စောင့်ရှောက်သူမရှိဘဲ မိမိကိုယ်ကို မိမိစောင့်သဖြင့် ရှည်မြင့်စွာ ကြင်နာဘူးပြီဟု စန္ဒကိန္နရီဇာတ်ကို ဟောချ၍ ကျောင်းသို့ ပြန်တော်မူ၏။

ညီတော် နန္ဒမင်းသားကို ရဟန်းပြုခဏ်း

သုဒ္ဓါဓနမင်းထရားသည်လည်း ငါးဆား‌ထော်အကြီး သည် ရွှေထီးရွှေနန်းကို စိုးစံခြင်းတည်းဟုသော လူ့မင်းစည်း စိမ်ကို ငြီးငွေ့သည်မှန်ပြီ၊ ဧနောင်အခါ ငါရိပ်ထွာကို ချုပ်၍ မင်းလုပ်စိမ့်သောငှာ သားတော်မင်းနန္ဒကို နှမတော် ဇနပဒ ကလျာဏီနှင့်စုံဖက်၍ အိမ်ရှေ့နှင်းမည်ဟု ကြုံပြီးလျှင် ဘုရား သခင်ရောက်၍ သုံးရက်မြောက်သောနေ့၌ အိမ်တက်မင်္ဂလာ ထိမ်းမြားမင်္ဂလာ၊ ဦးသျှောင်ထုံးမင်္ဂလာ၊ ထက်ဖွစ်ဆောင်း မင်္ဂလာ၊ အိမ်ရှေ့ထီးဆောင်းမင်္ဂလာ ဤငါးဖြာစသောမင်္ဂလာ သဘင်ကို ကျင်းပတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဆွမ်းခံဝင်တော်မူ၍ မင်္ဂလာ မထွက်တော်၌ ထူးမြတ်သော မင်္ဂလာတရားတော်ကို ဟောကြားပြီးသော် ညီတော် နန္ဒမင်း သားဆား သပိတ်တော်ကိုကမ်း၍ ထွက်ကြွတော်မူ၏ နန္ဒ မင်းသားလည်း ဘုရား၌ ရိုသေခြင်းဖြင့်သဖြင့် သပိတ်တော် ကို သူ့ဘပါးအား‌မပေး‌ဝံ့။ ပခုံးထက်ထမ်းခါသာ နောက် ဆောင်က တစိုက်စိုက်လိုက်ရလေ၏။ ဇနပဒ ကလျာဏီမင်း သမီးသည် လျှင်စွာထမျှော်၍ ရင်အုံဆွတ်မောလှ၍ စီးကျ မျက်ရည် ဖြည်အပ်သော ဆံတို့ဖြင့် ငယ်သံငယ်မူကို ဖြစ်စေ လျက် အာခွင့်သား ရှည်လျားစွာ မနေပါလင့်၊ မြန်စွာ ပြန်ခဲ့ လော့ဟု လျှောက်လိုက်၏။ ထိုစကားသည် နန္ဒမင်းသား၏ သည်းချာဝမ်းပြင်၌ တံကျင်လှိုက်သကဲ့သို့ရှိ၏။ မြတ်စွာဘုရား သည် ကျောင်းတော်သို့ရောက်လျှင် ညီတော်နန္ဒရဟန်းပြုနိုင်ပါ

မည်လောဟုမေး၏။ နန္ဒမင်းသားလည်း ဘုရားရှင်၌ ရှိသေခြင်းကြောင့် မပြုလိုပါမဆိုဝံ့ ရကား ပြုပါမည်ဟု လျှောက်၏။ ဘုရားသခင်လည်း ရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ ညီတော်ကို ရဟန်းပြုစေ၏။ မင်းသားလည်း ထိုင်တိုင်း နေတိုင်းပင် နှစ်မတော် မှာလိုက်သော အသံကိုကြား၍ စားမဖြောင့် စက်မပျော်ရှိ၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌နေသောအခါ ငါသည် လူထွက်၍ ထီးဆက်နန်းရာကို ခံစံတော့မည်ဟု ကြံသည်ကို သိတော်မူသော် ကိုယ်တော်မြတ်လည်း ညီမင်းနန်ကို ခေါ်၍ မြို့စခန်းသို့ ကြွတော်မူ၏။ ဇာဝခရိုးဌ မီးလောင်ပြင်စု တခုသော သစ်ငုတ်တိုဝယ် အိုမင်းထိုးရှား မေးပါးရှုန့်တွန့် နှာလုန့်ညှီးညှီး အရိုးဖြိုင်းဖြိုင်း ခါးကိုင်းကိုင်းနှင့် အတိုင်းမသိ စက်ဆုပ်ဘွယ်သော မျောက်မတကောင်ကို မြင်လျှင်၊ လက်ညှိုး ညွှန်တော်မူပြီးသော်၊ ထို မျောက်မနှင့် ငါ့ညီနှစ်မ ဇနပဒ ကလျာ၊ ဤနှစ်ဖြာသည် သွင်ပြင်မူရာ ဘယ်သူက သာသနည်းဟူ မေးတော်မူ၏။ ညီတော်လည်း အာလွန်ဝမ်းနည်းရကား သည်းစွာ ငိုကြွေးမြည်တမ်းသော် ကိုယ်တော်မြတ်က ငါ့ညီသဘောကို သိလို၍ ငါကျည်ဆယ်သည့် စိတ်မငယ်နှင့်ဟု မိန့်တော်မူပြီးလျှင် တာဝတိံသာနတ်ပြည်သို့ တက်ကြွတော်မူ၏

တာဝတိံသာနတ်လမ်းမသို့ ရောက်သောအခါ ဝေဇယန္တာန် နန်းရင်ပြင်၌ အရှင်သိကြားမင်းအား ခစားအံ့သောငှာ တင့်တယ်စွာ တန်းဆာဆင်ယင်လျက် လဲကုန်သော ခိုခြေအသွင် နီလွင်တောက်ပ အလွန်လှသော အဆင်းအရောင်

ရှိကုန်သော ငါးရာမျှလောက်သော နတ်သမီးတို့ကို ခရီးရင်ဆိုင်တွေ့ကြသဖြင့် ညီတော်နန္ဒ ယခုမြင်သော နတ်ကညာတို့နှင့် သာကီဝင်မင်းစစ် ညီချင်နှမ ဇနပဒ ကလျာဏီသည် ဘယ်သူသာ၍ ဆင်းဝါလွန်ကြ။ အထူးတင့်တယ်ဘိသ၊ နည်းဟူ မေးတော်မူပြန်၏။ ဤနတ်သမီးတို့နှင့် စာနာပါမူ ဇနပဒကလျာဏီသည် ယခင်ပြတော်မူခဲ့သော မျောက်အိုမနှင့် တုပါတော့သည် ဘုရားဟူ လျှောက်၏။ ဘုရားသခင်လည်း ညီတော်နန္ဒ ငါ့သာသနာ၌ ကောင်းစွာ ကျင့်ဘိလော့၊ နတ်သမီးများ သင့်ထံသို့ ခစားလာစေတတ်သော ပညာကို ငါပေးတော်မူအံ့ဟု ဆို၍ နတ်ပြည်မှ ပြန်လာတော်မူ၏။ ကျောင်းတော်သို့ ရောက်သော် လက္ခဏာရေးသုံးပါးနှင့် စပ်သော တရားဒေသနာကို ဂါထာဘွဲ့၍ ပေးတော်မူသဖြင့် နှလုံးမခြား ထိုင်လျက်ထလျက် နတ်ကညာတို့လာအောင် ရည်မှန်း၍ စီးဖြန်းသရဇ္ဈယ်၏။ နတ်သမီးရစိမ့်သောငှာ ရဟန်းပြုသည်စသည်ဖြင့် ပြက်ရယ်ပြု၍ ကျည်ဆယ်ကြသော် ရှက်ရကား ကွယ်ဝှက်ရာ၌ စီးဖြန်း၏။ စီးဖြန်းဖန်များသဖြင့် တရား၏ အဓိပ္ပာယ်သည် မျက်စိဝယ် မြင်သကဲ့သို့ ထင်ရကား များမကြာမီ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

သားဓတော် ဏဟုလာ မင်းသားကို ရှင်ပြုခဏ်း

ထိုနောက်မှ ခုနှစ်ရက်မြောက်သောအခါ ရာဟုလာမယ်တော် ယသော်ဓရာ မိဘုရားသည် သားတော်ကို တန်းဆာဆင်ယင်ပြီးသော် ချစ်သား ရဟန္တာနှစ်ဆောင်း ခြံရုံလျက်

စမ္ပယ်တော်မူသော ဤပုဂ္ဂိုလ်မြတ်ကား အခြားမဟုတ် သားမောင် ဘခင်ကျွေးဇူးရှင်ဖြစ်သည်။ မွေးမိခင်နှင့် ရွှေနန်းပြင်ဝယ် စံရှင်တော်မူသော ကာလက တယူဇနာ သုံးဂါဝုတ်မျှ ကြီးကျယ်လှသော ရွှေအိုးလေးလုံးတို့သည် ရှိကုန်၏။ ထို ရွှေအိုးတို့သည် သားတော် ဘခင် တောဝင်သည်မှစ၍ မမြင်ရကုန်။ ဘယ်ရပ် ဘယ်ကွက် ဘယ်သူလက်၌ လျှို့ဝှက်ခဲ့သည်ဟု မသိရပါ။ ငါ့သားမှာမူ ထီးဖြူအုပ်၍ မင်းလုပ်ရမည့်သူ ဖြစ်ချေသည်။ မောင်ဘ ဘုရားထံသွား၍ အမွေတောင်းချေလော့ဟု လွှတ်လိုက်၏။ ရာဟုလာမင်းသားလည်း ဘုရားဆွမ်းဘုဉ်းပေးတော်မူရာအနီးသို့ ကပ်၍ ဘခင်၏ ချစ်ခြင်းဖြင့် ရဲဘင်ရွှင်လန်းစွာ မိမိနှင့် လျော်ချစကား ဆိုလျက် ရပ်၏။ ဘုရားသခင် ကြွတော်မူလေသော် နောက်တော်က ကပ်၍ သက်နှံးစကို ငဲ့လျက် ဘခင်ရဟန်းမြတ် အကျွန်ုပ်ကို အမွေ့သနားတော်မူပါ။ အဘဉစွာဟူက သားရမြဲ ဖြစ်ပါသည်ဟု တောင်းခါတောင်းခါလိုက်၏။ ကိုယ်တော်မြတ်လည်း သားတော်ကို ပြန်လေတော့ဟုလည်း အမိန့်တော်မရှိ၊ ကျောင်းတော်သို့ တိုင်အောင် လိုက်လေ၏။ ထို့အခါ မြတ်စွာဘုရားသည် ဂါသား ရာဟုလာသည် ဉစွာအမွေကို အလိုရှိ၏။ ထိုဉစွာကား ဝဋ်တရား၌ ရှည်လျားစွာ ကျင်လည်ရကြောင်း မကောင်းသော အဖန်ဆောက်အဦးသာ ဖြစ်သည်။ မောင်ဘ မြတ်စွာဂါဘုရားသည် ကြိုးစားကုပ်ကပ်၍ ရှာရသမျှဖြင့် မဟာဗောဓိပလ္လင် ရွှေဘုံ၌ အလုံးစုံရအပ်သော လောကုတ္တရာဓမ္မအမွေကို ဂါပေးတော်မူမည်။ သာရိပုတ္တရာ ရာဟုလာကို ရှင်ပြုဘိလော့

ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်မဟာ မောဂ္ဂလာန်သည် ဆံရိတ်၍ သင်္ကန်းဝတ်ရ၏၊ အရှင်သာရိပုတ္တရာသည် သရဏဂုံ ပေး၏။ အရှင်မဟာကဿပသည် ဩဝါဒတရား ပေး၏။

ထိုသို့ သားတော်မြေးတော် တို့ကို ရဟန်းပြုလေလျှင် ဘခင် သုဇ္ဇာဒေနမင်းတရားသည် နှလုံးမသာခြင်းဖြစ်၍ ဘုရား သခင်အထံသို့လာပြီးသော် သားတော်ဘုရားကို ငယ်စဉ်ကပင် ချစ်နှစ်သက်စိမ်ချမ်းသာတို့ဖြင့် မြှောက်စားထားပါသော်လည်း အကျွန်ုပ်အား မင်္ဂလာကုသိုလ်တော်ထက်၍ ရဟန်းပြုခြင်းကြောင့် အကျွန်ုပ်၌ ကြီးစွာသော ဒုက္ခဝန်ကို ရရှိပါပြီ၊ သည်နှင့်မနေ နန်းလျာထားသည့် သားမင်းနန်ကို တဘန်ယူ၍ ရဟန်းပြုပြန် သောကြောင့်လည်း ကြီးစွာ စိတ်ဒုက္ခဖြစ်ရပါသည်။ သားကြီး သားငယ်ပင် ရဟန်းဖြစ်စေကာမူ မြေးတော်ရာဟုလာ နန်းမှာ ကျန်ရစ်၍ ကောဇာမင်းကောင်း ဘေးလောင်းတော်တို့၏ အန္တယ်မပျက် ထီးနန်းကနက်ကို စိုးဆက်စံမြန်းကာ စကြဝဠာမင်း သရေကို ရရှိမြင်ပါရမူ စိတ်က ပြေနိုင်ပါ၏။ သို့ပါလျက် မြေးတော် ရာဟုလာကိုလည်း ယခု ရဟန်းပြုခဲ့ပြန်၏။ ခမည်းတော်မှာ အာရိပ်အာခံမည့် သူလည်း မရှိပြီ။ ရာဇပဝေဏီ အစိုးအစဉ် လျှဉ်ယုတ်၍ လူသစ်ငုတ်ကဲ့သို့ ဖြစ်ခဲ့ပြီ။ ယနေ့မှစ၍ မိဘတို့ အနှုးအညှာတ် ခွင့်မလွှတ်သော သားသမီးကို အရှင် ဘုရားယူ၍ ရဟန်းမပြုပါလင့်ဟု လျှောက်၏။ ဘုရားသခင်လည်း ဝန်ခံတော်မူပြီးလျှင် ပဗ္ဗဇိတသုတ်ဒေသနာကို ဟော တော်မူ၏။ ထိုနောက် မဟာဓမ္မပါလဇာတ်ကို ဟောတော်

မူ၏။ တရားအဆုံးဌ် ခမည်းတော်မင်းကြီးသည် အနာဂါမ်ကို တည်လေ၏။

မြတ်စွာဘုရား သီတင်းသုံးရာ ဝါဆိုစဉ်ဌာန

မြတ်စွာဘုရားသည် ဗာရာဏသီပြည် မိဂဒါဝုန်တော နန္ဒိယကျောင်းဌ် ပဌမဝါဆိုတော်မူ၍ ဒုတိယ-တတိယ-စတုတ္ထ ဝါများတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ဌ် ဝါဆိုတော်မူ၏။ ထိုနောက် ဓဝသာလီပြည် မဟာဝုန်တောဝယ် စုလေစ်မုန်းချွန်တပ်သော စရပ်ကျောင်းဌ် ပဉ္စမဝါဆိုတော်မူ၏။ ထိုနောက် မကုလတောင် ချံယားတောဌ် ဆဋ္ဌမ ဝါဆိုတော် မူ၏။ ထိုနောက် တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ် ပင်ရင်း ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်ဌ် သတ္တမဝါဆိုတော် မူ၏။ ထိုနောက် အဂ္ဂတိုင်း သုသုမာရဂိရိကို အမှီပြု၍ အဋ္ဌမ ဝါဆိုတော်မူ၏။ ထိုနောက် ကောသမ္မီပြည် ဃောသိတာရုံ ကုက္ကုဋာရုံ၊ ပါဝါရိကာမ္ဗာရုံကျောင်းသုံးရပ်ဌ် နဝမဝါဆိုတော် မူ၏။ ထိုနောက် ပါလိလေယျကတောဌ် ပလလည်းဆင်မင်း၏ အလုပ်အကျေးကိုခံ၍ အင်ကြင်းပင်ရိပ်ဌ် ဒသမဝါဆို တော်မူ၏။ ထိုနောက် နာဠာရာအနီး နာဠိကာရုံကျောင်းကြီးဌ် ကောဒသမ ဝါဆိုတော်မူ၏၊ ထိုနောက် ဝေရဉ္ဇတိုင်းအနီး နဠေရုဘီလူး စောင့်ရှောက်အပ်သော တမာပင်ရင်းဌ် ဒွါဒသမ ဝါဆိုတော်မူ၏။ ထိုနောက် စာလီယတောင်ဌ် တေရသမ ဝါဆိုတော်မူ၏။ ထိုနောက် သာဝတ္ထိပြည် အနာထပိဏ်သူဌေး

ပင့်သဖြင့် ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓသမဝါဆိုတော်မူ၏။ ထိုနောက် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ပန္နရသမဝါဆိုတော်မူ၏။ ထိုနောက် အာဠဝီပြည်အနီး မဟာဝုန်ကျောင်းကြီး၌ သောဠသမ ဝါဆိုတော်မူ၏။ ထိုနောက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သတ္တရသမဝါဆိုတော်မူ၏။ ထိုနောက် စာလိယတောင်၌ အဋ္ဌာရသမဝါ ကေနဒိသတိမ ဝါဆိုတော်မူ၏။ ထိုနောက် ရာဇဂြိုဟ်ပြည်၌ ဝီသတိမဝါဆိုတော်မူ၏။ ထိုနောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဗကဝီသတိမဝါမှစ၍ တဆဲ့ကိုးဝါတိုင်တိုင် နေတော်မူ၏။ ထိုနောက် ဝိသာခါ ဒါယိကာမမြတ်သည် ဆောက်လှူအပ်သော ပုဗ္ဗာရုံကျောင်းတော်၌ စတ္တာလီသဝါမှစ၍ ခြောက်ဝါတိုင်တိုင် ဝါဆိုတော်မူ၏၊ အဆုံးစွန်သောကာလ၌ကား ဝေဠုဝရာဇ် ဝါကင်းတော်မူ၏။

ဝါဆိုစဉ်ရှိခိုး

သုံးလှူသခင် ငါးမာရ်သင်၍ ပလွင်ပတ်ရံ သတ္တင်္ဘာန် ဝယ် သတ္တဟန်ဘဲ့ စမွယ်ခဲ့ပြီး တဆယ့်ရှစ်ယူဇနာ ထိုမှကဲ့သည် ဗာရာနဂရ မိဂဒၢ၌ နန္ဒိယဝိဟာ၊ ပဉ္စမဝါတည့်၊ ဒု၊ တိ ဇယ၊ ရာဇဂဟံ၊ ဝေဠုဝန်ပျော်၊ ငါးသော် ဝေသာလီ လိစ္ဆဝီ ဝိဟာ ဆဝါမကုလ၊ သတ္တမ-ဝတီသာ၊ အဋ္ဌ-ဘဂ္ဂ၊ နဝမ ကောသမ္မီ၊ ဂဂါသီရွှေဘုံ၊ ရဂုံပလေလေယ ဒသမတည့်၊ နာဠ ပုဏ္ဏားရွာ၊ ကောဒသည် ဝေရဉ်-ဗာရဏည်၊ တောင်မြတ်စာလီယ

တေရဿတည့်၊ စုဒ္ဒသဝါ၊ သာဝတ်တောင်စွန်း၊ ဇေတဝန်စံမှီ၊ ကပိပန္နရသီ၊ ကျောင်းမြတ်နိုးကြော၊ သောဠသမီ၊ အာဠဝိတည့် ဂီရိဗ္ဗဇ၊ သတ္တရသာ ဆဲ့ရှစ်ဝါနှင့် နဝါဒသ စာလီယကင်ဆို၊ ရာဇဂြိုဟ်ဝိသ ဤထိုမျှကား ပဌမဗေဒဝိ အနိယတ်ဝါ နောင် လားတွက်ဘွဲ့ နှစ်ဆဲ လေးတန် ဇေတဝန်ပုပ္ပါ လှည့်လည်ကာ ဖြင့် ခေမာနိုးသော် ရှာကြိုးဝေဠု၀၊ ဝါတော်မျှ၍ ပဥ္စစတ္တာ လီး အာသီတျာယု တိုင်သမှုဖြင့် ဤလူ့ဆက္ကရာဇ်၊ အင်္ဂ့, ဇော့,ကော်,ဠ္ဍ နှစ်သစ်ကဆုန် ပုဏ္ဏမီဇေ့ အင်္ဂါနေ့တွင် နိဗ္ဗာန် ဝင်သား ရှင်ဘုရားကို ညွှတ်တွားဝန္ဒနာ ပူဇော်ပါ၏။

ခမည်းတော် သုဒ္ဓါဒနမင်းကြီး နိဗ္ဗာန်စံခဏ်း

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ စတုတ္ထဝါ ပြည့်တော်မူလျှင် ဝေသာလီပြည်သို့ ဒေသစာရီ ကြွချီလေ သော်၊ မြို့အနောက်စုလစ်မွန်းချိန်တပ်သော စရပ်သို့ရောက်၍ သီတင်းသုံးနေတော်မူ၏။ တလကျော်ရှိလျှင်ပင် ဘခင်သုဒ္ဓါ ဒနမင်းတရား၌ ကြီးမားသည်းထန်စွာ ရောဂါကပ်လာ၍ ဆားတော် ဘုရားကို သွား၍ ပင့်ချေဟု အမတ်တပေယျာက်ကို စေလိုက်သဖြင့်၊ ဘခင်မင်းကြီးအား ချီးမြှောက်လိုသော စိတ် တော်ရှိ၍၊ သဃ်ာတော်ငါးရာနှင့်တကွ ကိုယ်တော်မြတ်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းသို့ ရောက်တော်မူ၍ သုံးရက်မြောက်သောနေ့၌ပင် ဘခင်သုဒ္ဓါဒန မင်းကြီးသည် တဘူမကခမ္မကို သခ်ါရတင်လျက် ဆင်ခြင် သုံးသပ်သဖြင့်၊

ဖြန့်အပ်သော ထီးဖြူအောက်ဝယ် အရဟတ္တာဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်စံယူလေ၏။ ဘုရားသခင်လည်း ဘခင်မင်းတရားကြီး၏ အလောင်းတော်ကို ကောင်းမွန်ကင့်တယ်စွာ တန်ဆာဆင်ယင်လျက် ရွှေနန်းဦးကင်အချက်ဝယ် စကြာဝဠာတေးမင်း၏ အလောင်းကို သင်္ဂြိုဟ်သောနည်းအားဖြင့် သင်္ဂြိုဟ်တော်မူ၏။

မဟာဝဇာပတိဂေါတမီ မိဘုရား ရဟန်းပြုခင်း

မြတ်စွာဘုရားသခင်သည် ခမည်းတော်၏ စျာပနကိစ္စကို ပြီးဆုံးစေ၍ နိဂြောဓာရုံကျောင်းဝယ် စမ္ပယ်တော်မူသော အခါ မဟာပဇာပတိ ဂေါတမီ မိဘုရားသည် ဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မယ်တော်မှစ၍ မာတုဂါမတို့ကို ရဟန်းပြုပါဟု လျှောက်၏။ ဘုရားသခင်လည်း ငါဘုရား သာသနာ၌ မာတုဂါမတို့ကို ရဟန်းပြုသဖြင့် မစင်ကြယ်ရာ ရဟန်းအဖြစ်ကို မနှစ်သက်လှုံ့ဟု မိန့်တော်မူ၏။ မယ်တော် ဂေါတမီလည်း ဤသို့စကားဖြင့် သုံးကြိမ်တိုင်လျှောက်ကြားပါသော်လည်း ဘုရားမြတ်စွာသည် ခွင့်သနားဘော်မမူသဖြင့် တသိုက်သိုက နန်းတော်သို့ပြန်လေ၏။ ဘုရားသခင်သည် မဟာဝုန်တော ကူဋဂါရစရပ်တွင် သီတင်းသုံးနေတော်မူစဉ် မိထွေးတော်ဂေါဘမီသည် ဆံကိုဖြတ်စေပြီးသော် ဖနံရည်စွန်းသော အဝတ်တို့ကိုဆီးလျက် သာကီဝင်မင်းသမီး အများနှင့်တကွ ဘုရားရှိရာသို့လိုက်၍ ကျောင်းတံခါးဝဝယ် ပြင်းပြစွာ ငိုယိုလျက်နေ၏။ ထိုငိုသံကို အာရုဏ်အာနန္ဒာကြားသဖြင့် ဘုရား

သခင်အား သုံးကြိမ်တိုင်တိုင် လျှောက်ထားပေ၏ ဘုရား သခင်လည်း ခွင့်ပြုတော်မမူသော် မယ်တော် ဂေါတမီသည် ကိုယ်တော်မြတ်**အား** ဝမ်းဖြင့်လွယ်သော မယ်တော်ရင်းထက် တိုးတက်မြင့်ကဲ၍ ဆင်းရဲခံရ ယုယမွေးကျွေးသူ ဖြစ်ပါသည်။ ကျေးဇူးရှင်ကို သခင်ဘုရား ခွင့်မသနားက နောက်သား နောင်လာတို့သည် **အ**မိဂုဏ်**ကျေး**ဇူးကို မနှိုင်းဆဘဲ ရှိပါတော့ လိမ့်မည်ဟု ကျေးဇူးဂုဏ်**ကို** ချီးပြ၍ လျှောက်ထား**ဒး**သော် ခွင့်ပြုတော်မူ၏။ မိထွေးတော် ဂေါတမီ မိဘုရား**နှင့်** ငါးရာသော သာကီဝင်မင်းသမီး**တို့**သည် **ရ**ဟန်း**အ**ဖြစ်ကို ယူကြကုန်၏။

ယသော်ဓရာဗိမ္ဗာဒေဝီသည် ဘိက္ခုနီမပြု၍ **ရ**ဟန္တာဖြစ်ခဏ်း

မယ်တော် ဂေါတမီ မိဘုရား ယောက်မတော် ဇနပဒ ကလျာဏီတို့သည် ဘိက္ခုနီမပြုကြ**လ**သော်၊ ဘဒ္ဒကစ္စနာ ရာဟုလာမယ်တော်သည် ကျွှဲသို့ကြ၏။ ငါတို့ ဘခင် သုဒ္ဓါဒန စော**မြ**တ်လှ**လ**ည်း ဘဝကောန်ငြိမ်း**လ**ပြီ။ နန်းရိုးဥပရာဇ် ဖြစ်သော နန္ဒမင်း**သား**လည်း တရားဘက်ပါ**ခြ**ပြီ။ ထိုနောက် နန်းလျာ ရာဟုလာ**ကို**လည်း ရှင်ခဲ့စ်ဘုရား**ယူ**လေပြီ၊ ကျွှဲသို့ သာ **ရ**ဟန်းပြုကြလျှင် ကပိလဝတ်ပြည်**သည်** ထီးနန်း**ဆက်**ခံ သူမင်းဆုံး၍ သုဉ်းရာသည်။ ငါ၏ရင်နှစ် **ရာ**ဟုလာ**ကို** ဘု ရား**ထံ**မှတောင်း၍ ဘိသိက်ခံ**စေ**အံ့ဟု ဘုရား**ထံ** လာခဲ့၏။ ဝေဠုဝန်**ကျောင်း**သို့ ရောက်သော**အ**ခါ မြတ်စွာဘုရား**အား** **ကို**ယ်တော်၏ **အ**ကျိုး**စီး**ပွား**သာ**လျှင် ကျင့်**သော်**မမူပါ**လ**င့်၊

သတ္တဝါတို့၏ အစီးအပွား ဆွေတော်မျိုးတော်တို့၏အစီးအပွား ကိုလည်း ကျင့်တော်မူပါ။ ယခု ကပိလဝတ်ပြည်သည် ထီးဆောင်းနန်းနေသုဉ်းခြေပြီ။ ဘုရားတပည့်တော်မ၏ သား ရာဟုလာကို သာသနာတော်မှထွက်စေ၍ ထီးဆက်နန်းစံစေမှ ဆွေတော်ချစ်သောင်းနှင့် ပြည်သူအပေါင်းတို့ကိုးစားရာ ရှိပါမည်၊ သို့ဖြစ်၍ ရာဟုလာကဲ့ပေးတော်မူပါဟု ယသော်ဓရာဒေဝီ လျှောက်သော်၊ မြတ်စွာဘုရားသည် ယဇသော်ဓရာဒေဝီအား တရားဟောတော်မူ၍ ရဟန်းပြုစေ၏။ ဘဒ္ဒကစ္စနာဗိဘုရားသည် သစ္စာလေးပါးကိုမြင်၍ အခြံအရံဖြစ်သော မောင်းမတို့နှင့်တကွ ရဟန်းပြုကြ၏။ မကြာမြင့်မီပင် တရားကို လွန်စွာအားထုတ်သဖြင့် ရဟန္တာဖြစ်လေ၏။

မြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ကလ္လာမ္ဗ သရက်ပြုပြင်ရင်းခွဲ တန်ခိုးပြာဋိဟာပြတော်မူခြင်း

သက္ကရာဇ် ၁၀၀-ပြည့် ဝါဆိုလဆောက်သော် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသော အခါဝယ်၊ ရာဇဂြိုဟ်ပြည်မှ လိုက်လာကြကုန်သော တိတ္ထိဘို့သည် အသပြာတသိန်းမျှ ထိုက်တန်သော မဏ္ဍပ်ကို ဆောက်စေပြီးလျှင် ငါတို့ တန်ခိုးပြာဋိဟာကို ပြအံ့ဟု သီတင်းလွှင့်ကြကုန်၏။ ပသေနဒီကောသလမင်းကြီးသည် ဘုရားထံသို့ကပ်၍ အရှင်ဘုရားအလို့ငှာ မဏ္ဍပ်ဆောက်လုပ်ပါမည်၊ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ တန်ခိုးပြာဋိဟာပြတော်

မူပါဟု လျှောက်သော်၊ ဘုရားသခင် လည်း မဆောက်လင့် သိကြားမင်း ဆောက်လတ္တံ့၊ ဝါဆိုလပြည့်နေ့တွင် ကထွာအမည်ရှိသော သရက်ပင်ရင်း၌ ပြတော်မူအံ့ဟု မိန့်တော်မူ၏။ ထိုအခါ တိတ္ထိတို့သည် ဓာယူဇနာအတွင်း၌ ရှိရှိသမျှ သရက်ပင်တို့ကို ခုတ်ထွင်ဖျက်ဆီးစေ၏။ ဝါဆိုလပြည့်နေ့ရောက်သော် ဘုရားသခင်သည် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူလျှင် စဉ် ကောသလမင်းကြီး၏ ဥယျာဉ်စောင့် ကထွာအမည်ရှိသော သူဿည် သရက်ဖြူသီးတလုံးကို မြတ်စွာဘုရား လက်တော်သို့ ကပ်လှူ အရှင်အာနန္ဒာလည်း ယခင် သရက်သီးကို သပိတ်ဖြင့် ခံတော်မူ၏။ ထိုဥယျာဉ်အနီး၌ပင် ရပ်တော်မူသော် ညီတော် အာနန္ဒာလည်း ပခုံးထက်ပါသော သင်္ကန်းတော်ကို ခင်းပေး၏။ မြတ်စွာဘုရားသည် ထိုင်တော်မူပြီးလျှင် သရက်သီးကို ဘုဉ်းပေးတော်မူ၏။ သရက်စေ့ကို ဥယျာဉ်စောင့်အား ကျွေးနေရာ၌ စိုက်လော့ဟု အပ်တော်မူ၏။ ဥယျာဉ်စောင့်လည်း မိန့်တော်မူတိုင်း စိုက်သော် ကိုယ်တော်မြတ်လည်း စိုက်ရာမြေထက်၌ လက်ဆေးတော်မူ၍ လက်ဆေးရေ မြေသို့ကျလျှင်ပင် မီးခိုးကဲ့သို့ ဖြိုးဖြိုးလုံးလုံး အညှောက် အကိုင်းအခက်တို့သည် အဖြာဖြာထွက်၍ တခဏချင်းတွင်ပင် အမြင့်အားဖြင့် သံတောင်ငါးဆယ် အကျယ်အပြန့်အားဖြင့် သံတောင်တရာရှိသော ငါးဖြာသော ခက်မတရာ့ငါးဆယ်သော ခက်သေးမွှေးလှစွာသော အရွက် အပွင့် အသီးနှင့် ပြည့်စုံသော သရက်ပင်ကြီးသည် ဖြစ်၏။ ဥယျာဉ်စောင့် မြင်လျှင် သာရှင်ဝမ်း

မြောက်စွာ ကခုန်မြူးထူးလျက်၊ သာဝတ္ထိပြည်တွင် အိမ်စဉ်အဘိုင်း ကြွေးကြော်၍ ကောသလမင်းကြီးအားလည်းလျှောက်လေ၏။ မင်းကြီးနှင့်တကွ မင်းညီမင်းသား မိဘုရား မှူးမတ်သေနာပတိတို့သည် မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူခြင်းကို ဖူးမျှော်ရန် လာကြကုန်၏။ သိကြားမင်းသည် လေနတ်သားကိုခေါ်၍ မလျော်သော အကြံရှိသော တိတ္ထိတို့မတ္ထပ်ကို လေမုန်တိုင်းဖြင့်ခတ်၍ ဖျက်ဆီးစေ၏။ မိုဃ်းနတ်သားကိုယည်း တိဘို့တို့အပေါ်တွင် တည်းခိုကြမရအောင် ရွာသွန်းစေ၏။ ပုရာဏ ကဿပတိတ္ထိကြီးလည်း လည်တွင် ကြိုးနှင့်အိုးရစ်ဆွဲပြီးသော် မြစ်ရေဝဲကြီး၌ ဆင်း၍သေလေ၏။

ဘုရားကိုယ်တော်မြတ်လည်း သုံးဆယ်ခြောက်ယူဇနာရှိသော မြေအရပ်၌ ခြေရာစပ်မျှ ပရိသတ်တို့စည်းဝေးရောက်လာကြသည်ကိုမြင်လျှင် ယူဇနာဝက် ပမာဏ မြင့်သော ကောင်းကင်ပြင်၌ အနှံ့စုံဝဋ္ဌမှ အနောက်စုံဝဋ္ဌာခိုက်အောင်သော ရတနာစုံကို ဘန်ဆင်းတော်မူ၍ ထိုနေ့မွန်းယိမ်းသော အခါဝယ် ဂန္ဓကုဋီတိုက်တော်မှ ထွက်၍ ရတနာစုံကြီးဦး၌ ရပ်တော်မူ၏။ လောကဓါတ်တသိန်း၊ ထစ်ခြိမ်းပဲ့တင်သံ ရှင်ကျည်ဟီး မြေကြီးခုန်လှိုက်အစုံကြိုက်သော ယမိုက်တော်သံကို နှိုးဖြစ်စေလျက် ကိုယ်ဒတော်မှလည်း ရေမီးအစုံနှင့်တကွ ညို၊သော ရောင်ခြည်တော် ရွှေသော ရောင်ခြည်တော်၊ နီသော ရောင်ခြည်တော်၊ ဖြူသော ရောင်ခြည်တော်၊ မောင်းသောရောင်ခြည်တော်၊ ပြိုးပြိုးပြက် ရိုးရိုးရက် တခဲနက်သော ရောင်ခြည်တော်တို့သည် ပျံကာပျံကာ အာဝဂ်တိုင်

အောင် တပြောင်ပြောင်တက်လေ၏။ အောက်အဘို့ဖြစ်သော ကိုယ်ဟော်မှ ရေအယဉ်သည် သွင်သွင်တီးတီး ယိုစီးထွက်ဖြာလျက် စကြဝဠာနရန်း ရစ်သန်းပြိုးနက် မိုဃ်းကြိုးစက်ကဲ့သို့ အောက်ထက်ဒုပ်လွှမ်း တင်းကြမ်းနစ်မြုပ် သဲသဲငုတ်မျှသော ရေအယဉ်သည်ဖြစ်၏။ ထိုနောက်တဘန် အောက်ကိုယ်တော် မီးအလျှံတောက်ပြန်လတ်သော် အထက် ကိုယ်တော်မှ ရေအယဉ်သည် ဖြစ်၏။ ရှေ့မီးလျှံ နောက်ရေအယဉ် ပြောင်းကာပြန်ကာ အထူးထူးဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည်လည်း ကိုယ်တော် ပွားနိမ္မိတပဋိဒ္ဓတဆူကို အသွင်တော်တူ ဘန်ဆင်းတော်မူ၍၊ ကိုယ်တော် စကြံကြွလတ်သော်၊ နိမ္မိတဘုရားသည် လျှောင်း၏။ ကိုယ်တော် လျှောင်းသော်၊ နိမ္မိတဘုရား ရပ်တော်မူ၏။ နိမ္မိတဘုရားသည် ထူးပြားနက်နဲသော ပြဿနာကို မေးတော်မူ၍ ကိုယ်တော်ဖြေတော်၏။ အကြားအကြား၌ တရားဟောတော်မူ၏။ ဤသို့ စာနှိုးပြာဋ္ဌိဟာပြတော်မူပြီးသော်၊ မယ်တော်နတ်သားအား တရားဟောတော်မူကြသော ရှေးဘုရားတို့ ဓမ္မတာကို မြင်တော်မူသဖြင့် ထိုဝါဆိုလပြည့်နေ့ ညချမ်းဝယ် တဝတိံသာနတ်ပြည်သို့ ကြွတော်မူ၏။

တာဝတိံသာနတ်ပြည်၌ မယ်စတင် သန္တုသိတနတ်သားအား ထားဘ်ဝမှာ တရား ဟောခဏ်း

ဘုရားသခင်လည်း ဟန်ခိုးပြာင့်ဟာကို ပြတော်မူပြီး လျှင် တာဝတိံသာ နတ်ပြည်သို့ တက်ခြင်းငှာ၊ လက်ျာခြေ တော်ကို ချီတော်မူလျှင် ယုဂန္ဓိ၊ရှိ ဇောင်ထိပ်သည် ဦးညိတ် ညွတ်ပြား:လျက်၊ ဘဝါးတော်အောက်တွင် ခံလာ၏။ ထို တောင်ထိပ်၌ လက်ျာခြေတော်ကိုချပြီး၍၊ လက်ဝဲမှ တဘန်ချ ပြန်လျှင်၊ မြင့်မိုရ်တောင်မင်းသည် ခြေတော်အောက်သို့ ညွတ်ခံ လာ၏။ သိကြား:မင်းလည်း နတ်မှူးမတ်တို့နှင့်တကွ ခရီး:ဦး:ကြို ဆိုလာ၏။ မြတ်စွာဘုရားသခင်သည် ပင်လယ် ကသစ်ပင်ရင်း၌ တည်သော ပဏ္ဍုကမ္ပလာ မြဲကျောက်ဖျာ၌ စံပယ်တော်မူ၏။ ပတ်ဝန်းကျင်သေး:ဆရပ်မှ နတ်ဗြဟ္မာအပေါင်း:တို့ ဝန်း:ရံကာ ရောက်လာကြ၏။ ထိုပရိသတ်၏အလယ်၌ မယ်တော် ဖြစ်ဘူး သော သန္တုသိတာ နတ်သား:သည် ဘုရား:သခင်၏ လက်ျာနံ ပါး:တော်၌နေ၏။ နတ်တို့ကား: ကြီး:မား:သော ဉာဏ်အမြင် ရှိ၏၊ သိမ်ဆည်နက်နဲ မြင်နိုင်ခဲသော ပရမတ္ထ တရား:နှင့်သာ လျော်၏ဟု မြတ်စွာဘုရား:သခင် ဆင်ခြင်တော်မူ၍ ကုသလာ ဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ အစရှိသော အာဘိဓမ္မာ ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ ဇမ္ဗူထိပ် ကျွန်း လူပြည်၌ နေဝန်းတက်ချိန်သင့်လတ်သော်၊ ကုယ်တော် မြတ်သည် သွင်ပြင်ဟန်ဘန်၊ အသံရာ:က၊ ရုပ်ဝတ္ထုမျှသော၊ နိမ္မိုဝ်ဘုရား:ကို ဖန်ဆင်း၍၊ တရား:ကိုဟောကြား:စေသတည်း:ဟု

တေရဿတည့်၊ စုဒ္ဓဿဝါ၊ သာဝတ်တောင်စွန်း၊ ဇေတဝန်ဇံမှိ၊ ကပိပန္နရသီ၊ ကျောင်းမြတ်နိုင်ငြာ၊ သောဠသမီ၊ အာဠဝိတည့် ဂိရိဗ္ဗဇ၊ သတ္တာရသာ ဆဲ့ရှစ်ဝါနှင့် နဝါဒသ စာလီယကပ်ဆုံ၊ ရာဇဂြိုဟ်ဝိဿ ဤထိုမျှကား ပဌမဇေဝခိ အနိယတ်ဝါ နောင် လားတွက်ဘွဲ့ နှစ်ဆဲ့လေးတန် ဇေတဝန်ပုပ္ပါ လှည့်လည်ကာ ဖြင့် ခေမာနိုးသော် ရွာကြီးဝင်္ဂုဝ၊ ဝါတော်မျှ၍ ပဥ္စစတ္တာ လီး အသီတျာယု တိုင်သမှုဖြင့် ဤလူ့ဆက္ကရာဇ်၊ အင်္ဂ, ဇော,ကော်,ဠှ နှစ်သစ်ကဆုန် ပုဏ္ဏမီဇေ့ အင်္ဂါနေ့တွင် နိဗ္ဗာန် ဝင်သော် ရှင်ဘုရားကို ညွှတ်တွားဝန္ဒနာ ပူဇော်ပါ၏။

ခမည်းတော် သုဒ္ဓါဒနမင်းကြီး နိဗ္ဗာန်စံခဏ်း

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ စတုတ္ထဝါ ပြည့်တော်မူလျှင် ဝေသာလီပြည်သို့ ဒေသစာရီ ကြွချီလေသော်၊ မြို့အနောက်စုလစ်မဉ်းချန်တပ်သော ခရေပ်သို့ ရောက်၍ သီတင်းသုံးနေတော်မူ၏။ တလကျော်ရှိလျှင်ပင် ဘခင်သုဒ္ဓါဒနမင်းတရား၌ ကြီးမားသည်းထန်စွာ ရောဂါကင်လာ၍ သားတော် ဘုရားကို သွား၍ ပင့်ချဖို့ အမတ်တယောက်ကို စေလိုက်သဖြင့်၊ ဘခင်မင်းကြီးအား ချီးမြှောက်လိုသော စိတ် တော်ရှိ၍၊ သဃ်ာတော်ငါးရာနှင့်တကွ ကိုယ်တော်မြတ်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းသို့ ရောက်တော်မူ၍ သုံးရက်မြောက်သောနေ့၌ပင် ဘခင်သုဒ္ဓါဒန မင်းကြီးသည် တဘုမကမ္ဘကို သခါရတင်လျက် ဆင်ခြင် သုံးသပ်သဖြင့်၊

ဖြန့်အပ်သော ထီးဖြူအောက်ဝယ် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်စံယူလေ၏။ ဘုရားသခင်လည်း ဘခင်မင်းတရားကြီး၏ အလောင်းတော်ကို ကောင်းမွန်တင့်တယ်စွာ တန်ဆာဆင်ယင်လျက် ရွှေနန်းဦးကင်အချက်ဝယ် စကြာဝဠာတေးမင်း၏ အလောင်းကို သင်္ဂြိဟ်သောနည်းအားဖြင့် သင်္ဂြိဟ်တော်မူ၏။

မဟာ ဝဇာပတိ ဂေါတမီ မိဘုရား ရဟန်းပြုခြင်း

မြတ်စွာဘုရားသခင်သည် ခမည်းတော်၏ စျာပနကိစ္စကို ပြီးဆုံးစေ၍ နိဂြောဓာရုံကျောင်းဝယ် စမ္ပယ်တော်မူသော အခါ မဟာပဇာပတိ ဂေါတမီ မိဘုရားသည် ဘုရားထံသို့ချဉ်းကပ်ပြီးလျှင် မယ်တော်မှစ၍ မာတုဂါမတို့ကို ရဟန်းပြုပါဟု လျှောက်၏။ ဘုရားသခင်လည်း ငါဘုရား သာသနာ၌ မာတုဂါမတို့ကို ရဟန်းပြုသဖြင့် မစင်ကြယ်ရာ ရဟန်းအဖြစ်ကို မနှံသင့်လှုံဟု မိန့်တော်မူ၏။ မယ်တော် ဂေါတမီလည်း ဤသို့စကားဖြင့် သုံးကြိမ်တိုင်လျှောက်ကြားပါသော်လည်း ဘုရားမြတ်စွာသည် ခွင့်သနားတော်မမူသဖြင့် တဖန်ဝိုယိုကာ နန်းတော်သို့ပြန်လေ၏။ ဘုရားသခင်သည် မဟာဝုန်တော ကဋ္ဌာဂါရစရပ်တွင် သီတင်းသုံးနေတော်မူစဉ် မိထွေးတော်ဂေါဘမီသည် ဆံကိုဖြတ်စေပြီးသော် ဖန်ရည်စုန်းသော အဝတ်တို့ကိုဆီးလျက် သာကီဝင်မင်းသမီး အပေါင်းနှင့်တကွ ဘုရားရှိရာသို့လိုက်၍ ကျောင်းတံခါးဝဝယ် ပြင်းပြစွာ ငိုယိုလျက်နေ၏။ ထိုငိုသံကို အရှင်အာနန္ဒာကြားသဖြင့် ဘုရား

သခင်ဗအား သူ့ကြိမ်တိုင်တိုင် လျှောက်ထားပေ၏ ဘုရား သခင်လည်း ခွင့်ပြုတော်မမူသော် မယ်တော် ဂေါတမီသည် ကိုယ်တော်မြတ်အား ဝမ်းဖြင့်လွယ်သော မယ်တော်ရင်းထက် တိုးတက်မြင့်ကဲ့၍ ဆင်းရဲခံရ ယုယမွေးကျွေးသူ ဖြစ်ပါသည်၊ ကျေးဇူးရှင်ကို သခင်ဘုရား ခွင့်မသနားက နောက်သား နောင်လာတို့သည် အာမဂုဏ်ကျေးဇူးကို မနှိုင်းဆဘဲ ရှိပါတော့ လိမ့်မည်ဟု ကျေးဇူးဂုဏ်ကို ချီးပြ၍ လျှောက်ထားသော် ခွင့် ပြုတော်မူ၏။ မိထွေးတော် ဂေါတမီ မိဘုရားနှင့် ငါးရာသော သာကီဝင်မင်းသမီးတို့သည် ရဟန်းအဖြစ်ကို ယူကြကုန်၏။

ဃသော်ဓရာဗိမ္ဗာဒေဝီသည် ဘိက္ခုနီမပြု၍ ရဟန္တာဖြစ်ခဏ်း

မယ်တော် ဂေါတမီ မိဘုရား ယောက်မတော် ဇနပဒ ကလျာဏီတို့သည် ဘိက္ခုနီမပြုကြလေသော်၊ ဘဒ္ဒကစ္စနာ ရာဟုလာမယ်တော်သည် ဤသို့ကြံ၏။ ငါတို့ ဘခင် သုဒ္ဓါဒန စောမြတ်လှလည်း ဘဝကေန်ငြိမ်းလေပြီ။ နန်းရိုးဥပရာဇ် ဖြစ်သော နန္ဒမင်းသားလည်း တရားဘက်ပါခဲ့ပြီ။ ထိုနောက် နန်းလျာ ရာဟုလာကိုလည်း ရှင်ခဲ့စ်ဘုရားယူလေပြီ၊ ဤကဲ့သို့ သာ ရဟန်းပြုကြလျှင် ကပိလဝတ်ပြည်သည် ထီးနန်းဆက်ခံ သူမင်းဆုံး၍ သုဉ်းရာသည်။ ငါ၏ရင်နှစ် ရာဟုလာကို ဘု ရားထံမှတောင်း၍ ဘိသိက်ခံစေအံ့ဟု ဘုရားထံ လာခဲ့၏။ ဓဝဠဝန်ကျောင်းသို့ ရောက်သောအခါ မြတ်စွာဘုရားအား ကိုယ်တော်၏ အကျိုးစီးပွားသာလျှင် ကျင့်သောမမူပါလင့်။

သတ္တဝါတို့၏ ဆစီးအပွား ဆွေတော်မျိုးတော်တို့၏အစီးအပွား ကိုလည်း ကျင့်တော်မူပါ။ ယခု ကပိလဝတ်ပြည်သည် ထီးဆောင်းနန်းနေသုဉ်းခြေပြီ။ ဘုရားတပည့်တော်မ၏ သား ရာဟုလာကို သာသနာတော်မှထွက်စေ၍ ထီးဆက်နန်းစံစေမှ ဆွေတော်ချစ်ဆသောင်းနှင့် ပြည်သူအပေါင်းတို့ကိုးစားရာ ရှိပါမည်၊ သို့ဖြစ်၍ ရာဟုလာကဲ့ ပေးတော်မူပါဟု ယသော်ခရာဒေဝီ လျှောက်သော်၊ မြတ်စွာဘုရားသည် ယသော်ခရာဒေဝီအား တရားဟောတော်မူ၍ ရဟန်းပြုစေ၏။ ဘဒ္ဒကစ္စနာမိဘုရားသည် သစ္စာလေးပါးကိုမြင်၍ အခြံအရုံဖြစ်သော မောင်းမတို့နှင့်တကွ ရဟန်းပြုကြ၏။ မကြာမြင့်မီပင် တရားကို လွန်စွာအားထုတ်သဖြင့် ရဟန္တာဖြစ်လေ၏။

မြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ကဏ္ဍမ္ဗသရက်ဖြူပင်ရင်းဌ် တန်ခိုးပြာဋိဟာပြုတော်မူခြင်း

သက္ကရာဇ် ၁၀၀-ပြည့် ဝါဆိုလရောက်သော် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝနံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်သာ အခါဝယ်၊ ရာဇဂြိုဟ်ပြည်မှ လိုက်လာကြကုန်သော တိတ္ထိတို့သည် အလယပြာတသိန်းမျှ ထိုက်တန်သော မထွေပ်ကို ဆောက်စေပြီးလျှင် ငါတို့ တန်ခိုးပြာဋိဟာကို ပြအံ့ဟု သီတင်းလွှင့်ကြကုန်၏။ ပသေနဒီကောသလမင်းကြီးသည် ဘုရားထံသို့ကပ်၍ အာရှင်ဘုရားအလို့ငှာ မထွေပ်ဆောက်လုပ်ပါမည်။ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ တန်ခိုးပြာဋိဟာပြုတော်

မူပါဟူ ငလျှားက်ဆေသ်၊ ဘုရား သခင် လည်း မဆောက်လင့် သိကြားမင်း ဆောက်လတ်တံ့၊ ဝါဆိုလပြည့်နေ့တွင် ကထွာအမည်ရှိသော သရက်ပင်ရင်း၌ ပြတော်မူအံ့ဟု မိန့်တော်မူ၏။ ထိုအခါ တိတ္ထိတို့သည် ဈာယီဇနာအတွင်း၌ ရှိရှိသမျှ သရက်ပင်တို့ကို ခုတ်ထွင်ဖျက်ဆီးစေ၏။ ဝါဆိုလပြည့်နေ့ရောက်သော် ဘုရားသခင်သည် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူလာစဉ် ကောသလမင်းကြီး၏ ဥယျာဉ်စောင့် ကထွာအမည်ရှိသော သူဿည် သရက်ဖြူသီးတလုံးကို မြတ်စွာဘုရား လက်တော်သို့ ကပ်လျှင် အရှင်အာနန္ဒာလည်း ယခင် သရက်သီးကို သပိတ်ဖြင့် ခံတော်မူ၏။ ထိုဥယျာဉ်အနီး၌ပင် ရပ်တော်မူသော် ညီတော် အာနန္ဒာလည်း ပခုံးထက်ပါသော သင်္ကန်းတော်ကို ခင်းပေး၏။ မြတ်စွာဘုရားသည် ထိုင်တော်မူပြီးလျှင် သရက်သီးကို ဘုဉ်းပေးတော်မူ၏။ သရက်စေ့ကို ဥယျာဉ်စောင့်အား ကျွေးနေရာ၌ စိုက်လေ့ဟူ အပ်တော်မူ၏။ ဥယျာဉ်စောင့်လည်း မိန့်တော်မူတိုင်း စိုက်သော် ကိုယ်တော်မြတ်လည်း စိုက်ရာမြေထက်၌ လက်ဆေးတော်မူ၍ လဲက်ဆေးရေ မြေသို့ကျလျှင်ပင် မီးခိုးကဲ့သို့ ဖြိုးဖြိုးလုံးလုံး အညောက် အကိုင်းအခက်တို့သည် အဖြာဖြာထွက်၍ တခဏချင်းတွင်ပင် အမြင့်အားဖြင့် သံတောင်ငါးဆယ် အကျယ်အပြန့်အားဖြင့် သံတောင်တရာရှိသော ငါးဖြာသော ခက်မတရဲ့ငါးဆယ်သော ခက်သေးမွှေးလှစွာသော အရွက် အပွင့် အသီးနှင့်ပြည့်စုံသော သရက်ပင်ကြီးသည် ဖြစ်၏။ ဥယျာဉ်စောင့် မြင်လျှင် သာရှင်ဝမ်း

မြောက်စွာ ကခုန်မြူးထူးလျက်၊ သာဝတ္ထိပြည်တွင် အိမ်စဉ်အဘိုင်း ကြွေးကြော်၍ ကောသလမင်းကြီးအားလည်းလျှောက်လေ၏။ မင်းကြီးနှင့်တကွ မင်းညီမင်းသား မိဘုရား မူးမှတ်သေနာပတိတို့သည် မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြဝေးခွင်းကို ဖူးမျှော်ရန် လာကြကုန်၏။ သိကြားမင်းသည် လေနတ်သားကိုခေါ်၍ မလျော်သော အကြံရှိသော တိတ္ထိတို့မတ္ထပ်ကို လေမုန်တိုင်းဖြင့်ခတ်၍ ဖျက်ဆီးစေ၏။ မိုဃ်းနတ်သားကိုယည်း တိတ္ထိတို့အပေါ်တွင် တည်းခိုရာမရအောင် ရွာသွန်းစေ၏။ ပုရာဏ ကဿပတိတ္ထိကြီးလည်း လည်တွင် ကြိုးနှင့်အိုးရစ်ဆွဲပြီးမသာ မြစ်ရေဝဲကြီး၌ ဆင်းဝင်သေလေ၏။

ဘုရားကိုယ်တော်မြတ်လည်း သုံးဆယ်ခြောက်ယူဇနာရှိသော မြေအရပ်၌ ခြေရာစပ်မျှ ပရိသတ်တို့စည်းဝေးရောက်လာကြသည်ကိုမြင်လျှင် ယူဇနာဝက် ပမာဏ မြင့်သော ကောင်းကင်ပြင်၌ အရှေ့စကြဝဠာမှ အနောက်စကြဝဠာခိုက်အောင်သော ရတနာစင်္ကြံကို ဘန်ဆင်းတော်မူ၍ ထိုနေ့မွန်းယိမ်းသော အခါဝယ် ဂန္ဓကုဋီတိုက်တော်မှ ထွက်၍ ရတနာစင်္ကြံဦး၌ ရပ်တော်မူ၏။ လောကဓါတ်တသိန်း၊ ထစ်ခြိမ်းပဲ့တင်သံ ရှင်ကျည်ဟီး မြေကြီးခုန်လှိုက်အစုံကြိုက်သော ယမိုက်တော်သံကို ဖြစ်စေလျက် ကိုယ်တော်မှလည်း ရေမီးအစုံနှင့်တကွ ညီသော ရောင်မြွေတော် ရှေသော ရောင်ခြည်တော်၊ နီသော ရောင်ခြည်တော်၊ ဖြူသော ရောင်ခြည်တော်၊ မောင်းသောရောင်ခြည်တော်၊ ပြိုးပြိုးပြက် ရိုးရိုးရက် တခဲနက်သော ရောင်ခြည်တော်တို့သည် ပျံကာပျံကာ အဝဂ်တိုင်

အောင် တဖြောင်ဖြောင်တက်လေ၏။ အာဂင်္ဒာဘို့ဖြစ်သော ကိုယ်နတ်မှ ရေအယဉ်သည် သွင်သွင်တီးတီး ယိုစီးထွက်ဖြာလျက် စကြဝဠာနရန်း ရစ်သန်းဖိုးနက် မိုဃ်းကြိုးစက်ကဲ့သို့ အောက်ထက်ဒုံးပျံလွှမ်း တင်းကြမ်းနစ်မြုပ် သဲသဲငုတ်မျှသော ရေအယဉ်သည်ဖြစ်၏။ ထိုနောက်တဘန် အောက်ကိုယ်တော် မီးအလျှံတောက်ပြန်လတ်သော် အထက် ကိုယ်တော်မှ ရေအယဉ်သည် ဖြစ်၏။ ရှေ့မီးလျှံ နောက်ရေအယဉ် ပြောင်းကာပြန်ကာ အထူးထူးဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည်လည်း ကိုယ်တော် ပွားနိမ္မိတပဋိဗွတဆူကို အသွင်တော်တူ ဘန်ဆင်းတော်မူ၍၊ ကိုယ်တော် စကြံကြွလတ်သော်၊ နိမ္မိတဘုရားသည် လျှောင်း၏။ ကိုယ်တော် လျောင်းသော်၊ နိမ္မိတဘုရား ရပ်တော်မူ၏။ နိမ္မိတဘုရားသည် ထူးပြားနက်နဲသော ပြဿနာကို မေးတော်မူ၍ ကိုယ်တော်ဖြေတော်၏။ အကြားအကြား၌ တရားဟောတော်မူ၏။ ဤသို့ တန်ခိုးပြာဋိဟာပြတော်မူပြီးသော်၊ မယ်တော်နတ်သားအား တရားဟောတော်မူကြသော ရှေးဘုရားတို့ ဓမ္မတာကို မြင်တော်မူသဖြင့် ထိုဝါဆိုလပြည့်နေ့ ညချမ်းဝယ် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၏။

တာဝတိံသာနတ်ပြည်၌ မယ်စတင် သန္တုသိတနတ်သားအား ထာဘ်ဓမ္မာ တရား ဟောခဏ်း

ဘုရားသခင်လည်း ဟန်ခိုးပြာဋိဟာကို ပြတော်မူပြီး လျှင် တာဝတိံသာ နတ်ပြည်သို့ တက်ခြင်းငှာ၊ လက်ျာခြေ တော်ကို ချီတော်မူလျှင် ယုဂန္ဓိ၏ တောင်ထိပ်သည် ဦးညိတ် ညွတ်ပြား လျက်၊ ဘဝါးတော်အောက်တွင် ခံလာ၏။ ထို တောင်ထိပ်၌ လက်ျာခြေတော်ကိုချပြီး၍၊ လက်ဝဲမှ တဘန်ချ ပြန်လျှင်၊ မြင့်မိုရ်တောင်မင်းသည် ခြေတော်အောက်သို့ ညွတ်ခံ လာ၏။ သိကြား မင်းလည်း နတ်မှူးမတ်တို့နှင့်တကွ ခရီးဦးကြို ဆိုလာ၏။ မြတ်စွာဘုရားသခင်သည် ပင်လယ် ကသစ်ပင်ရင်း၌ တည်သော ပဏ္ဍုကမ္ပလာ မြေကျောက်ဖျာ၌ စံပယ်တော်မူ၏။ ပတ်ဝန်းကျင်သောဒေသရပ်မှ နတ်ပြဟ္မာအပေါင်းတို့ ဝန်းရံကာ ရောက်လာကြ၏။ ထိုပရိသတ်၏အလယ်၌ မယ်တော် ဖြစ်ဘူး သော သန္တုသိတ နတ်သားသည် ဘုရားသခင်၏ လက်ျာနံ ပါးတော်၌နေ၏။ နတ်တို့ကား ကြီးမားသော ဉာဏ်အမြင် ရှိ၏၊ သိမ်မွေ့နက်နဲ မြင်နိုင်ခဲသော ပရမတ္ထ တရားနှင့်သာ လျော်၏ဟု မြတ်စွာဘုရားသခင် ဆင်ခြင်တော်မူ၍ ကုသလာ ဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ အစရှိသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ ဇမ္ဗူထိပ် ကျွန်း လူပြည်၌ နေဝန်းတက်ချိန်သင့်လတ်သော်၊ ကိုယ်တော် မြတ်သည် သွင်ပြင်ဟန်ဘန်၊ အသံရှာက၊ ရုပ်ဘုံမှသော၊ နိမ့်တဘုရားကို ဖန်ဆင်း၍၊ တရားကိုဟောကြား စေသတည်းဟု

ခိုင်ဘုန်ဆော်မူလျက် ထားခဲ့ပြီးလျှင် ကိုယ်တော် အစစ်မူကား ဟိမဝန္တာထော ဆေးတန်းမြင်းသိလာဇကျောက်မြေ၌ ရပ်တော် မူလျက် အနောတတ်အိုင်သို့ သက်လျက်၊ နတ်နဂါးတို့ လှူလာ အပ်သော နာဂလတာကွမ်းရိုးဒန်ပူတို့ဖြင့် ခံတွင်းတော် မျက် နှာတော်ကို သန့်ရှင်းတော်မူပြီးသော် ဥတ္တရကုရု မြောက်ကျွန်း သို့ ဆွမ်းခံကြွတော်မူ၏။ ထိုကျွန်းသူ ကျွန်းသား တို့လည်း ဘုရားဟူ၍ အမှတ်မရှိ၊ မိမိတို့ကိုးကွယ်သော နတ်မင်းဟု မှတ်ထင်လျက် နတ်သုခါကဲ့သို့သော ဆွမ်းကို လှူကုန်၏။ ကိုယ်ထော်မြတ်လည်း အနောတတ်အိုင်အနီး၌ ဆွမ်းဘုဉ်းပေး ပြီးသော်၊ စန္ဒကူးတောသို့ဝင်၍ နေသန့်တော်မူ၏။ ထိုအခါ ခမ္မသေနာပတိ ဖြစ်သော ရှင်သာရိပုတ္တရာ ကြွလာပြီးသော်၊ ခြေတော်ကို ဆုတ်နယ်ခြင်း၊ သုံးရေ သောက်ရေ တည်ခြင်း၊ ယတ်လေခတ်ခြင်း စသော ဝတ်ကြီး ဝတ်ငယ်ကို ပြုလေ၏။ မြတ်စွာဘုရားသည် ဤမျှလောက်သော စာရားကို နတ်တို့အား ဟောကြားခဲ့သတည်းဟု အကျဉ်းအားဖြင့် မိန့်ကြားနည်း ဟောတော်မူ၏။ ဘုရားသခင် ညချမ်းအခါ စာဝတိ၊သာ နတ်ပြည်သို့တက်လျှင် ရှင်သာရိပုတ္တရာသည် လူ့ပြည်သို့လာ လျက်၊ မြတ်စွာဘုရားထံမှသင်ခဲ့သော အဘိဓမ္မာကို မိမိတပည့် ရဟန်းငါးရာတို့အား သင်ကြားဟော၏။ ဤနည်းအားဖြင့် ဘုရား မြတ်စွာသည် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာတော် ကို ဟောတော်မူသော်၊ အဆုံး၌ ကုဋေရှစ်သန်းသော နတ် ဗြဟ္မာတို့သည် သစ္စာလေးပါးတရားကို မြင်ကုန်၏၊ ဃယ် တော်နတ်သားသည် သောတာပန်တည်လေ၏။ သီတင်းကျွတ်

သပြည့်နေ့ရောက်သော်၊ မြတ်စွာဘုရားသည် နှုတ်ငြာဟွာ အပေါင်းခြံရံလျက် နတ်ပြည်မှ သက်ဆင်းတော်မူစေခြင်းတန်းဖြင့် သက်ဆင်းတော်မူ၏။

နဒန္ဒာပနန္ဒ နဂါးမင်းကို ချုပ်ခဏ်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည့် ဇေဟာဝန်ကျောင်းတော်၌ ကိန်းဆောင်းစံပယ်တော်မူနေ့၊ ရဟန္တာဂါးရာတို့နှင့်တကွ အာကာသခရီးဖြင့် နန္ဒောပနန္ဒ နဂါးမင်း၏ ဗိမာန်ပေါ်မှကျော်၍ ကြွတော်မူ၏။ ထိုအခြင်းအရာ နဂါးမင်း မြင်လျှင် မျက်မာန်ပေါက်၍ ကျိုးပြည်ရဟန်းသည် ကြီးသူမြတ်သူဟူ၍ မချင့်တွက်၊ ငါ့ဦးခေါင်းထက်သို့ကျော်၍ ဘဝါးခြေမှန်ကို ကြဲဖြူးကာ လူးလာခတ်ကူးသန်းပေသည်။ ကျိုးသို့အသွားအလာကို ငါခွင့်မပေးအံ့။ အကယ်၍ မရှောင်ကွင်းမူ၊ ငါ့ခံတွင်း၌ သေစေအုံ့ကြဲ၍ ကြီးစွာသောကိုယ်ကို ဘန်ဆင်း၍၊ ယူဇနာရှစ်သောင်းလေးထောင်လုံးရပ်ဆောင်သော မြင့်မိုရ်တောင်မင်းကို အရင်းမှအဖျားတိုင်အောင် ကိုယ်အခွေဖြင့် ခုနှစ်ဆင့်ပတ်ရစ်လျက် တောင်ထိပ်ထက်တည်သော တာဝတိံသာနတ်ပြည်အလုံးကို ပါးပျဉ်းဖြင့်အုပ်ဖုံးကာနေ၏။ ရဟန်းတို့သည် ယုဂန္ဓိုရ်တောင်ထွင့်နှင့် မျှသော မိုးယံးထက်သို့ရောက်သော်၊ ဘုရားသခင်အား ဘုန်းတော်ကြီးမြတ်ဇာတ်မဲ့သော မြတ်စွာဘုရား၊ အာစါဘပါး ဤဒွာနသို့ ရောက်လျှင် မြင့်မိုရ်တောင်ကိုလည်း၊ တာဝတိံသာ နတ်ပြည်ကိုလည်း၊ ဝေဇ

ယန္တာပြဿာဒ်ကိုဂုဏ်း၊ တမ်းခွန်တို့ကိုဂုဏ်း၊ မြင်ရပါသည်။ ယခုအခါ ဘယ်နေရာကိုမျှ မမြင်ရပါ။ စိမ်းမြည်မှောင်လျက်သာ ထင်ပါသည်။ အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း ဟုနားတော်လျှောက်တင်သော်၊ ဘုရားသခင်က နန္ဒာပနန္ဒနဂါးသည် သင်တို့အား အမျက်ရှိသောကြောင့် နတ်ပြည်အားလုံးကို ဖုံးလွှမ်းထားသတည်းဟု မိန့်တော်မူလျှင် အရှင်မောဂ္ဂလန်က ဤနန္ဒာပနန္ဒနဂါးကို ဘုရားသားတော် ဆုံးမပါမည်ဟု လျှောက်လေ၏။ ဘုရားသခင်သည် အခွင့်ပြုတော်မူ၍ သံဃာတော်အစုံနှင့် ယုဂန္ဓိုရ်တောင်ထိပ်ထက် တက်၍ ရပ်တန့်တော်မူ၏။ အရှင်မောဂ္ဂလန်သည် နဂါးကြီးသဏ္ဌာန်ကို ဘန်ဆင်းလျက် နဂါးမင်း၏ အထက် တဆယ့် လေးထပ် ပတ်ပြီးသော်၊ နဂါးမင်း၏ ခေါင်းပေါ်၌ ပါးပျဉ်းကို အုပ်လျက်၊ မလှုပ်မလှန်နိုင်အောင် မြင့်မိုရ်တောင်ဖြင့် ညှပ်၍ ကြိတ်၏။ နန္ဒောပနန္ဒလည်း အမျက်ပြင်းစွာထွက်၍ ကိုယ်မှ အခိုးအလှုံ့လွှတ်၏။ ရှင်မောဂ္ဂလန်လည်း အခိုးအလှုံ့ကိုလွှတ်သော်၊ နဂါး၏အလှုံ့သည် အရှင့်အား မနှိပ်စက်နိုင်၊ အရှင်မြတ်၏ အလှုံ့က နဂါးမင်း၏ အသားအရေကို တောက်ခဲညှဉ်းဆဲနှိပ်စက်လေ၏။ နန္ဒောပနန္ဒသည် ငါ့အား နှိပ်စက်သည်ကား အသူနည်းဟု မေး၏။ ငါကား ဘုရားသခင်၏ လက်ဝဲတော်ရုံဖြစ်သော မောဂ္ဂလန်မထေရ်တည်းဟူ ဆိုသော်၊ ရဟန်းအသွင်ကို ပြဦးမှ ယုံကြည်အံ့ဟုဆိုလျှင် ရဟန်းအသွင်ကိုပြ၏။ နဂါးမင်းက လူသားဖြစ်လျက် ငါ့အမျက်ကို ခံနိုင်အုံ့လောဟု အံသွားကြိတ်လျက် အဆိတ်နှင့်တတွ နှာခေါင်း

လေဖြင့် မှုတ်၏။ အရှင်မြတ်လည်း မတုန်မလှုပ် ရှိုလေလျှင် ခံတွင်းတွင်ကျေစေအံ့ဟုကြံ၍ တဘန်ခံတွင်းဖြင့် ဟတ်မျိ၏။ အရှင်မြတ်လည်း ခံတွင်းဦဝင်လျက် လျှာပေါ်၌ဌဉ်း၊ ဝမ်းတွင်းအူအစဉ်ဖြင့်ဌင်း၊ စကြံကြွ၏။နားနှစ်ဖက်မှဌင်း နှာခေါင်းနှစ်ပေါက်မှထွက်၏။ နဂါးမင်းလည်း ပြင်းစွာသော ဒေါသဖြင့် အစွမ်းရှိသမျှ ညှင်းဆဲသော်လည်း အရာမထင်၍ အရှင်ကား တန်ခိုးကြီးမား၍ဟု နဂါးကြီးသဏ္ဌာန်ကိုပယ်လျက် နဂါးငယ်အသွင်ဖြင့် သီတာရေပြင်သို့သက်၏။ အရှင် မောဂ္ဂလာန်လည်း ဂဠုန်အသွင်ဘန်ဆင်း၍လိုက်၏။ နဂါးက လူသား အဟန်ဘန်ဆင်း၍နေလျှင် အရှင်မြတ်သည် နတ်ဘီလူးသဏ္ဌာန်ဖြင့် လိုက်စား၍ကိုပြု၏။ ထိုအခါမှ နန္ဒောပနန္ဒ နဂါးသည် အလွန် ကြောက်လန့်ရကား လုလင်အဟန်ဘန်ဆင်းပြီး၍လျှင် အရှင်ဘုရား-အာကျွန်ုပ်ကား မှားခြင်းကြီးမှားခဲ့ပြီ။ အရှင်မြတ်တို့အား လေးမြတ်ရိုကျိုး ကိုးကွယ်ပါတော့မည်ဟု ဝန်ခံလျက် ဦးဖြင့် တိုက်လျက်နေ၏။ အရှင်မြတ်ကလည်း အချင်းပနန္ဒထဲလော့၊ လူသုံးပါးတို့၏ ချမ်းသာကို ဆောင်တတ်သော မြတ်စွာဘုရားသည် သင့်အား သနားဂရုဏာဖြင့် ကြွထော်မူလာ၍၊ ယုဂန္ဓိုရ်တောင်ထိပ်ဝယ် စံပယ်တော်မူသည်။ သင် လိုက်ခဲ့တော့ဟုခေါ်၍၊ ရှေ့တော်သို့ဆောင်လာ၏။ မြတ်စွာဘုရားလည်း နဂါးနှင့် လျောက်ပတ်သော စကားဖြင့် ဆုံးမတော်မူ၍ ဥပသကာအဖြစ် ပြုတော်မူပြီးသော် အနာထပိဏ်သူဌေးအိမ်သို့ ကြွတော်မူလေ၏။

ဗကဗြဟ္မာကို ချတ်စထာ်မှခဏ်း

ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်၊ တနေ့သောအခါ အာဘာသရာဘုံ၌ မိစ္ဆာဒိဋ္ဌိ ဆယ်ရှိသော ဗကဗြဟ္မာကို မြင်တော်မူ၏။ ထိုဗြဟ္မာကား ငါတို့ဗြဟ္မာသည် မြဲသော နိစ္စဓုဝချမ်းသာရှိ၏။ အိုခြင်း နာခြင်း သေခြင်း ဆင်းရဲမရှိ၊ အတိသုခဖြစ်သော နိဗ္ဗာန်ပင်တည်းဟု ဆယ်ရှိ၏။ မိမိအနီးအပါး၌ ခုနှစ်ကျိပ်နှစ်ယောက်သော ဗြဟ္မာတို့လည်း ဤသို့ပင် ဆယ်ရှိ၏။ ထိုဆယ်ကို ဖျောက်ခြင်းငှာ ဘုရားသခင်သည် ကွေးထားသောလက်ကို ဆန့်သကဲ့သို့ တမှုဟုတ်ချင်း ဗြဟ္မာပြည်သို့ ကြွရောက်တော်မူသည်ကို ဗကဗြဟ္မာမြင်လျှင်၊ အရှင်ဘုရား-အကျွန်ုပ်တို့ ဗြဟ္မာပြည်သို့ လာခြင်းသည် ကောင်းသောလာခြင်းဖြစ်ပါပေ၏။ ကျွန်ုပ်တို့ ဗြဟ္မာပြည်၌ဖြစ်လျှင် မအိုမသေ၊ အမြဲနေရသော ဤပြည်နိဗ္ဗာန်မှန်တော့သည်ဟု လျှောက်၏။ ထိုစကားကိုကြားလျှင် ဘုရားသခင်ကလည်း ထက်ဝန်းကျင်မှလာသော ဗြဟ္မာတို့ကို သက်သေထား၍ တရားပြတော်မူခြင်းငှာ၊ အို ဗြဟ္မာအပေါင်းတို့၊ ဤဗကဗြဟ္မာသည် အဝိဇ္ဇာအမှောင်စိုက်သို့ ဝင်ဘိ၏။ ဗြဟ္မာပြည်ကိုပင် နိဗ္ဗာန်ထင်မှတ်ဘိ၏တကား။ အနိစ္စကိုပင် နိစ္စ၊ အသုခကိုပင် သုခ ထင်မှတ်ပြောဆိုဘိ၏။ ဝဋ်တရား၏ ကင်းရာနိဗ္ဗာန်သည် ကောင်းစွာရှိလျက်၊ မသိရှာလေတကား၊ ဤ မိန့်တော်မူ၍၊ ရှေးအတိတ်ကိုဆောင်၍ အနိစ္စတရားကို ဟောတော်မူ၏။ တရားအဆုံး၌ ဗကဗြဟ္မာသည် မိစ္ဆာဝါဒမှ ကင်းစင်၍၊ သစ္စာလေးပါး အမြိုက်တရားကို ရလေ၏။

ထင်္ဂလိပသလကို ဆုံးမတော်မူခြင်း

ကောသလတိုင်း သာဝတ္ထိပြည် ကောသလမင်းကြီး၏ ပုရောဟိတ် အန္ဓကပုဏ္ဏား၏ မယား မန္တာနီပုဏ္ဏေးမ၌ သား ယောကျ်ားဘွား၏။ ထိုသားဘွားသည်နှင့်တပြိုင်နက်၊ အလုံးစုံသော လက်နက်တို့ အလျှံအဝါတောက်ပ၏။ နက္ခတ်ကို ရှုကြည့်သော်၊ စောရနက္ခတ်နှင့် ယှဉ်သည်ကိုမြင်၍၊ ဤသားသည် ခိုးသူကြီးဖြစ်လတ္တံ့ဟု ဘခင်ပုဏ္ဏားသည်သိ၏။ ပုဇွန်မိတ်ကိုယူ၍ ဟိုသက ဟူ၍ အမှည့်မှည့်၏။ သူငယ်အရွယ်ရောက်သော်၊ အတတ်ပညာကို အဝေးမြို့ရွာ၌ ထား၍ သင်ကြားစေခြင်းသည် ပညာကို လုံ့လပြု၍ သင်ခြင်း၊ အရပ်ဒေသကိုကျွမ်းခြင်း၊ မိတ်ဆွေခင်ပွန်းတို့နှင့် လိုက်လျောတတ်ခြင်း အကျိုးများစေကြောင့်၊ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာ့ထံ လွှတ်လိုက်၏။ ဟိုသကလည်း ဆရာ၏ ဝတ်ကြီးဝတ်ငယ်ကို လွန်စွာရွက်ဆောင်၍ ပညာကိုသင်၏။ ဆရာလည်း ဟိုသက အား ရင်နှစ်သားကဲ့သို့ လေးမြတ်သည်ဖြစ်၍၊ အတတ်မျိုးကို ကဲလွန်၍ သင်ကြား၏။ ထိုအခါ ရှေးဦးစွာ နေလင်းသောဘာပည်တို့သည် သုံးသင်းခွဲလျက်၊ ဆရာထံကပ်၍ ဟိုသကသည် ဆရာ၏ မိန်းမနှင့် ချစ်ကျွမ်းဝင်၍၊ ဆရာကိုပင် ပြစ်မှားအံ့ကြံသည်ဟု ဆိုကြကုန်၏။ဒိသာပါမောက္ခဆရာလည်း မယုံကြည်ဘဲ ပြင်းစွာ အမျက်ထွက်သည်ဖြစ်၏။ ထိုနောက် တဆင်း၊ သော တပည့်တို့လည်း ထိုနည်းပင် ပြောကြကုန်၏။ တတိယအသင်းလည်း ထိုနည်းပင် ပြောကြ၏။ ပြောဖန်များသော်

ဆရာသည် ဟုတ်နိုးအံ့ထင်၍ သတ်ချင်သောစိတ် ဖြစ်ပြီးလျှင် ဟိုသကိုခေါ်၍၊ သင့်အား အကြွင်းမတားဘဲ အတတ်ကို ဆင်အံ့ ငါ့အား လူ၏ လက်ညှိုး တထောင်ဖြင့် ပူဇော်ရ မည်ဟုဆို၏သော်၊ ဟိုသကလည်း လက်နက်ငါးပါးကို စွဲ၍ မြို့မှထွက်ခဲ့ပြီးလျှင် တောအုပ်၌ နေလျက်၊ ခရီးသွား မိန်းမ ယောကျ်ားတို့အား ဘမ်းကာသတ်လျက် လက်ညှိုးနှစ်ချောင်း ကိုသာယူ၍၊ သစ်ခက်သစ်ခတို့၌ မရေတွက်ဘဲ စုထား၏။ ကျွဲးငှက်တို့စားသဖြင့်၊ ထားတိုင်းပျောက်ပျက်သည် ဖြစ်လေ သော်၊ ရသမျှလက်ညှိုးကို ကြိုးဖြင့်သီကုံး၍ လည်တွင်ဆွဲထား၏။ ထို့အခါမှစ၍၊ အင်္ဂုလိမာလဟူသော အမည်ကို လူတို့ ခေါ်ဆိုကြကုန်၏။ တစုံတယောက်သောသူကိုမြင်လျှင် နှံ့ဘား ထင်သားကို လက်ဝါးဖြင့်ပုတ်လျက် တမုဟုတ်ချင်းပြေးလာ၍ ဦးခေါင်းကိုသာ ဖြတ်လေ၏။ ထို့ကြောင့် တောကျေးရွာသူ ရွာသား အုပ်ပါင်းတို့သည် သာဝတ္ထိပြည်အနီး ရှေ့ပြောင်း ကြ၍ ဆူးကပ်လုံစွာဖြင့် ကာရံခါနေကြရ၏။ ကောသလ မင်းလည်း သတင်းကြားသည်နှင့် ပြည်ငြိမ်စိမ့်သောငှာ၊ နက် ဖန် သူရဲငါးထာနှင့် အင်္ဂုလိမာလကို ဖမ်းယူအံ့ဟု မိန့်တော်မူ ၏။ ထိုစကားကို ပုရောဟိတ်ပုဏ္ဏားနှင့် မန္တာနီပုဏ္ဏားတို့ ကြားလျှင်၊ နှံကိုသောအခါ ပုဏ္ဏားသည် သားအင်္ဂုလိမာသ ရဏရာဇာအုပ်သို့ ရှေးရှုသွား၏။ အင်္ဂုလိမာလလည်း လက် ညှိုးရေတွက်ရာ တထောင်ပြည့်မည် စာယောက်သာလိုတော့ သည်။ ယခုနေ့ ရှေးဦးစွာမြင်သော သူကိုသတ်၍ လက်ညှိုး တထောင်ပြည့်စေအံ့ဟုကြံလျက်၊ မိခင်မဟာနီပုဏ္ဏားမ အရေး

ကလာသည်ကိုမြင်လျှင် ဤမိန်းမကိုပင် ဆတ်အံ့ဟု ကြံလျက်နေလင့်၏။ ဘုရားဘခင်လည်း အင်္ဂုလိမာလသည် သစ္စာလေးဝကိုမြင်လျက်၊ ရဟန်းခွင်သို့ ရောက်လတ္တံ့သည်ကို မြင်တော်မူ၍ မန္တာနီပုဏ္ဏားမနှင့် အင်္ဂုလိမာထ၏အကြားဌာ စကြံသွားတော်မူ၏။ အင်္ဂုလိမာလလည်း ဤရဟန်းပင်သတ်တော့အံ့ဟု တဟုန်တည်းပြေး၍ လိုက်သော်လည်း မြတ်စွာဘုရား ဖြည်းဖြည်းသာသာ ကြွသည်ကိုမမှီနိုင်။ နီးလာလျှင်လည်း ချောင်းမြောင်းကြိမ်ဝိုက်ခြားသကဲ့သို့ အပါးမကင်နိုင်ဖြစ်၍၊ အလွန် ပင်ပန်းရကား အင်္ဂုလိမာလသည် ဤသို့ကြံ၏။ ရှေးအခါက ငါလိုက်မှု မည်သူမျှလည်း ငါလက်ကမလွတ်နိုင်ပါ။ ယခုမှာမူ လျှင်စွာ လိုက်ပါသော်လည်း ဖြေးဖြေးသာသွားသော ဤရဟန်းကို ငါမမှီနိုင်ချေ။ အုံဘွယ်သရဲ့ပေတကားဟုကြံလျက် ရပ်ပြီးလျှင် အရှင်ရဟန်း ရပ်ဦးလော့ဟုဆို၏။ မြတ်စွာဘုရားကလည်း ငါကားရပ်၏၊ သင်ကား မရပ်ဟုဆိုလျှင် အရှင်ရဟန်း သင်သည် မတန့်မနား သွားလျက်ကိုပင် ငါရပ်၏။ ကျန်ုပ်ရပ်၍နေသည်ကိုပင် သင်ကားမရပ်ဟု အဘယ်ကြောင့် မုသာဝါဒစကား လျှောက်စားရသနည်းဟုဆိုသော် ဘုရားသခင်က အင်္ဂုလိမာလ ငါသည် သူ၏အသက် သတ်ခြင်းစသော မကောင်းမှုတို့၌ မလိုက်စား၊ အပယ်လားခြင်းမရှိ၊ ကောင်းသောဘဝတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်လမ်းဝင်္ဂသာ တည်ရကား၊ ငါကား ရပ်သောသူမည်၏၊ သင်ကား ဒုစရိုက်မှားစွာ ပြုသည်ဖြစ်၍ ငရဲ-ပြိတ္တာစသော အပါယ် လေးခွင်သို့သွားအံ့သူ ဖြစ်ရကား သင်ကားမရပ်ဟု ငါဆိုသတည်းဟု

မိန်းတော်မူသော်၊ အင်္ဂလိမာလသည် မြတ်စွာဘုရားခြေ ရင်းတော်လျက် လက်ညှိုးတို့ကိုဆင်း၊ လက်နက်တို့ကိုဆင်း၊ စွန့်ပစ်လေ၏ မြတ်စွာဘုရား တရားဟောတော်မူ၍ ပေးတော်ကြွ၊ သုံးကြိမ်ခေါ်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

အာဠာဝက ဘီလူးကို ချုပ်ခဏ်း

ဟိမဝန္တာ၏အနီး အာဠဝီပြည်နှင့် မနီးမဝေး အရပ်၌ ကြီးစွာသော ညောင်ပင်တွင် အာဠာဝက ဘီလူးသည် စတုမဟာရာဇ် နတ်တို့ထံမှ မှန်းတည့်ကာလ၊ ဤညောင်ရိပ်နှံ့သမျှ သောအရပ်သို့ ကပ်ရောက်ခိုဝင်လာသော သတ္တဝါတို့ကို စားပိုင်သော အခွင့်ရသောကြောင့် ထိုညောင်ပင် အောက်သို့ ရောက်လာသမျှသော သတ္တဝါတို့၏ အသားကို စားလျက် နေစမှတ်ပြုသတည်း။ တရံသောအခါ အာဠဝီပြည် ရှင်မင်း သည် ဇော်သားကောင်ကိုရ၍ သန်လျက်ဖြင့် ပိုင်းလျက် ထမ်း ဆောင်လာရာ၊ အပင်အပန်း ဖြေအံ့သောငှါ အာဠာဝက ဘီလူး၏ ညောင်ပင်အောက်သို့ ဝင်၍ နားလေ၏။ ဘီလူး လည်း မင်းကြီးကိုမြင်လျင် ကိုယ်တိုင်ဆင်း၍ စားမည်ပြုရာ၊ မင်းကြီးသည် အလွန် ကြောက်လန့်ရကား ဤသမင်သားကို စား၍ ကျွန်ုပ်အား လွှတ်ပါဟု တောင်းပန်၏။ ဘီလူးလည်း မင်းကြီး သင့်ကိုရင်း၊ သားကောင်ကိုရင်း၊ ငါ၏ ညောင်ပင် အောက် ရောက်သည်မှစ၍ ငါစားပိုင်ပြီဟုဆို၏ မင်းကြီး

လည်း ဘီလူးမင်း-သင်သည် တနေ့စား**ရသော** အစာ**ရော**စာ ထက် နေ့ရက်ရှည်စွာ စား**ခြင်း**ကို **အလို**မရှိပါ**လော**၊ ငါ့ကို လွှတ်**ပါ**မူ လူတ**ယော**က်နှင့် ထမင်း**တ**အိုး**ကို** နေ့တိုင်း သင့် ထံပို့အုံ**ဟု**ဆို၏။ ထို**အခါ** အာဠဝ**က**လည်း သင်ဆိုတိုင်း မှန်စေ၊ သွား**လေ**တော့ဟု ခွင့်ပေး၏။ မင်း**ကြီး**လည်း နန်း**တ**ော်သို့ရောက်သော်၊ မြို့ဝန်ကို**ခေါ်**၍ **အ**ကြောင်း**ကို**ကြား၏၊ မြို့ဝန်လဲ့ည်း **နှာ**ခေါင်**အိမ်**သို့ သွား**ပြီး**သော်၊ သတ်ထိုက်သော **အ**ပြစ်**ရှိ**သူ**ကို**ခေါ်၍ သင်တို့**အ**သက်ရှည်လို**မူ** ထွက်လှည့်**ကြ**ဟု ခေါ်**ပြီး**လျှင် ရှေးဦး**စွာ**လာ**သော**သူ**ကို** ရေချို**း**စေ ထမင်း စား**စေ**၍ ဤထမင်း**အိုး**ကို ညောင်**စော**င့်နှံ**တ**်**အ**ား ပို့ဇော်**ခဲ့** ပြီးလျှင်၊ သင်လို**ရာ**အရပ်သို့ သွား**လေ**လော့ဟု**ဆို**၍ လွှတ်၏။ ထို**ယော**က်ျား**သည်** ညောင်ပင်ရင်း**သို့**ရောက်**သော်** ပင့်ကူမျှင် ဖြင့် ရစ်**သော**ပိုး**ကဲ့**သို့ မလှုပ်မ**ချော**က်နိုင်။ ထို**အခါ** အာဠဝ**က**ဘီလူး**သည်** ကြာစွယ်ကြာရင်း**ကဲ့**သို့ ရှုပ်ရှုပ်ဝေ့၍ စား**လေ**၏။ ဤသို့**သော**နည်း**ဖြင့်** နေ့တိုင်း**နေ့**တိုင်း **စေ**လွှတ်၍၊ ဘီလူး**စေ**း**စေ**သည်**ကို** လူ**အ**မျာ**း**သိကုန်လျှင် ကြောက်ရွံ့**ကြ** ၍ ခိုး**ဝ**က်ဆိုး**သွ**မ်း**ခြင်း**ကို မပြုဝံ့**ကြ**ကုန်။ ကာလ**ကြာ**သော်၊ ခိုး**သူ**တို့ **နှာ**ခေါင်**အိမ်**တွင် ကုန်**လေ**၏။ ထို**အခါ** မွေး**စ**ကလေး သူငယ်**ကို** ယူပို့**လေ**သော်၊ သား**ငယ်**သမီး**ငယ်**တို့သည် **အ**ရပ် တပါး**သို့** ပြေး**ကြ**ကုန်၏။ ဤနည်း**အ**တိုင်း တဆယ့်နှစ်နှစ် တိုင်တိုင် လူ**နေ**ပါင်း လေး**ထောင့်** သုံး**ရာ** နှစ်ဆယ် ကုန်သော်၊ မင်း**ကြီး**၏ ယမန်နေ့တွ**ဘ**း မင်း**သား**သူငယ်သာ**ရှိ**လေသည်**ကို** ပို့**ရ**လေ၏။ မြတ်စွာဘုရား**သည်** သာဝတ္ထိပြည်မှ **ကြွ**တော်မူ**ပြီး**

သော်၊ ဤအာဠာဝကဘီလူးဗိမာန်တွင်းသို့ဝင်၍ ရာဇပလ္လင်ထက်သို့တက်ပြီးသော်၊ ရောင်ခြည်တော်လွှတ်တော်မူ၏။ အာဠာဝကဘီလူးလည်း ဒေါသပြင်းပြစွာနှင့် ကြုံးဝါးဟစ်အော်၍ သည်းထန်စွာသော လေမုန်တိုင်းကို လာစေ၏။ မိုးယိုကို တစ်ကြိုးပြင်းထန်စွာ ရွာပြန်၏။ ထိုနောက် ကျောက်စစ်မိုးယိုး၊ သင်ဓုန်း၊ လှံကန်၊ သန်လျက်မိုးယိုး၊ မီးကျီမိုးယိုးရွာစေသော်လည်း ဘုရားရှင်ထံသို့ရောက်က နှင်းပေါက်လောက်မျှ မစွတ်မထိ ခြေတော်ရင်း၌ ပေါက်ပေါက် ပန်းကောင်း နံ့သာပြောင်းတို့ဖြစ်ကုန်၏။ ထိုသို့ဖြစ်သော် ဘီလူးစစ်သည်တော်တို့ကိုခေါ်၍ အထူးထူးသဏ္ဌာန်ဘန်ဆင်းလျက်၊ လက်နက်တို့ကိုကိုင်စေပြီးလျှင် အာဠာဝကဘီလူးသည် ကိုယ်တိုင်ဝင်၍ မြတ်စွာဘုရားကို ဆွဲငင်နှိပ်စက်အံ့ဟုလာ၏။ မီးရဲရဲ အနှားသို့ ယင်ရဲမကပ်နိုင်ဘိသကဲ့သို့ ရှိပြန်ရကား ဘွဲ့ဖြူလက်နက်ကိုလွှတ်ပြန်သော်၊ ဘုရားထံသို့ရောက်က ဘွဲ့ဖြူခြေသုတ်ပုဆိုး ဖြစ်၍တည်လေသည်ကို အာဠာဝကဘီလူးမြင်လေသော်၊ အစွယ်ကျွတ်စေသာဆင်ကဲ့သို့ မာန်စောင်ကို ချလျက်၊ အနှားသို့ကပ်ပြီးလျှင် ရှင်ဂေါတမ ငါအခွင့်မပြုဘဲ ငါ့ဗိမာန်သို့ဝင်၍ အဘယ်ကြောင့်နေသနည်း၊ လျှင်စွာထွက်လော့ဟုဆို၏။ ဘုရားသခင်သည် ခက်ထန်သူကို သာယာသောစကားဖြင့် ဆုံးမမှ နှလုံးနှုးညံ့၍ မဂ်ဖိုလ်ရခြင်းငှါ ထိုက်တော့မည်ဟု ကြံတော်မူပြီးလျှင် အချင်းအာဠာဝက-သင်မနေစေလိုလျှင် ယခုပင် ငါထွက်မည်ဆို၍ ထွက်သောအခါ အာဠာဝကလည်း ဤသို့ကြံ၏။ ဤရဟန်းကား တခွန်းသောစကား

ဖြင့်ပင် ထုတ်ပေသည်။ ငါမစူးမစမ်းဘဲ အပန်းတကြီးတည့်လုံး စင်ထိုးခြင်းကို ပြုပေသည်။ အရေးကုန်ဒေ.ဝင် စမ်းဦးအုံဟူ ပြုသျှင် အရှင်ရဟန်း ဝင်လာဦးလေ့ဟု ဆိုပြန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဝင်တော်မူပြန်၏။ ထိုသို့ အလိုလိုက်၍ သုံးကြိမ်တိုင်တိုင် ထုတ်ခြင်းဝင်ခြင်းကို ပြုတော်မူလေသတည်း။ ထိုနောက်မှ ဗာဒ္ဓဝဝကလည်း ဤရဟန်းကား ငါ့စကားကို နားထောင်လတ္တယ်၏။ တည့်လုံး ထုတ်စေဝင်စေ၍ မျောပန်းလှလေမှ ခြေနှစ်ချောင်းကိုကိုင်လျက် မြစ်တဘက်သို့ ပြစ်ရသော်၊ ငါအောင်ဘိဟုကြ၍ ရှင်ကြီးရဟန်း- ထုတ်ဦးလော့ဟုဆို၏။ ထိုအခါ မြတ်စွာဘုရားက ငါမထုတ်၊ သင်ဘိလူ.ကား ငါဘုရားခြေကိုကိုင်၍ မြစ်တဘက်သို့ ပြစ်အုံကြံသောကြောင့် ငါမထုတ်လိုဟု မိန့်တော်မူ၏။ ဤရဟန်းကား ငါ၏ စိတ်အကြံကိုပင် သိပေသည်။ ပြဿနာမေး၍ မဖြေနိုင်မူ သူ့အရှက်ကိုခွဲအုံ၊ သမုဒ္ဒရာထဲသို့ သော်လည်း ပြစ်အုံဟုကြံ၏။ ထိုဒ.ကြံကို မြတ်စွာဘုရားသိတော်မူ၍ အချင်းအာဋ္ဌဝဝက-ငါဘုရားအား ထိပါ:ရှိန်ပ်လျက် စိတ်တော်ကိုလည်း ပျံလွှင့်အောင် ငါဘုရား ခြေတော်ကိုဆွဲ၍ သမုဒ္ဒရာထဲသို့ ပြစ်နိုင်မည်သူကား သုံးဆဲ့တဘု့တွင် တစုံတယောက်မျှ ငါမမြင်၊ သင်ဖေမးလိုရာ မေးလော့ဟု မိန့်တော်မူ၏။ ထို့အခါ အာဋ္ဌဝဝကသည် ရဟန်းငါတမ-လောက၌ မြတ်ဧသာဉဖွာရတနာသည် အဘယ်နည်း၊ အဘယ်အလေ့အကျက်သည် ချမ်းသာကို ဆောင်တတ်သနည်း၊ အဘယ်အရသာသည် အကောင်းမြတ်ဆုံး ဖြစ်သနည်း၊ အဘယ် အသက်မွေး

ခြင်းသည် အမြတ်ဆုံးဖြစ်သနည်းဟု လေးပါးသောပြဿနာကို မေး၏။ ထိုအခါ မြတ်စွာဘုရားက ဘုရား-တရား-သံဃာ သုံးပါးသော ရတနာသည် အမြတ်ဆုံးဖြစ်၏။ ရတနာသုံးပါး ကြည်ညိုခြင်း အလေ့အကျင့်သည် လူနတ်နိဗ္ဗာန် သုံးတန် သောချမ်းသာကို ဆောင်တော်၏။ မှန်သော စကားသည် အကောင်းမြတ်ဆုံးသော အရသာမည်၏။ ပညာဖြင့် အသက် မွေးခြင်းသည် အမြတ်ဆုံးဖြစ်၏ဟု ဖြေတော်မူသော်၊ အာဠာဝကသည် အလွန်ဝမ်းမြောက်၍ နောက်ထပ် ပြဿနာ မေးမြန်းသော်၊ မြတ်စွာဘုရားလည်း အစဉ်အတိုင်း ဖြေတော်မူပြီးသည်၏အဆုံး၌ အာဠာဝကဘီလူးသည် သောတာအတွဲ ဖိုလ်၌ တည်လေ၏။

ရှင်ဒေဝဒတ်နှင့် အဇာတသတ်မင်း

မြတ်စွာဘုရား သခင်သည် နှစ်ဝါမြောက်တွင် ရာဇဂြိုဟ် ပြည်အနီး စာလီယတောင်၌ သီတင်းသုံးတော်မူသော အရှင် ဒေဝဒတ်အား ဆည်းကပ်ပူဇော်သူ နည်းပါးလှသဖြင့် ဘုရား နှင့် ဂုဏ်းခွဲ၍ လာဘသက္ကာရ မျှားစွာရခြင်းကား ပိဗ္ဗိသာရ မင်းကြီး၏ သားဖြစ်သော အဇာတသတ်မင်းကြီးထံသို့လာခဲ့၏။ ရာဇဂြိုဟ်အနီး ရောက်သော်၊ ရှင်ဒေဝဒတ်သည် ရဟန်းအသွင်ကို ဖယ်၍ ဈာန်အာဘိညာဏ်တို့ဖြင့် သူငယ်၏အသွင်သဏ္ဌာန်ဘန် ဆင်းပြီးလျှင် ဦးခေါင်းထက်၌ မြွေတစင်း လက်နှစ်ဘက်၌ မြွေနှစ်စင်း၊ ခြေနှစ်ဘက်၌ မြွေနှစ်ဆင်း၊ ဤမြွေငါးဆင်းကို

ဇာမြိုးချုင်းရက်ထိုး၍ ခါးကြိုးကဲ့သို့ ဆင်ပြီးမှ ကောင်းကင်မှ ဒေဝဘာသတ်မင်းသား၏ရင်ပြင်ထက်မှသက်ဆင်း၏။ မင်းသား သည် အလှဒန်ကြောက်လန့်ရကား သည်းစွာ အော်ဟစ်လေ၏။ ရှင်ဒေဝဒတ်က မကြောက်လင့်ဆို၍၊ ပကတိသောရဟန်းဖာသင် ပြင်ကိုပြလေ၏။ ဒေဝဘာသတ် မင်းသားလည်း ရှင်ဒေဝဒတ် ကား ကြီးသောဒုံးရှိ၏။ ခမည်းတော် ကိုးကွယ်သော ဘုရားမှ ဤကဲ့သို့ တန်ခိုးမပြနိုင်ဟုမှတ်၍၊ အလှဒန် ကြည်ညိုရကား မျှားစွာသော လာဘ်ပူဇော်သက်ကာပြု၍ ကိုးကွယ်၏။ ထိုအခါ ဒေဝဒတ်သည် မာန်ရစ်လေရကား၊ ဘုရားသခင်ကို ဖယ်ရှား၍ တပည့်ဘားသံဃာတော်အပေါင်းကိုငါစောင့်အုံဟုကြံ၏။ ထိုသို့ ကြံသည်နှင့်တပြိုင်နက် စျာန်အဘိညာဏ် ကွယ်လေ၏။ ထိုနောက် ရှင်ဒေဝဒတ်သည် မိမိပရိသတ်နှင့်တကွ၊ ဘုရားထံသို့လာ၍ ရိုဆေစွာရှစ်ခိုးပြီးသော် ဘုန်းကြီးသော မြတ်စွာဘုရား ကိုယ်တော်ကား အာသက်ကြီးပါပြီ။ အိုမင်းခြင်းသို့ ရောက်ပါပြီ။ သာဝကအပေါင်းကို ကျွန်ုပ်ကို လွှဲထားအပ်နှင်းတော်မူပါဟုလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက ရှင်ဒေဝဒတ်-သူတထူး ထွေးဖြစ်သော တံထွေးပေါက် သောက်မျိုသောသင့်အား အဘယ်သို့ သဲ့သ်ာကို အပ်နှင်းရအံ့ နည်းဟု မိန့်တော်မူသောအခါ ရှင်ဒေဝဒတ်သည် ပရိတ်သတ်အလယ်၌ ရှက်ဖွယ်သောစကားဖြင့် ရူတ်ချတော်မူသည်း ငါဏားယဉ်နှမ့်စ၍ ယောက်ဖတော်ဂေါတမ၏ ကောင်းကျိုးကို မကြံပြီဟူ ရန်ငြိုးထားလျက် ထွက်ခွါခဲ့လေ၏။

ဗိမ္ဗာသာရမင်းကြီးကို သား အဇာတသတ်မင်း သတ်ခင်း

ထိုနောက် မျိုးမကြာမီ ဒေဝဒတ်သည် အဇာတသတ် မင်းသားအိမ်သို့သွား၍ မင်းသား၏ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကား အရွယ်ပျိုမြစ်လှသေး၏၊ ဖခင်အရွယ် လွန်သော အခါမှ ရွှေနန်းစည်းစိမ် ခံစံရမည်ဟု ဆိုသော် မင်းသားသည် အို မင်း ရင့်ရော်သော အခါမှ ခံစံရလတ္တံ့၊ ဆင်သည် အာဘမင်းကြီးကို ဖယ်ရှား၍ မင်းပြုလေလော့၊ ဆရာလည်း ယောက်ဖတော် ဒေါတမကို ဖယ်ရှား၍ ဘုရားလုပ်အံ့ဟုဆို၏။ ထိုစကားကိုကြား၍ မင်းသားသည် ဆရာဆိုသည်တိုင်း လိုက်နာရသော် ကောင်းစွာဟုနှလုံးထား၍ ဓာနေ့သဉ်သဲလျက် ကိုယ်ပေါင်ကြား၌ဝှက်ပြီးသော် နန်းတော်သို့ဝင်လေ၏၊ တံခါးမှူးတို့ မြင်၍ မင်းသားကို ဖမ်းပြီး၍ စုံလင်စွာ ကြည့်သော်။ ပေါင်၌ဆီး၍ ပတ်ထားသောသံလျက်ကို မြင်သဖြင့်၊ မင်းထံသို့ ပို့ကြကုန်၏။ ထိုအခါ မင်းသားကြီးက ချစ်သား- အဘယ့်ကြောင့် ငါ့ကို သတ်လိုသနည်းဟူ မေးသော်၊ ရွှေနန်းစည်းစိမ်ကိုလိုသောကြောင့် သတ်မည်ကြံသည်ဟု၍လျှောက်သော်၊ ချစ်သား-သင့်အား ကြီးပြင်းအောင်မွေးမြူခဲ့ခြင်းသည် ရွှေနန်းစည်းစိမ်ကိုပေးလို၍မွေးသည်မဟုတ်လောဟုဆို၍၊ မင်းဒေဖြင့်ကိုသား အဇာတသတ်မင်းသားအား ဆောင်နှင်းစေ၏။ အဇာတသတ် မင်းသား မင်းအဖြစ်ကိုရလျှင်၊ ဆရာဒေဝဒတ်ထံသို့ သွား၍ ကျွန်ုပ်ကိစ္စ ပြီးမြောက်ပါသည်၊ အရှင် အရေးသာလိုပါတော့သည်ဟု လျှောက်၏။ ထိုအခါ ဒေဝဒတ်ဆရာသည် ရန်၏

ဘစ္စမ်းကို ရောက်အောင်ပြုမှု ငြိမ်းချမ်းစွာဖြစ်မည်။ အရှင်ဥင်းကြီးခမည်းတော်ကို နှောင်အိမ်၌ထားပြီး လျှင်၊ စားသောက်ခြင်းအဟာရကို ဖြတ်၍ သတ်ရသော် အပြစ်မရှိဟုဆိုပေ၏။ ထို အခါ အဇာတသတ်မင်းကြီးသည် ဘခမည်းတော်ကို အကျဉ်းထား၍ မယ်တော်မိဖုရားမှတပါး အခြား လူရှင်တိတ်တဆိတ် မဝင်စေလင့်၊ အဟာရမကျွေးသင့်ဟု အမိန့် ထုတ်ပြန်၏၊ မယ်တော်လည်း အဟာရကို ဆောင်ယူကာ ကျွေးမွေး၏။ ဥာယုတ်အားဖြင့် အဟာရကို ခြေနင်းတွင်ဝှက်၍ ဆောင်ယူကာ ကျွေးမွေး၏။ ဆယ်ရက်လွန်ကြာ၍၊ မသေသေးကြောင်း သိရသော်၊ မယ်တော်ကို ဝင်ခွင့်မပေးသဖြင့် မယ်တော်သည် နှောင်အိမ်သို့သွား၍ တံခါးဝ၌ အနည်းနည်း ရှိခိုးလျက်၊ လူလေးမျိုးတို့၏ ကောင်းကျိုးခွန်းသာကို ပြုပေတတ်သော အရှင် ဗုဒ္ဓမိဿာရမင်းမြတ် မိမိယတ်လာတံ့သော သားကိုလျက် မဖျက်ဆီးသောကြောင့်၊ ယခုကဲ့သို့ ဆင်းရဲ ခံရပေသည်။ အကျွန်ုပ်သည် ဟရှင်ဓင်းကြီးအား ကံတော်ပါ၏ ဟုဆို၍ ဦးညိုခါပြန်ခဲ့၏။ ဘခမည်းတော်မင်းကြီးလည်း အဟာရကို မမှီဝဲရသော်လည်း မဂ်ဖိုလ်ချမ်းသာကို ခံစားကာ စင်္ကြံကွက်၍ မျှတစွာတော်မူရကား အသားအရေတို့သည် ရှေးကထက် တင့်တယ်စွာတော်မူ၏။ ခုနှစ်ရက်ကြာသော်လည်း မသေသေးကြောင်း သိပြန်သော်၊ အဇာတသတ်မင်းသည် ဓမ္မာတော်စင်္ကြံမသွားခိုင်အောင် ခါးဖြင့်မှုန်းပြီးလျှင် ဆားလူး၍ မီးကင်လေဟုစေပြန်၏။ ထို့ခါ ပဗ္ဗိဿာရမင်းလည်း ပြင်းထန်သော ထိုဝေဒနာဖြင့် လွန်စွာတုန်လှုပ်လျက်၊ စုတော်ကျသော်

စတုမဟာရာဇ်နတ်ပြည်ဝယ်၊ ဇဝနာသဘမည်သော နတ်သား ဖြစ်လေ၏။ ထိုအခါ အဇာတသတ်မင်းကြီးဌ သားတော် တပါး ဥဒယဘဒ္ဒကို ဘဋ္ဌားမြင်လေ၏။ ထိုအကြောင်းကို မင်းကြီးအား လျှောက်တင်သော်၊ ကြားသောခဏဌ အဇာတသတ်မင်းသည် သားဌ ချစ်ခြင်းအဟုန်ဖြင့် ရိုးတဋ်းခြင်ဆိုကို စိမ့်၍ နှစ်သိမ့်ဘိရကား သတိရသဖြင့် ခမည်းတော် မင်းကြီးလည်း ငါဌ ချစ်ခြင်းသည် ကျိုက်သို့ဖြစ်ကောင်းရာသည်၊ ချစ်မချစ်ကို မယ်တော်အား မေးဦးအံ့ဟု မယ်တော်ထံကပ်ပြီးလျှင် မေးလေသော်၊ မယ်တော်က ဟယ်-မင်းယုတ်မင်းမိုက်၊ သင့်ကိုယ်ဌဖြစ်သော ချစ်ခြင်းသည် အတုမျှသာတကား၊ သင့်အဘ၏ ပိယစတနာမူ နှိုင်းယှဉ်စရာမရှိ၊ သင် ငါ့-ဝမ်း ခေါင်းဌ သန္ဓေအောင်းလျှင်ဖင်၊ မင်းကောင်း ဗိမ္မိသာရ၏ လက်ျာလက်ရုံးသွေးကို ကိုက်ဖေါက်၍ သောက်ချင်ခြင်းသည် ပြင်းစွာဖြစ်သဖြင့် ရက်ချင်းပင် သင့်ဘခမည်းတော်၏ လက်ရုံးမှသွေးကို ဖေါက်၍ သောက်စေတော်မူ၏။ ပညာရှိတို့အား ထိုအကြောင်းကိုကြားသော်၊ မိဖုရားဝမ်းဌ ကိန်းသော သူငယ်သည် မင်းကြီးအား မခွေးတ်ဆတ်လတ္တံ့ဟု နိမိတ်ဖတ်သော ကြောင့်၊ အဘသတ်သားကို ငါမမွေးလိုပြီဟု ကိုယ်ဝန်ကို ဖျက်ဆီးငြားသော်လည်း သားမျက်နှာကိုမျှ မြင်ရစေ၊ ငါ့ကို သတ်လိုလည်းသတ်ပါစေ မဖျက်ချေလင့်ဟု အခါခါ တောင်းပန်သောကြောင့် လူ့ထံသို့ သင်ရောက်ရသည်။ သင်ငယ်စဉ်က လက်မဌ ခွူနာပေါက်၍ ဆောက်တည်ရာမရ ပြည်ကိုက်လှသည်ကို သင့်ဖခင်ကြီးသည် ခံတွင်းဖြင့် ငုံ၍ ပြည်ကို ယူပေးသည်။

ကျွန်ုပ်ကဲ့သို့ ချစ်ခင်မောက်၍ ချီးမြှောက်ပေသော မေမ္မဲသည့်ဖခင်ကျေးဇူးရှင်ကို နှင်သတ်ရက်သည်၊ နှုတ်ထက်ယုတ်သောသူကား ကျိုလူ.ပြည်တွင်မရှိပြီဟု ကြိမ်းမောင်း၏။ အာဇာတသတ် မင်းလည်း မယ်မတော်ဆိုသော စကားကဲ့ကြား၍၊ ခမည်းတော်အား သနားစုံမက်သော စိတ်ရှိ၍ မိခင်ထံမှ ထခဲ့ပြီး၍၊ ငါ၏ခမည်းတော်ကို နှောင်အိမ်မှ ထုတ်စေဟူ၍ အမိန့်ကို ပြန်၏။ ထိုခဏ၌ အာဇာသားတို့က မင်းကြီးက ကုန်ကြောင်းသဝဏ်စာကို ဆက်လာ၏။ ထိုအခါ ငါကား မပြစ်မှားထိုက်သောသူကို ပြစ်မှားမိချေပြီဟု သံဝေဂပြင်းလျက် သည်းတွင်းလှိုက်ဆူ အိုက်ပူပင်ပန်းခြင်း ဖြစ်တော်မူပြီး၍၊ ဘခင်အလောင်းကို ကောင်းမွန်စွာ ပြုပြင်ခင်းကျင်းပြီး၍ ဖုတ်ကြည်းသင်္ဂြိဟ်လေ့၏၊

ဘုရားထံ အာယုသခ်ါရ လွှတ်တော်မူရန် မာရ်နတ် ထောင်းပန်ခဏ်း

မြတ်စွာဘုရားသခင်သည် လေးဆယ့်ငါးဝါမျှ လူနတ်ဗြဟ္မာတို့အား တရားရေ တိုက်ကျွေးလာခဲ့ရာ၊ ဝေသာလီပြည်၏ အရှေ့မျက်နှာ စာပလစေတီအနီး၊ သာယာသော အရိပ်ရှိသော သစ်ဖင်ရင်းခွဲ နေတော်မူစဉ်၊ မာရ်နတ်မင်းသည် နတ်ပြည်မှဆင်းလာ၍၊ အရှင်အာနန္ဒာ ဓရဏဆောင်ခြင်းငှာသွား သည့်အခိုက်တွင် မြတ်စွာဘုရားထံသို့ ကပ်၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ပရိနိဗ္ဗာန်ပြုခါထန်ပါ၏။ ယခု ပရိနိဗ္ဗာန်

ပြုတော်မူပါလေ၊ ရှေးအခါက အရှင်ဘုရားသည် အကျွန်ုပ်အား အခြင်းမာရ်နတ်-အကြင်မျှလောက်သော ကာလပတ်လုံး ငါ၏တပည့်ရဟန်းသံဃာတို့သည် ထူးမြတ်သောတရားအာရာဒ်မလိမ်မာကုန်သေး၊ ကိုယ်နှလုံးသုံးပါးကိုလည်း မဆုံးမနိုင်ကုန်သေး၊ ဆင်ကြားအပ်သော ပရိယတ္တိလည်း မမျှားကုန်သေး၊ လောကုတ္တရာတရားအား လျော်စွာသော အကျင့်ကို မကျင့်နိုင်ကုန်သေး၊ သူတပါးအား ဟောပြောခြင်းငှာ မစွမ်းနိုင်ကုန်သေး၊ ထိုမျှလောက်သောကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန်မစံလိုသေးဟူ၍ မိန့်တော်မူဘူးပါသည်။ ယခုမူကား အရှင်တပည့်သား ရဟန်းသံဃာတို့သည် လိမ္မာခြားနား ကိုယ်နှုတ်နှလုံးကို ဆုံးမနိုင်ကုန်ပြီ၊ အသင်အကြားမျှ၍ ရဲရင့်တည်ကြည် ပိဋကတ်သုံးပုံကို ဆောင်နိုင်ကုန်ပြီ၊ လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်နိုင်ကုန်ပြီ။ သူတပါးအား သင်ကြားပြသနိုင်ကုန်ပြီ၊ ဤသို့ ယခုပြည့်စုံစွာ ဖြစ်ကြကုန်ရကား ပရိနိဗ္ဗာန်ပြုခါတန်ပါပြီ။ ပရိနိဗ္ဗာန်စံယူတော်မူပါလော့ဟု လျှောက်လေ၏။ ဘုရားသခင်လည်း အစဉ်ပွင့်လေကုန်သော နောင်တော်ဘုရားတို့သည် လူတို့၏ သက်တန်းကိုကို ငါးဘို့ပြု၍ ဓလေ့ခုမျှသာ တည်တော်မူသည်ကို မြင်သဖြင့်၊ ဗုဒ္ဓဝင်ထုံးတမ်းကို ငါလည်း မလွန်ထိုက်ချေဟု နှလုံးသွင်းတော်မူလျက်၊ ဟယ် မာရ်နတ်၊ သင်မကြောက်ကြလင့်၊ ငါပရိနိဗ္ဗာန် စံတော်မူအံ့၊ ဤမှ သုံးလလွန်သော် ငါဘုရားပရိနိဗ္ဗာန်စံတော်မူအံ့ဟု မိန့်တော်မူလိုက်၏၊ ဘုရားရှင်ရှေ့တော်မှ မာရ်နတ်လည်း ကွယ်လေ၏၊ ထိုခဏာတွင်ပင် မြတ်

စွာဘုရားကိုယ်တော်မြတ်လည်း အာယုသခင်္ခါရကို လွှတ်ခြင်းငှာ အာရုံရှိသော သမာပတ်သို့ ဝင်စေတော်မူ၏။ ထိုသမာပတ်၏ အာနုဘော်ကြောင့် မဟာပထဝီမြေကြီးသည် မြည်ဟီးတုန်လှုပ်၏။

ထိုအခါ ရှင်အာနန္ဒာသည် ဤသို့အကြံဖြစ်၏၊ မြေလှုပ်ခြင်းတော်လည်း ခြင်းကား အဘယ်အကြောင်း ဖြစ်လေသနည်း။ ဘုရားရှင်အား လျှောက်ကြားအံ့ဟု ကိုယ်တော်မြတ်ထံသို့ ကပ်ပြီးသော်၊ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ယခု မြေပြင်းစွာ လှုပ်ခြင်းကား အဘယ် အကြောင်းပါနည်းဟု နားတော်လျှောက်၏။ အမှတ်သား အာနန္ဒာ-ငါဘုရားသည် သဗ္ဗညုတဉာဏ်ကို ရဦး အစကပင် မာရ်နတ်သားသည် ငါဘုရားထံကပ်၍ အရှင်မြတ်-ပရိနိဗ္ဗာန် ဝင်တော်မူပါဟု လျှောက်လာဘူး၏။ ထိုအခါ ငါဘုရားကလည်း ဟယ် မာရ်နတ်-သင်တွေ့ဝါ အပေါင်းကို ကောင်းမြတ်သော အမြိုက်ရေဖြင့် တိုက်ကျွေးကယ်တင်လို၍ လေးသစ္စာနှင့် ကမ္မာတသိန်း ပါရမီကို ငါဖြည့်ခဲ့သည်။ ယခု ဘုရားဖြစ်မြောက်သော်လည်း တစုံတယောက်သောသူကို မှ ငါသိသော ခမ္မရသကို မတိုက်ကျွေးရသေး။ နိဗ္ဗာန်လမ်းမှန်ကောင်းရာကို ငါမပြရသေး။ ထိုမျှလောက် ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်စံတော်မမူလိုသေးဟု ငါဆိုလိုက်သတည်း၊ ခုစ်သား အာနန္ဒာ ယခု စာပလေးစတီအနီး ဤသစ်ပင်ကြီးခုံးဥ်ဒ် နေတော်မူရာတွင် ထိုမာရ်နတ်သည် ငါ့ထံသို့ကပ်၍ ပရိနိဗ္ဗာန်စံတော်မူပါဟု လျှောက်လာပြန်သတည်း။ ယင်းသို့ လျှောက်ရ

ကား၊ ဟယ် မာရ်နတ်-သင် မစိုးရိမ်လင့်၊ ဤလမှ နောက် သုံးလမြောက်သော်၊ ငါဘုရား ပရိနိဗ္ဗာန် စံတော်မူအံ့ဟု အာယုသင်္ခါရကို လွှတ်တော်မူလိုက်ပြီး၊ ဤအကြောင်းကြောင့် သာ မဟာပထဝီသည် လှုပ်သတည်းဟု မိန့်တော်မူ၏။ ထို စကားကိုကြားလျှင်၊ အရှင်အာနန္ဒာလည်း မဟာဓမ္မရာဇ် ဖြစ်တော်မူသော မြတ်စွာဘုရား၊ လူနတ်တို့၏ အကျိုးစီးပွား များစိမ့်သောငှာ ပါရမီဖြည့်ခဲ့ပါလျက် လျှင်စွာ ပရိနိဗ္ဗာန် ပြုတော်မမူပါလင့်။ အာယုကပ်ပတ်လုံး တည်တော်မူပါဟု လျှောက်လေ၏။ ဘုရားသခင်က ချစ်သား အာနန္ဒာ၊ ယခု အာခါမှ သင် တောင်းပန် လာခြင်းသည် အခွင့် မဟုတ်ပြီဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း ထပ်ခါထပ်ခါ သုံးကြိမ် မြောက်အောင် တောင်းပန်လေလျှင်၊ ချစ်သား အာနန္ဒာ အကြင့်သူသည် ဋ္ဌဝီပါဒ်လေးပါး ဗောဇ္ဈင်ခုနစ်ပါး တရား တို့ကို များစွာပွားစေ၍ အာယုကပ်ပတ်လုံးဖြစ်စေ ထိုထက် အလွန်ဖြစ်စေ တည်နေလိုသော် တည်နိုင်ရာ၏။ ထို့အတူ ငါဘုရားလည်း အလိုရှိသမျှ နေနိုင်၏ဟူ၍ ငါမိန့်တော်မူ သည်များကို သင်ယုံကြည်၏လောဟူ မိန့်တော်မူ၏။ အရှင် ဘုရား ယုံကြည်ပါ၏ဟု လျှောက်သော် ချစ်သား အာနန္ဒာ၊ သင်သည် ငါဘုရားဒေသနာကို ပညာဖြင့် နှစ်လိုသူဖြစ်လျက် နိမိတ်ဩဘာစကား မြွက်ကြားတော်မူသောအခါ ငါဘုရား အား မဖြောင်းပန်၊ ထို့သို့ သင်မတောင်းပန်ခြင်းသည် သင် ၏တာဝန် သင်၏ ချွတ်ယွင်းခြင်းပင်တည်း။ အကယ်၍ သင်

တောင်းပန်မှုကား ဇါတုရားသည် သင်၏စကားကို နှစ်ကြိမ်သာ ပယ်ချ၏။ သုံးကြိမ်မြောက် မပယ်ပေရာ၊ လိုက်နာသည်သာဖြစ်လတ္တံ့။ ယခု တောင်းပန်ခြင်းသည် သင်၏ ချွတ်ယွင်းခြင်းပင်တည်း။ ချစ်သားအာနန္ဒာ ဇါတုရား ဂိဇ္ဈကူဋ်တောင်၌နေတော်မူစဉ်အခါ နိမိတ်ဩဘာသစကားကို သင့်အား ငါဒေသနာတော်မူဘူး၏။ အာနန္ဒာ ရာဇဂြိုဟ်ပြည်သည် အလွန်မွေ့လျော်ဘွယ်ရှိ၏။ ဤဂိဇ္ဈကူဋ် တောင်သည်လည်း သူတော်ကောင်းတို့ ရှည်မြင့်စွာ ကျိန်းအောင်းခြင်းငှာ လျောက်ပတ်၏ စသည်ဖြင့် ငါမိန့်ဘူးသည် မဟုတ်လော။ ထိုအခါ သင် တောင်းပန်ပါမူ နှစ်ကြိမ်သာ သင့်စကားကို ငါပယ်ရာ၏။ သုံးကြိမ်မြောက်အောင် မပယ်ရာ၊ လိုက်နာသည်သာ ဖြစ်လတ္တံ့။ ထိုအခါက မတောင်းပန်ခြင်းသည် သင်၏ချွတ်ယွင်းခြင်းသာတည်း။ ချစ်သား အာနန္ဒာ ဇါတုရားသည် အဆက်ဟူသော အခြောင်းအကြောင့် ဆိုအပ်ပြီးသောစကားကို တဘန်ပြင်ပြန်ခြင်းသည် အကြောင်းမသင့်၊ အခွင့်မဟုတ်ဟု မိန့်တော်မူ၏၊ ထိုအခါ အရှင်အာနန္ဒာလည်း ပြင်းစွာသော ဓမ္မသံဝေဂသည် ဖြစ်၏။ ထိုနောက်မှ အာနန္ဒာ မဟာဝနကူဋာဂါရသို့ ကြွတော်မူအံ့ဟုဆို၍ ကြွတော်မူ၏။ ရောက်လျှင် ချစ်သား အာနန္ဒာ ဤဝဿာလီပြည်ကို မှီ၍ နေကုန်သော ရဟန်းအပေါင်းကို တညီတညွတ်တည်း စည်းဝေးခေါ်ယူလော့ဟု မိန့်တော်မူ၏။ ဗျာဒိတ်ခံတော် အတိုင်း နှုံးဆော်၍ ရဟန်းတော်တို့ စည်းဝေးမိသော် ဘုရားဆင်လည်း ချစ်သား ရဟန်းတို့ ငါဘုရားသည် သင်တို့ကို ဩကျိုးငှာသုတ် အဘိဓမ္မာ

ဝိနည်းတည်းဟူသော သာသနာကို ကောင်းစွာ ထားအပ်ကုန်ပြီ၊ ထိုတရားတို့ကို သင်တို့ မြဲမြံစွာ သင်ကြား၍ အဘန်တလဲလဲ ပွားကြကုန်လော့။ ဤသို့ပွားများသော် ငါဘုရား၏ သာသနာတော်သည် စည်ပင်ရှည်မြင့်စွာ ထွန်းပခေပရာ၏။ ဤလမ္ဘသို့းလလွန်မြောက်သော် ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့-ဟု မိန့်တော်မူ၏။။

မြတ်စွာဘုရား ဝမ်းတော်လှားတော်မူခဏ်း

ဘုရားသခင်သည် ဆယ်ာတော်အပေါင်းနှင့်တကွ ဝေသာလီပြည်မှ ပါဝါပြည်သို့ ကြွတော်မူ၏။ ထိုပြည်၌ ဆွေပန်းတိမ်သည်၏ သားဖြစ်သော စုန္ဒ သူကြွယ်သည် ရှေးကာလ ဘုရား ကြွတော်မူသော အခါကပင် သောတာပန်ဖြစ်၍ မိမိ ဥယျာဉ်၌ ကျောင်းဆောက် လှူဘူး သတည်း။ ဘုရားသခင်လည်း စုန္ဒ ဒါယကာ၏ သရက် ဥယျာဉ်သို့ဝင်၍ သီတင်းသုံးနေတော်မူ၏။ စုန္ဒ ဒါယကာလည်း ဘုရား ကြွလာကြောင်း ကြားရလျှင် ဘုရားထံ ချဉ်းကပ်၍ လျောက်ပတ်သော နေရာ၌ ရှိခိုး ပူဇော်ကာ နေ၏။ ကိုယ်တော်မြတ်လည်း လျောက်ပတ်သော တရားကို ဟောတော်မူ၏။ စုန္ဒ ဒါယကာလည်း တရားနာပြီးသော် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ နက်ဖြန် ထမြတ်တော်နှင့်တကွ အာကျန့်ပ်၏ ဆွမ်းကို ခံတော်မူပါဟု လျောက်ထားပြီးလျှင် လက်ျာရစ် သုံးပတ်လှည့်၍ ရှိခိုးပြီးမှ မိမိအိမ်သို့ သွားလေ၏။ နံနက်သောအခါ အသုယ်သုယ်သော အမွှေးအကြိုင်ဖြင့် ထုံလိုင်သော ဆွမ်းကို ချက်လေ၏။ ကြွဝင်ချိန် နေကုန်သော နှတ်တို့သည် ထူးမြတ်သော သြဇာ

ဟူသမျှ ထည့်ကြကုန်၏။ စုန္ဒဒါယကာလည်း မြတ်စွာဘုရားအား ဆူးမြတ်သော စွမ်းဖြင့် လုပ်ကျွေး၏။ တပည့်သဃ်ာတော်တို့အား တပါးသော ခဲတွယ်ဘောဇဉ်ဖြင့်သာ လုပ်ကျွေးပေ၏။ ဆွမ်းဘုဉ်းပေးပြီးသော အခါ စုန္ဒဒါယကာကို ခေါ်တော်မူ၍ အချင်း စုန္ဒ-ငါဘုရားအား လုပ်ကျွေးသော ဆွမ်းကြွင်းကို မျှပ်ဘိလော့။ ငါဘုရားမှတပါး ဆွမ်းကြွင်းကို စားနိုင်သော လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ တစုံတယောက်သော သူမျှ ငါမမြင်ဟု မိန့်တော်မူ၏။ ဘုရားသခင်လည်း အစဉ်သော ခမ္မ ဒေသနာဖြင့် ဆွမ်း အနုမောဒနာပြု၍ ကြွတော်မူ၏။ ဥယျာဉ်သို့ ရောက်သောအခါ သည်းထန်ပြင်းပြစွာ ဝမ်းသွေးသွန်သော ဝေဒနာ ဖြစ်တော်မူသော်လည်း ဝေဒနာကို ကောင်းစွာ သည်းခံတော်မူ၍ ကုသိနာရုံပြည်သို့ ကြွတော်မူ၏။ ခရီးတယူဇနာခန့်ရောက်သော် ပင်ပန်းတော်မူလျက် သစ်ပင်ရင်းဥ သုတ်သင်၍ ဒုကူဠအခင်းခပါတ်ဝင် ဝင်နားလည်းလျောင်းတော်မူပြီးလျှင်၊ ချစ်သားအာနန္ဒာ-ငါ့ရေမွှတ်တော်မူသည်။ ချမ်းကြည်မြသောရေကို ဆောင်ခဲ့လော့ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဂင်္ဂါမြစ်နားသို့သွား၍ ကြည့်ရှုပြီးသော်၊ ဘုန်းတော် ကြီးလှသော မြတ်စွာဘုရား၊ ယခုအခါ မလွှမင်းတို့လည်းငါးရာတို့ဖြင့် ကူးသွား၍ မြစ်ရေသည် မကြည်လင်ပါ။ ကကုဓမြစ်သည် ရှေ့အနီးပင် ရှိပါသည်။ ချမ်းကြည်မြသောရေလည်း ရှိပါသည်။ ထိုမြစ်ရောက်မှ သုံးဆောင်ရမူ ပူဆာသောဒုက္ခ ငြိမ်းပါလိမ့်မည်ဟု လျှောက်သော်လည်း သုံးကြိမ်မြောက်အောင် တိုက်တွန်းတော်မူ၏။ အရှင် အာနန္ဒာလည်း

အာဏာတော်ကို မဆန့်သာ၍ ဂင်္ဂါမြစ်နားဆို့ သင်္ဘောတော်ယူ၍ သွားလေသော်၊ နွံနှစ်မွှေသကဲ့သို့ နောက်ကျိလှသောရောသည် ထိုခဏခြင်း သန့်ရှင်းကြည်လင်စွာစီး၏။ ထိုအခါမှ သပိတ်တော်ဖြင့် ရေကိုဆောင်ခဲ့၍ ဘုရားရှင်အား ကပ်၏။ ဘုရားရှင်လည်း မွတ်သိပ်ခြင်းပြုမျောက်လေ၏၊ ထိုနောက် ဘုရားထံမှောက် ရောက်လာသော ပက္ကုသ မင်းသားအား တရားဟောတော်မူ၏။ ထိုမင်းသားသည် သိဂ်္ဂိလ အဆင်းနှင့်တူသော ပုဆိုးနှစ်ထည်ကပ်လှူသဖြင့် ဘုရားရှင်လည်း စာထည်ဝတ်၍ တထည်ရုံတော်မူလျှင် ရှင်တော်ဘုရား၏အဆင်းတော်သည် ဝင်းဝင်းညီးညီးတောက်၍ ယုဂန္ဓိုရ်တောင်ဦးမှ ကွန်မြူးထွက်ပြူသော သူရိယာစက်ဝန်းကဲ့သို့ ရောင်ခြည်တော်ခြောက်စိုင် စာပြိုင်တည်းပွင့်၍ တင့်တယ်ခြင်းအထွတ်သို့ ရောက်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဘုန်းတော်ကြီးမြတ်သော ကိုယ်တော် ဘုရားအရှင်မြတ်၏ ကိုယ်တော်သည် အံ့ဘွယ်သရဲ့ မဖြစ်ဘူးမြဲ ထူးကဲတင့်တယ်လှ၏တကားဟု နားကပ်လျှောက်သော်၊ ဘုရားသခင်လည်း ချစ်သား ထွန်းကားဖြစ်သော တန်ဆောင်ဆီမီးသည် ၎င်းငြိမ်းခါနီးသော တန်ဆောင် ဆီမီးသည်၎င်းကြီးစွာသောအလျှံဖြင့် အလွန် ထွန်းပခြင်း ဖြစ်သကဲ့သို့ ငါဘုဘုးလည်း ဗောဓိပင်နှင့် ရွှေပလ္လင်ကိုရ၍ ဘုရားဖြစ်ဦးစအခါ၌၎င်း ပရိနိဗ္ဗာန် စံယူရအံ့သောနေ့၌၎င်း ထူးခြား၍ တင့်တယ်ခြင်း အသဖရကို ဆောင်လေသတည်း။ ယနေ့ကုန်ခြောက်၍ မိုးယိုးသောကိုယ် အခါ၌ ကုသိနာရုံ ပြည်ဝယ်

မလွှာမင်းတို့၏ အင်ကြင်းပင်စုံကြားဌ္ဌ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူလတ္တံ့ဟု မိန့်တော်မူပြီးသော် ကြွတော်မူလေသဖြင့် ကကုဓမြစ်သို့ ရောက်လေသော်၊ ရေကြည်သုံးဆောင်တော်မူသည်း ရေလည်း သပ္ပာယ်တော်ဒူး၏။ ထိုမြစ်မှတက်၍ သရက်ဥယျာဉ်သို့ ဝင်တော်မူ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခန်း

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ခြစ်သား-ငါသည် စုန္ဒ၏ဆွမ်းကို စားရသောကြောင့် ရောဂါပွားး၍ နိဗ္ဗာန် လားရလေသည်ဟု သူတပါးထူး အပြစ်တင်ရာလေသည်။ ကောင်းမှုအကျိုးမရှိလေဟု နှလုံးမသာ ဖြစ်လေရာသည်။ ထို ကြောင့် စုန္ဒဒါယကာအား မျှားစွာသော အကျိုးရှိလေစွဟု မိန့်ဟသောစကားကို ဘုရားရှင် ရှေးနှုတ်တော်မှ ငါကြားလိုက်ရ၏။ ဘုရားဖြစ်အံ့သောနေ့၌ ကပ်လှူရသော သုဇာတာ၏ ဃနာဒို့ဆွမ်းသည်ငင်း၊ ရှေ့ပြည်နိဗ္ဗာန်စံအံ့သောနေ့ ကပ်လှူရသော စုန္ဒဒါယကာ၏ ဆွမ်းသည်ငင်း၊ ဤဆွမ်းနှစ်ပါးသည် အခြားကာလ၌ လှူရသော ဆွမ်းတို့ထက် ကဲတက်ထူးမြတ်သောအကျိုးရှိ၏။ ငါဘုရား၏ အင်အားဗလကို ကူမထောက်ပံ့၍ တည်၏ဟု မိန့်တော်မူသည်ကို ငါကြားလိုက်ရ၏ဟု သင် ဟောကိုလေ့ဟု မိန့်တော်မူ၍ နေနားကာ ကြွတော်မူသဖြင့် ကုသိနာရုံပြည်၏အနီး မလ္လာမင်းတို့၏ ပျော်ခင်းအလို့ငှာ ကောင်းစွာ ပြုပြင်၍ထားသော အင်ကြင်းဥယျာဉ်သို့ဝင်တော်

မြတ်စွာဘုရား ဗရိနိဗ္ဗာန်စံဝင်တော်မူစဉ်း။

မူ၍ အင်ကြင်းပင်စည်တို့၏အကြား၌ မလ္လာမင်းတို့၏ ရတနာ ညောင်စောင်းကိုယူ၍ အင်ကြင်းပင်စုံတို့၏အကြား မြောက်သို့ ဦးခေါင်းထား၍ လျက် ခင်းပေ၏။ ဘုရားသခင်လည်း ထိုညောင်စောင်းထက်၌ လက်ျာနံတောင်းဖြင့် လျောင်းတော်မူလေသော်၊ ခြေတော်ရင်းမှ၎င်း၊ ဦးခေါင်းတော်ရင်းမှ၎င်း တည်သော အင်ကြင်းပင်ပျိုတို့သည် ကိုယ်တော်မြတ်ကို ပူဇော်ခြင်းငှာ အခါမဲ့ဖြစ်လျက် အံ့ဖွယ်အစုံတို့သည် ဆင့်ကာဆင့်ကာ ပွင့်ကုန်၏။ တသောင်းသော စကြာဝဠာတိုက်တွင်၌ တောသစ်ပင် ပန်းပင်တို့သည်လည်း ငယ်ငယ်ကြီးကြီး အသီးအပွင့်ကို ဆောင်ကြကုန်၏။ စကြာဝဠာ အပေါင်း၌ ရှိကုန်သော ဗြဟ္မာ၊ သိကြား၊ နတ်အပေါင်း၊ နဂါး၊ ဂဠုန်၊ ကုမ္ဘာဏ်ရက္ခ ဂန္ဓဗ္ဗအာသုရာအပေါင်းတို့သည်လည်း ထူးမြတ်သော မန္ဒာရဝ မည်သော နတ်ပန်းအစရှိသည်တို့ဖြင့် ကြဲဖြန်းပူဇော်လေကုန်၏။ နတ်၌ ဖြစ်သော ဧရာဝဏ်းညင်းပတ်သာ တူရိယာတို့ဖြင့်လည်း ပူဇော်လာကုန်၏။ ဝေဟာဘုံ၌ဖြစ်ကုန်သော ဝေဟာသ မည်သော နတ်တို့သည် နတ်ဗြဟ္မာပရိသတ်တို့ ပတ်ဝန်းကြင် အားကြီးသောကြောင့် စကြာဝဠာတိုက်အတွင်းသို့ ဝင်ရောက်ခြင်းငှာ အခွင့်မရ၊ စကြာဝဠာ အနားအစပ်မှာ လာရောပ်မျှော်၍ နတ်ပန်းကုန်းတို့ကို အထံတော်တို့ ရောက်အောင် တယောက် လက်မှ တယောက် ကမ်းလှမ်းပူဇော်ရကုန်၏။ သားမြီးတမျှင် တွင်မျှ တကျိပ်နှစ်ကျိပ်တံခိုးဖြင့် ဖန်ဆင်း၍ နေကြကုန်သော နတ်ဗြဟ္မာတို့သည် မြတ်စွာဘုရား မျက်နှာတော်ကို ဖူးမျှော်ခွင့်မရသောကြောင့် ငြူစူကြကုန်၏။ ထိုနောက် အရှင်အာနန္ဒာ

လည်း နားတော်လျောက်ပြန်၏။ အရှင်ဘုရား၊ ကိုယ်တော်မြတ် နိဗ္ဗာန်လားခဲ့သော်၊ အလောင်းတော်၌ ပြုဘွယ်ကိစ္စ အဘယ်သို့ ပြုရပါအံ့နည်းဟု လျောက်သော်၊ အာနန္ဒာ-ငါဘုရား၏ အလောင်းတော်ကို မီးပူဇော်ခြင်းစသည်ကို သင်တို့ မကြောင့်ကြလင့်၊ မိမိ၏ စီးပွားဖြစ်သော အရဟတ္တဖိုလ်ကို ရခြင်းငှါသာ မျှားစူးလုံ့လကုန်လော၊ ကြည်ညိုကုန်သော မင်းပုဏ္ဏားသူဌေးသူကြွယ် ပညာရှိဒါယကာတို့သည် စကြာဝတေးမင်း၏အလောင်းကို သင်္ဂြိဟ်သကဲ့သို့ သင်္ဂြိဟ်လတ္တံ့။ ဓါတ်တော်ကိုလည်းခရီးဆုံရာ၌ ခေါင်းစွာစေတီတည်၍ပူဇော်ချီးမြှောက်အပ်ကုန်၏ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် ကျွှန်သို့ အကြံဖြစ်၏။ ဘုရားသခင်သည် သဃ်ာတော် တို့အား မှာကြား ဆုံးမထိုက်သမျှ စကားကို ငါ့အား အပ္ပူးထား၍၊ ဟောကြားဆုံးမတော်မူပြီ၊ ကျွှန်ုပ်ကေန်-နိဗ္ဗာန်ယူခြေတော့မည်။ နက်ဖြန်ကာပင် သွန်သင်ပြဆုံးမပေသော အသံတော်တိတ်ခြေတော့မည်။ ငါတို့ဆရာ ဘုရားမြတ်စွာနှင့် ကွဲပြားရခြေတော့မည်ဟု အောက်မေ့လျက် ဆွေးမြေ့သောနှလုံးဖြင့် ယူကြုံးမရဖြစ်ရကား ဘုရားရှင်၏အနီးမှဖယ်၍ မင်းကွန်းစရပ်၌ တံခါးတိုင်ကို ကိုင်လျက် ငိုကြွေး၏၊ ငါသည် သောတာပန်သာဖြစ်၍ အထက်မဂ်အလိုငှာ ပြုဘွယ်ကိစ္စ ရှိခြေသေး၏။ မိုက်မြေးထူထဲသော ငါ့ကို အဖန်တလဲလဲ ဆုံးမပဲ့ပြင်သွန်သင်ပေသော နောင်တော် ဘုရား၊ ငါ့ကိုထား၍ ယနေ့ကား ပရိနိဗ္ဗာန် ယူခြေတော့မည်၊ နက်ဖြန်မှစ၍ ဘယ်သူအား မျက်သစ်ဒန်ပူကပ်လျှုရပါအံ့နည်း၊ အဘယ်သူ၏ ခြေကို ဆေးပါ

ရအံ့နည်း။ အဘယ်သူ၏နေရာကို ငါသုတ်သင် ခင်းကျင်းရပါအံ့နည်း၊ အဘယ်သူ၏ သင်္ကန်း သပိတ် ပရိက္ခရာကို ငါဝတ်ပြုရပါအံ့နည်း၊ စသည်ဖြင့် တဿမြည်တမ်းခါ လွန်စွာ ငိုရှိနေ၏။ ထိုအခါ မြတ်စွာဘုရားသည် ညီတော်အာနန္ဒာကိုခေါ်၍ သင်္ဃညုတအဖြစ်သို့ ရောက်သော ငါ့အား ခစားလုပ်ကျွေးရသော ချစ်သားဦး အဘယ်မှာ ရဟန္တာမဖြစ်ဘဲ ရှိအံ့နည်းဟု ရှေးအဖြစ်ကိုဖော်၍ ဇာတ်တော်ကို ဟောတော်မူ၏။ ထို့နောက် ရှင်အာနန္ဒာကို ကုသိနာရုံပြည်သို့သွား၍ မလ္လာမင်းတို့အား အကြောင်းကြားချေဟု စေတော်မူသဖြင့် မလ္လာမင်းတို့သည် သားမယားဆွေမျိုးတို့နှင့်တကွ သမုဒ္ဒရာရုံးဦး လှိုင်းတံပိုးအသံကဲ့သို့ သောင်းသောင်းညံငိုကြွေးကြလျက် ရောက်လာကြကုန်၏။ မလ္လာမင်းတို့၏ ရှိခိုးခြင်းကိစ္စဖြင့် ပဋ္ဌမယံကို လွန်စေ၏။ ထိုနောက် သုဘဒ္ဒပရိဗိုဇ် ရောက်လာ ဖူးမျှော်ခွင့်ရ၍ တရားရစေပြီးသော်၊ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ချစ်သားငါ၏ သာဝကဖြစ်သော သံဃာတော်များတို့သည် ငါဘုရား လွန် ထင်မှတ်လိမ့်မည်။ ယင်းတို့ကား မမှတ်အပ်၊ အကြင်သုတ်ဝိနည်းအဘိဓမ္မာတရားသည် ငါဘုရားလွန်သဖြင့် သင်တို့ဆရာဖြစ်လတ္တံ့။ ထိုကြောင့် ငါဘုရား ရှိသည်ဆာဟု ကောင်းစွာ မှတ်အပ်၏။ ထိုနောက် ရဟန်းများကို ခေါ်တော်မူ၍ ၁စ်သားတို့-ဘုရား တရား သံဃာ၌ ၃ဂင်း၊ မဂ်ဖိုလ်တရား၌ ၃ဂင်း၊ ယုံမှားတွေးတောခြင်းရှိသည်ဖြစ်အံ့၊ ငါဘုရားကို ယခုမေးလျှောက်လိုက်ကြကုန်၊ နောင်သောအခါ မမေးလျှောက်လိုက်ရဟု နောင်တပူပန်ခြင်း မဖြစ်ကြစေလင့်ဟု မိန့်တော်

မူ၏၊ ရဟန်းတို့လည်း ဆိတ်ဆိတ်သာနေကုန်၏။ ဘုရားသခင်သည် သုံးကြိမ်တိုင်အောင် မိန့်တော်မူသည်။ ဆိုမိန့်သော်လည်း တစုံတယောက်မျှ မလျှောက်ထားကြ၊ ဆိတ်ဆိတ်သာ နေကြကုန်လျှင်။ အရှင်အာနန္ဒာက ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤအစည်းအဝေး၌ တစုံတယောက်သော ရဟန်းသည် သာသနာ၌ ယုံမှားမရှိကြပါပြီဟု လျှောက်သော်၊ မြတ်စွာဘုရားသည် ချစ်သားတို့က စိတ် ဥတု အာဟာရ တည်းဟူသော အနေကြောင်းလေးပါးတို့ ပြုပြင်၍ ဖြစ်သမျှ သင်္ခါရတရားတို့သည် ဝယဓမ္မ-ပျက်တတ်သော သဘောရှိကုန်၏။ သင်ချစ်သားတို့သည် မမေ့မလျော့ မပေါ့မလစ်သဖြင့်၊ ပြည့်စုံစေကုန်လော့ဟု ပစ္ဆိမစကားကို ဟောမြွက်တော်မူပြီးလျှင် ပဌမစျာန်ကို ဝင်စားတော်မူ၏။ ထိုနောက် ဒုတိယထိုနောက် တတိယစျာန်၊ ထိုနောက် စတုတ္ထစျာန် ဝင်စား၏။ စတုတ္ထစျာန်မှထ၍ အာကာသနဉ္စာယတနစျာန်၊ ထိုနောက် ဝိညာဏဉ္စာယတနစျာန်၊ ထိုနောက် အာကိဉ္စညာယတနစျာန်၊ ထိုနောက် နေဝသညာနာသညာယတန၊စျာန်ကို ဝင်စားတော်မူ၏။ ထိုနောက် ဝေဒနာသညာတို့ကို ချုပ်ငြိမ်းသော နိဗ္ဗာန သမာပတ်ကို ဝင်စားတော်မူ၏၊ ထိုသို့ဘဝင် ပြန်၍ စျာန်အင်္ဂါတို့ကို ဆင်ခြင်ပြီးသော်။ စတုတ္ထစျာန် အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏဝီထိ၏အဆုံး၌ အလုံးစုံသော သင်္ခါရတရားတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန သစ္စာကို အာရုံပြုသော မဟာဝိပါက် ပဌမအာသင်္ခါရိက အဖျာကတ ဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန်စံတော်မူ၏။ ဤသို့ ဘုရားသခင်သည် လူတွင်မွတ်ဆစ်၊ သက္ကရာဇ်

၁၄၈-ခု ရတုဂိမ္ဗ ကဆုန်လပြည့် ဘင်္ဂါနေ့ညဉ့်၊ ဘရုက် ဘက်နီး လင်းအာ့းကြီး အယ်ဒ်၌ ပရိနိဗ္ဗာန် စံယူတော်မူသည် နှင့်တပြိုင်နက် ကြောက်မတ် ထိတ်လန့်ဘွယ် ကြက်သီးမွေး ညင်းကို ထခေလျက် နှစ်သိန်းလေးသောင်းအတိုရှိသော ဤ မြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်၏။ ကောင်းကင်အလုံး ထစ်ချုံးရိုက်ဟီးလျက် တောင်ပဲ့တင်လည်း၏ အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲ လွန်ကဲသော တိတ်နိမိတ်တို့သည် ဖြစ်ကုန်၏။

ဘုရားသခင် ဘလောင်းတော်ကို သင်္ဂြိဟ်ခဏ်း

ဘုရားသခင် ပရိနိဗ္ဗာန် စံဝင်သည်ရှိသော် သဖန်ပတိ ဖြဟ္မာသည် စကြာဝဠာကို ကြားစေလျက် အရှင်တို့ သတ္တလောကဋ္ဌ အကျုံးဝင်သော လူနတ်တို့၏ ဆရာဖြစ်တော်မူသော တုဘက်မရှိ ဖြစ်တော်မူသော အားတော် ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါးသို့ ရောက်တော်မူပြီးသော အလုံးစုံသာတရားအပေါင်းကို အလိုလိုသာလျှင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလွန်တော်မူချေသေး၏။ ဘုန်းကံနည်းပါးသူတပါးမူကား သေခြင်းမှ အာဘယ်မှာ လွတ်ပါချေအံ့နည်းဟူ ကြွေးကြော်၏။ သိကြားမင်းသည်လည်း အရှင်တို့-သခင်၏တရားတို့သည် အမြဲမရှိကုန်စုတကား၊ ဖြစ်ခြင်းပျက်ခြင်းသဘော ရှိကုန်၏။ ဖြစ်ကုန်ပြီး၍ ချုပ်တတ်ကုန်၏။ ထို့ဖြစ်တတ် ပျက်တတ်သော သဘော တရားတို့၏ ငြိမ်းရာဖြစ်

သော နိဗ္ဗာန်သည်သာလျှင် ချမ်းသာ၏ဟူ၍ ဂါထာဖြင့် ရွတ်၏ အထံတော်၌ရှိကုန်သော ပုထုဇဉ်သောတပန် သကဒါဂါမ် ရဟန်းတို့သည် သက်ကြီးရှိုက်တင် ပင်ပန်းလျက် ဦးခေါင်းလက်တင် လူးလဲမြည်တမ်းကာ ပြင်းစွာ ငိုကြွေးကြကုန်၏။ အနာဂါမ် ရဟန္တာတို့သည် သာလျှင် ဆင်ခြင်ရာမဟူကို နှလုံးသွင်း၍ သည်းခံနိုင်ကြကုန်၏။

ထိုအခါ အရှင်အနုရုဒ္ဓါသည် သဃ်ာတော်တို့အား သံဝေဂတရားပြ၍ သက်သာရာ ရစေ၏။ အရှင် အာနန္ဒာကို ကုသိနာရုံ ပြည်တွင်းသို သွား၍ မာလ္လာမင် တို့အား ဘုရား ပရိနိဗ္ဗာန်ယူကြောင်း ဆောင်ရွက်ကိစ္စကို လာ၍ ဆောင်ရွက်ကြ အံ့သောအခကြောင်းကို ကြား၍ဟု စေတော်မူ၏၊ မလ္လာမင်း တို့ ကြားလေသော်၊ ရှုန်းရင်းတက်မျှ ငိုကြွေး ကြကုန်၍ မြည်သူပြည်သားအပေါင်းနှင့်တကွ ကောင်းမြတ်ရာရာ နံ့သာဆိုင်း ပန်းဆိုင်းစသော ပူဇော်ဘွယ်များကို ဆောင်ရွက်လာကြပြီးသော်၊ ဘုရားရှင် အလောင်းတော်ကို အင်္ကျီစမှာစသော ပန်းနံ့သာတို့ဖြင့် မွှမ်းလျက် အသစ်စက်စက်သော ပုဆိုး ဗိတာန်မထွာပ်ကို ဆောက်၍ ထူးဆန်း သာယာသော သီခြင်း တီးမှုတ်ခြင်း၊ ကခြင်းတို့ဖြင့် ခြောက်ရက်လုံးပူဇော်ချီးမြှောက်လျက်၊ ခုနှစ်ရက်နေ့၌ ခွန်အား ကြီးသော ရှစ်ယောက်သော မလ္လာမင်းတို့သည် သန့်ရှင်းသော အဝတ်သစ်ကို ဝတ်ကုန်လျက် အလောင်းတော်ကို ရတနာပြာသာဒ်ထက်တင်၍ မြို့ပြင်က လက်ျာခစ် သုံးပတ်လည်ပြီးလျှင် ပြည်၏ တောင်စူးစူး ဖြစ်သော အရပ်၌ အလောင်းတော်ကို မီးပူဇော်

ကုန်အံ့ဟု အကြံနှင့် ချီကြွကုန်၏။ ချီကြွခြင်းငှါ မတတ်နိုင်ကုန်။ ထိုအခါ မလ္လာမင်းတို့သည် အရှင်အနုဒ္ဓါကို ဤအကြောင်းခြင်းရာကိုလျှောက်သော် အရှင်အနုဒ္ဓါက သင်တို့အကြံလည်းတပါး၊ နတ်တို့အကြံလည်းတပါး ဖြစ်သည့် နတ်တို့၏ အလိုကား ဘုရားသခင်အလောင်းတော်ကို နတ်တို့၏ စောင်း၊ ညှင်း၊ တူရိယာ၊ ပန်းနံ့သာတို့ဖြင့် ပူဇော်လျက်၊ မြို့နောက်ဘက်မှ ဆောင်ယူ၍- မြောက်တံခါးသို့ ရောက်သောအခါ မြို့လယ်သို့ ဝင်လာ၍ အရှေ့တံခါးမှ ထွက်ပြီးလျှင် မင်းတို့မင်္ဂလာပြုရာဖြစ်သော မကုလဗန္ဓနအရပ်၌ တေဇောဓာတ် လောင်စေလိုသော အကြံရှိသည်ဟု မိန့်တော်မူ၏။ ထိုစကားကို မလ္လာမင်းတို့ကြား၍၊ နတ်တို့အလိုအတိုင်း ဖြစ်ပါစေဟု ဆိုပြီးသော် ကိုယ်တော်မြတ် အလောင်းတော် ကြွမည့် လမ်းကို သုတ်သင်သန့်ရှင်းစေ၏။ ထိုသို့ သုတ်သင်သော မြေအရပ်၌ နတ်တို့သည် မန္ဓာရဝမည်သော ထင်ရှားပန်းဖြင့် ကြဲဖြန့်လေရကား လူသွားသမျှဌာန၊ ပုဆစ်၊ ဒူးကျ နစ်မျှလောက် ရှိ၏။ လူတို့သည်ရင်း၊ နတ်တို့သည်ရင်း၊ အလောင်းတော်ကို ပူဇော်ခြင်းငှါ ထက်ဝန်းကျင်မှ သဘင်ပဲ့လမ်းတို့ဖြင့် ခြံရံကုန်လျက်၊ ဆောင်ယူကြကုန်၏။ လူတို့၏အကြားဌာနတ်တို့သွားသည်ကိုထင်ရှားစွာ မြင်ရကုန်၏။ မြို့လယ်သို့ရောက်သော် ဗန္ဓုလစစ်သူကြီး၏ ဇနီးဖြစ်သော မလ္လိကာသည် မိမိလင်သေသည်မှစ၍ မဆင်ဘဲထားသော ဝိသာခါ၏ တန်းဆာနှင့်တူသော မဟာလွှလာတန်းဆာကို မြတ်စွာဘုရားအား ပူဇော်အံ့ဟုကြံ၍ တန်းဆာကို နံ့သာ

ရေနှင့်ဆေးပြီးသော် ကိုယ်တော်မြတ် အလောင်းတော်ကို ဦး ခေါင်းမှစ၍ ဘဝါးတိုင်အောင် စုပ်လှူပူဇော်၏၊ သိဂီနိက် ရွှေအဆင်းနှင့်တူသော ကိုယ်တော်ဝယ်၊ ရတနာခုနစ်ပါးဖြင့် ရစ်ဆင်စီမံသော တန်းဆာကို ဆင်လတ်သော်၊ အလှုန် လျောက်ပတ်တင့်တယ်ခြင်းသည် ဖြစ်၏။ ထိုအခါ မလွှာမင်း တို့သည် အရှင်အာနန္ဒာအား၊ အရှင်ဘုရား-အလောင်းတော် ကို အဘယ်သို့ သင်္ဂြိုဟ်ရပါမည်ဟု လျှောက်၏။ အရှင် အာနန္ဒာကလည်း စကြာဝတေး မခွတ်မင်း၏ အလောင်းကို သင်္ဂြိုဟ်သကဲ့သို့ သင်္ဂြိုဟ်ကုန်လော့ဟု ဆို၏။ စကြာမင်း အ လောင်းကိုကား ကစီမချသေးသော ပုဆိုးတို့ရစ်လှမ်းပြီးသော် နုနယ်သော ဝါဂွမ်းဖြင့် ရစ်လျက် အထက်၌ ပုဆိုးအထည် ငါးရာတို့ဖြင့် ထပ်ခါထပ်ခါ ထုတ်ပြီးလျှင် ရွှေစင်ဖြင့် ပြုအပ် သော ကျင်း၌ထည့်၍ ဆီလောင်းပြီးမှ ရွှေကျင်းကို ဖုံး၍ အလုံးစုံ တန်းဆာဆင်အပ်သော နံ့သာထင်းစုထက် တင်၍ မီးတိုက်ကြကုန်၏။ အရိုးကို စေတီတည်ကုန်၏။ ထို့အတူ လူသုံးပါးတို့၏ဆရာ မြတ်စွာဘုရားကိုလည်း ကောင်းစွာ သင်္ဂြိုဟ်အပ်သည်ဟု ဆိုပေ၏။ ထိုအခါ မလွှာမင်းတို့သည် အရှင်အာနန္ဒာ မိန့်ဆိုတိုင်းစီရင်၍ အလောင်းတော်ကို အ တောင်အရာနှစ်မြှင့်သော နွဲ့ကူးထင်းပုံပေါ်တင်ပြီးလျှင် မီး သင်္ဂြိုဟ်ကုန်၏၊ တစုံတခုမျှ မ့လောင်ချေ၊ ထိုအခြင်းအရာကို အရှင်အာနုရုဒ္ဓါအား လျှောက်သော်၊ နတ်တို့၏ အလိုဆန္ဒမပြည့် သဲ့သောကြောင့် မီးမစုံနိုင်၊ မလွှာမင်းတို့၏အဘ သေလွန်၍ နတ်ပြည်၌ ဖြစ်ကုန်သော ရှစ်ယောက်သော မလွှာမင်းကြီးတို့

သည် တကိယသာဝကကြီး ဖြစ်တော်မူသော အရှင်မဟာကဿပ၌ အလွန်ကြည်ညို၊ကြသည်။ ထို အရှင်မဟာကဿပသည် ယခုကြွလာ၍ လမ်းခရီးမှာရှိပြီ။ ဘုရားသခင် အာလောင်းတော်ကို မပူဇော်ရှိမခိုးရသေးသမျှကို မီးမလောင်စေသတည်းဟု နတ်တို့ ဓိဋ္ဌာန်သောကြောင့် မီးမစဉ်နိုင်သည် ဆို၏။ အရှင်မဟာကဿပသည် ရဟန်းငါးရာနှင့် ကြွလာတော်မူ၍ သင်းချိုင်းတော်သို့ရောက်လာပြီးသော်၊ ကိုယ်ဝတ်ကို စမွှာယ်တင်လျက် ဘုရားရှင်ရှိရာသို့ လက်အုပ်ချို၍ လက်ျာရစ်သုံးပတ်လည် ပူဇော်ပြီးမှ ဤဋ္ဌာနက ဦးခေါင်းတော် တည်ရာတည်း။ ဤဋ္ဌာနကား ဘဝါးတော်ရှိရာတည်းဟု မှတ်၍ ကိုယ်တော်မြတ်၏ ခြေတော်အစုံကိုမျှ ငါမဖူးမြင်ရပြီ တကားဟု နှလုံးထား၍ ဘဝါးတော်ကို ရှာ.ရှုလျက်၊ စတုတ္ထ သမာပတ်ကို ဝင်စားပြီးသော်၊ ကိုယ်တော်မြတ်၏ ခြေတော်အစုံသည် လွှမ်းခြုံသမျှကို ဖေါက်ထွက်၍ ဦးခေါင်းထက်၌ တည်စေသောဟု မနောဓိဋ္ဌာန်ကြံတော်မူ၏။

ထိုခဏ၌ အာကာန့်တထောင်တို့ဖြင့် တန်းဆာဆင်အပ်သော ဓာရာ့ရှိန်ကွက်သော စက်လက္ခဏာတို့၏ တည်ရာဖြစ်သော မြတ်စွာဘုရား၏ ဘဝါးတော်အစုံသည် လွှမ်းခြုံရစ်ပတ်သော ဝါဂွမ်းလွှာငါးရာသော ပုဆိုးအထပ် တို့ကိုဂျင်း၊ စန္ဒကူးထင်းပုံကိုဂျင်း၊ ဖောက်ထွင်း၍ တိမ်တိုက်တွင်းမှ ထွက်သော လကဲ့သို့ အရှင်မဟာကဿပ၏ ဦးခေါင်းထက်၌ တည်လေ၏။ အရှင်မဟာကဿပလည်း ပွင့်သစ်စဖြစ်သော ပဒုမ္မာကြာနှင့်တူသော လက်အုပ်အစုံကိုဆန့်၍ ဆွဖ်ဆင်းနှင့် တူ

သော ဘုရားသခင်၏ မြေတော်အစုံကို ဖမျက်တိုင်အောင် ကိုင်ဆုပ်လျက် မိမိဦးခေါင်းထက်ထား၍ ရှိခိုး၏။ ငါးဟူသော ရဟန်းတို့လည်း အနည်းနည်း ရှိခိုးကြကုန်၏။ လူအပေါင်းတို့ လည်း အံ့ဘွယ်သရဲကိုမြင်လျှင် ကြည်ရွှင်ဝမ်းသာလျက် သည်း စွာသောအသံကို ဟစ်ကြော်၍ ပူဇော်ဘွယ်အမျိုးမျိုးဖြင့် ချီး မြှောက်ပူဇော်ကုန်၏။ ယင်းသို့ပူဇော်၍ ပြီးကာမျှ၌ တတန် ဒိဋ္ဌဇာန်ခြင်း ကိစ္စမရှိဘဲ ပဂတိသာလျှင် ရှင်မဟာကဿပ၏ လက်မှလွှတ်၍ စန္ဒကူထင်းပုံတလားတို့ကို မဇ္ဈိမရွားစေဘဲ တည်မြဲတိုင်း ဝင်၍ တည်လေ၏။ ယင်းသို့ ခြေတော်ကွယ်သော် မျှားစွာသော လူရဟန်းတို့သည် ပင်ပန်းရှိုက်ငင်လျက် အလွန်အကြွေး ငိုယိုကြကုန်၏၊ ဘုရားသခင်၏ အလောင်း တော်တည်ရာ နံ့သာထင်းပုံသည် တစုံတယောက်သော သူမျှ မီးမညှိရဘဲ ရဲရဲပြောင်ပြောင် မီးစောင်ချီးချီး ထွက်လောသဖြင့် အထက်မှစ၍ ကျွမ်းလေ၏။

ဓာတ်တော် ၀၀ ခဏ်း

မြတ်စွာဘုရားသခင် အလောင်းတော်ကို တေဇော ခါတ်လောင်းပြီးသော် ကိုယ်တော်၏ အရေ-အသား-အရိုးတို့ သည် တပေါင်းတစုတည်း မ,ထင်ပြီ၊ ရွှေစင်တကဲ့၊ ပုလဲဥ အလား၊ ချယ်ရောအဆင်းရှိသော ဓါတ်တော်တို့သည်သာ လျှင် ရှစ်စိတ်ပမာဏမျှ တည်ကုန်၏။ စွတ်တော် လေးဆူ၊

ကြိုးလောင် ပေးသော်။

ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်္ကျစ်တော်တဆူ၊ ဤခုနစ်ဆူသော ဓါတ်တို့သည် မပြိုမကဲ့ တည်ကုန်သည်ဖြစ်၍၊ ကြွင်းသော ကိုယ်တော်မှာ အကြီးပဲနောက်ပမာဏ အလယ်ဆန်ကျိုးပမာဏ အငယ်မုန်ညင်းစေ့ပမာဏဖြင့် စိတ်ဖြာလျက်တည်ကုန်၏။ စန္ဒကူးထင်းပုံ အာကုန်လောင်ပြီးလျှင် ကောင်းကင်ပြင်မှ ရေအပြင်သည်သက်၍ငင်း၊ အာင်ကြင်းပင်ပျိုအခွံမှငင်း၊ ထက်ဝန်းကျင်သောမြေအာပြင်မှငင်း၊ ရေအာလုံးသည် တက်၍ ဆွတ်ဖျန်းကုန်၏၊ မလွှာမင်းတို့သည် မလွှာမင်းတို့သည် ဓါတ်တော်ကို ရွှေအတိပြီးသောအိုးဖြင့် ထည့်ပြီးလျော်၊ ထုံသင်းမွှေးကြိုင်စွာ နံ့သာမှုန့်တို့ကို ဖျန်းလျက်၊ ရတနာပုလ္လင်ထက်တွင်တင်၍ တန်းခွန်ကုက္ကား၊ ယမားကွန်ချာ နံ့သာဆိုင်းတို့ကို ဆွဲလျက်၊ လေး-လှ-သန်လျက်-လက်နက်ကိုင် ယောက်ျားတို့ကို အစောင့်ထား၍၊ မျှားစွာသော ပဲ့လမ်းသဘင် ပဉ္စင်တူရိယာတို့ဖြင့် ပူဇော်ကုန်၏။ ထိုနောက် တန်းဆာ ဆင်အပ်သော ကျောက်ကုန်းထက်၌ ဓါတ်တော်ကို ရတနာပန်းတောင်းဖြင့် တင်ပြီးသော်၊ ထီးဖြူအုပ်ကာလျက် ဆင်ဓာပ်-မြင်းတပ်-ရထားတပ် ခြေသည်သူရဲ လက်နက်စုံတပ်-ရုံပတ်ခင်းကျင်းလျက်၊ မြို့တွင်းသို့ ဆောင်ယူပြီးလျှင် ဓါတ်တော်ပူဇော်ပဲ့ သဘင်ကို ခုနစ်ရက်လုံး ပူဇော်ကြကုန်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်ရှင် အဇာတသတ်မင်းသည် အမွေအနှစ်ဖြစ်သော ဓါတ်တော်ကိုသွား၍ ပင့်ဦးမှ သင့်မည်ဟု မလွှာမင်းတို့၏ထံသို့ တမန်စေလွှတ်လိုက်၏။ ဝေသာလီပြည်မှ လိစ္ဆဝီမင်းတို့သည်ရင်း၊ ကပိလဝတ်ပြည်မှ သာကီဝင်

မင်းတို့သည် လည်းကောင်း၊ အလွန်ကပ်ပြည်၌ မနုကုန်သော ဗလမင်းတို့သည်ဌင်း၊ ရာမပြည် ကောလိယမင်းတို့သည်ဌင်း၊ ဝေဌဒီပတိုင်း ပုဏ္ဏားတို့သည်ဌင်း၊ ပါဝါပြည် မလ္လာမင်းတို့သည်ဌင်း တမန်စေ၍ ဓါတ်တော်တို့ကို ငါတို့အဘို့ ပေးပါ။ ငါတို့ပြည်၌ စေတီတည်၍ ကိုးကွယ်လိုသည်ဟု တောင်းကြကုန်၏။ တမန်စေ၍ မျှားမကြာမီ အဇာတသတ် မင်းသည် စစ်သည်ဗိုလ်ပါတို့နှင့် ကုသိနာရုံပြည်ကို ဝန်းရံ၍ ငါတမန်စေ တိုင်းပေးသော် ပေးစေ၊ မပေးနေမူ ပြည်အလုံးကို ထွားထွား ညှက်ညှက် ဖျက်ဆီး၍ ဓါတ်တော်ကိုယူအံ့ဟု ကြုံလျက်နေ၏။ ဝေသာလီမင်း၊ ကပိလမင်း အစရှိသော ခုနှစ်ပြည်ထောင်သော မင်းတို့သည် ထိုနည်းတူ စစ်ချီ၍ ရံလေကုန်၏။ ထိုသို့ရံပြီးမှ တမန်အကြပ်အတည်းလွတ်ကြ၍ ဘုရားရှင်၏ ဓါတ်တော်ကို ပေးအံ့လော၊ စစ်ထိုးအံ့လောဟု ဆိုစေ၏။ မလ္လာမင်းတို့က လည်း ဘုရားသခင်သည် သင်တို့ပြည်၌ နေရာဝယ်၊ ငါတို့ပြည်သို့ ကြွရောက်တော်မူလာ၍ ပရိနိဗ္ဗာန်ယူသည်။ ငါတို့သာ ကိုးကွယ်ထိုက်၍သာ ရသည်။ သင်တို့ပိုင်သော ဂါမဓေတ်၌ တစုံတရာ ရွှေငွေရတနာ ဖြစ်ထွန်းလာသော် ငါတို့အား သင်တို့မပေးကုန်ရာ လောကသုံးပါး၌ မြတ်စွာဘုရားနှင့် တူသော ရတနာမည်သည်မရှိ။

ထိုသို့ အသဒိသရတနာကို ငါတို့အာဘယ်ကြောင့် မပေးအံ့နည်း။ သင်တို့သာ အမိနို့စို့ရသလော၊ သင်ဖ သာလျှင် ရထိုက်လေသလောဟု (ခုနှစ်)ပြည်ထောင်မင်းတို့သည် ကဲ့နက်စွဲကိုင် စစ်ဘက်ပြိုင်၍ လုယူကြမည်ဟု ပြင်ဆင် သာ

အခါ ရွှေးယခင်က ထိုမင်းမျိုးဇာ ဆရာ ဖြစ်ခဲ့ဘူးသော ဒေါနကာပဏ္ဍား၏ တရားပြမှုကြောင့် ငြိမ်းအေးချမ်းသာစွာ ရန်စစ်မပြုကြတော့ဘဲ ကျွန်ုပ်စွာဖြင့် ရှစ်ကိုယ်ခဲ့၍ ဓါတ်တော်မျိုးကို ခဲ့ယူကြလေသည်။ ဤသို့ ရရှိကြသော ဓါတ်တော် အမွေအနှစ်မျိုးကို စေတီတော်တွင်းသို့ ဌာပနာသွင်း၍ ပုဒ္ဓမြတ်စွာကိုရည်မှန်းလျက် ပန်းရေချမ်း နံ့သာ ဆီမီးမျိုးဖြင့် ကိုးကွယ်ပူဇော်ကြလေတော့သည်။

ဤတွင် ပုဒ္ဓရာဇဝင် ပြီးပါပြီ။

☆ ☆ ☆

ဆုတောင်းနှင့် နိဂုံး

၁။ အဟံ၊ ခန္ဓာပဉ္စကသမုဟာကို နာမ်မည်ပေး ရတနာပုံ ဆရာဓအားဟု ခေါ်ရေးသမုတ် အာကျွန်ုပ်သည် ဒေတနပုဉ္ဇည နမပျုဇ်းလုံ့လ ဝိရိယဖြင့် ဓမ္မလျှဒါမြောက်စိန့်ဘုရားလျှင်၊ ဤစာအစု ရေးသားပြုရမြတ်ပုညကြောင့် (၀၊) (ဤပုဒ္ဓရာဇဝင်) ရေးထုတ်ပါငြား၊ အကျိုးဘားကြောင့်၊ တဟိ တဟိ ဘဝေ၊ သိုထိုသို့သော သဝတ္ထိဒ္ဓ သံသရဒုက္ခာ ကျင်လည်ရသည် ရှိသော်၊ အပါယာဒိဒုက္ခေမိ၊ မပါယ် အစရှိသော ဆင်းရဲတို့မှ။ မုဉ္စဝံထွာ၊ ကင်းလွှတ်၍၊ သုခတ္တာနှာ၊ ချမ်းသာသော ကိုယ်စိတ် ရှိသည်နှင့်၊ မဟိဒ္ဓဝံကောစ၊ ကြီးသောတန်ခိုးရှိသော၊ မဟာပုရိသော၊ ယောကျ်ားမြတ် အစစ်ဖြစ်၍ ဒေဝနရပသာဒနော နယ်လူတို့ ကြည်ညိုကြကုန်သည်။ အမှီ ဖြစ်ရပါလို၏။ ပုည ဝေပုလ္လေ၊ ဒါနသီလ၊ သမထ၊ ဝိပဿနာ၊ ဘာဝနာကမ္မဋ္ဌာန်း တရားတို့ကို ဘဝတိုင်း ဘဝတိုင်း နိဗ္ဗာန် ရောက်ကြောင်း ကောင်းစွာ ပွားများ၍ ပါရမီဖြည့်ဆိုင့်သည်၊ အမှီ ဖြစ်ရပါလို၏။ ဤဆဲ့တဝနသမ္ပန္နာ အလိုရှိအပ်သော ဆုမြတ်နှင့် ပြည့်စုံပြီးဖြစ်၍ အမယ်၊ သေခြင်းကင်းရာဖြစ်သော ခေမံ ဘေးမရှိသော အစ္စုကံ ရွှေ့လျောခြင်း မရှိသော်၊ သီဝံ ချမ်းဓအားရာ အမှန်ပြည်နိဗ္ဗာန်သို့၊ ပါပုဏံသာမိ၊ ဘဝတို့တို့နှင့် လျင်မြန်စွာ ရောက်ရပါလို၏။ တသပုညဿ၊ ထိုကောင်းမှု၏ ဘာဂဒုကုသိုလ်အဘို့ကိုလည်း၊ သဒေဝနရသတ္ထာနံ၊ နတ်လူနှင့်တကွသော၊ သတ္တဝါ အပေါင်းတို့အား၊ ဘာဇေမိ၊

အမျှပေးဝေပါ၏။ သင်္ဃာ။ ခပ်သိမ်းကုန်သော၊ သတ္တာသတ္တဝါအပေါင်းတို့သည်၊ အနုမောဒန္တုရာ၊ ဝမ်းမြောက်ဝမ်းသာ၊ သာဓုခေါ်ကြပါစေကုန်ဆတည်း။

၂။ ဤသို့ လူနတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အား ကြီးစွာဘော မဟာဂရုဏာဖြင့် ဗုဒ္ဓမြတ်စွာသည် ကယ်တင်တော်မူရန်အလို့ငှာ လေသခြေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ဖြည့်တင်းဆည်းပူးအပ်သော ပါရမီတော် အဟုန်တို့ဖြင့် သဗ္ဗညုတသခင်ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီး၍ လေးဆယ့်ငါးဝါ ကာလပတ်လုံး လောဘ၊ ဒေါသ၊ မောဟ၊ တည်းညီး တောက်လောင်နေသော ပုထုဇဉ် လောကီသားဝေနေယျသတ္တဝါအပေါင်းအား အေးငြိမ်းရာအမှန်၊ ပြည်နိဗ္ဗာန်သို့ လမ်းညွှန် ကယ်ထုတ် တော်မူခဲ့ပြီး ပရိနိဗ္ဗာန် စံလွှန်တော်မူခဲ့သည်မှာ နှစ်ပေါင်း (၂၅၀၀) ကျော်လွန်ကဲလေပြီ၊ ဗုဒ္ဓမြတ်စွာ၏အာဏာတော်စက် သာသနာသည်၊ (၅၀၀၀) တိုင်(၂၅၀၀) ကျန်ရှိသေးသကား၊ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး မတိမ်ကော၊ မမှေးမှိန်ရလေအောင် ဗုဒ္ဓကာသာဝင် သူတော်စင်အပေါင်းနှင့် နောင်လာနောက်သားအတွက် ငါတို့ဘုရားမြတ်စွာသည်၊ သတ္တဝါအများအား ရင်ဝယ်သားပမာ ဆုံးမပဲ့ပြင် သွန်သင်ညွှန်ကြား တရားဓမ္မ များများကို ဟောကြားတော်မူခဲ့ပေသည်ဟု ဘုရားမြတ်စွာနှင့် စပ်လျဉ်းသည့် ပဋိသန္ဓေခေတ်မှ ပရိနိဗ္ဗာန်စံခေတ်၊ ခါတ်တော် ၈၀

ခဏ်းများကို ကဏ္ဍလိုက် သရုပ်ဖော်ပြီး ကြည်ညိုပွဲားများ စေခြင်းအလို့ငှာ ကောင်းမြတ်သော မနုသီရှေ့ထား(ဤဗုဒ္ဓရာဇဝင်)ကို ရေးသားပြုစုလိုက်ရပေသတည်း။ ။

ရထနာပုံဆရာဒေး

ပဌမ သံဂါယနာ တင်ခြင်း။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် (၇) ရက်မျှ ကြာသောအခါ အသျှင်မဟာ ကဿပမထေရ်သည်၊ ရဟန်း ငါးရာဖြင့် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာစဉ် ခရီး အကြား၌ နားနေတုန်းတွင် ဘုရားပရိနိဗ္ဗာန် စံလွန်တော် မူကြောင်း ကြားရ၍၊ ရဟန်းငယ်များ ငိုကျွေး ကြကုန်၏။ သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးသည်ကား ငါ့ရှင်တို့-မငိုကြကုန်လင့်၊ ရဟန်းဂေါတမ၏ ချုပ်ချယ်ခြင်းကို ခံခဲ့ရလှပြီ။ ယခု သူ၏လက်တွင်းမှ လွတ်မြောက်ခဲ့ကြလေပြီဟု ဝမ်း သာအား-ရဟန်းငယ်များအား ပြောလေသည်။ အသျှင်မဟာ ကဿပမထေရ်ကြီးသည် ထိုသုဘဒ္ဒရဟန်း၏ စကားကြောင့် အနာဂါတ် သာသနာအတွက် စိတ်မချ-သံဝေဂဖြစ်တော် မူသော်လည်း အောင့်အင်းသည်းခံတော်မူပြီးလျှင် ဘုရားရှင်၏ တိတ်တော်များ ဝေဘန်ပြီး၍ သံဃာများ၏ အလယ်တွင် ဗုဒ္ဓ၏ တရားဒေသနာတော်များကို သတောတူ ပေါင်းစု၍ သံဂါယနာတင်မထားလျှင် (သုဘဒ္ဒ) လို ရဟန်းမျိုးတွေ ဖျက်ဆီးဘွယ်ရှိကြောင်း ဟောပြတော်မူပြီးလျှင် (၃-လ)မျှ အကြာ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်း၏ အကူအညီဖြင့် ရဟန္တာငါးရာနှင့်အတူ ပဌမသံဂါယနာတင်တော်မူ၏။

ဒုတိယ သံဂါယနာ တင်ခြင်း။

ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန် စံလွန်တော် မူပြီးနောက် အာနန္ဒာစတုရာကြားသောအခါ ၁၆ ခုတိုင်းရပါန်းတို့သည် ရဟန်းတို့နှင့် မအပ်မရာသော အမှုတို့ကို ပြုကျင့်ကြကုန်၏။ လူတို့ ယဲမှ တပါးအမူးကစ၍ ငွေအလှူခံကြကုန်၏။ ထိုအခါ ယသက ရဟန်းသည် ငွေနှင့်မအပ်စပ်ကြောင်း ပြောဆိုလာ၏။ ထို့သို့ ပြောသည့်အတွက် လူအများ၏ သဒ္ဓါတရားကို ဖျက်ဆည်ဟု ဆိုကာ လူအများကို တောင်းပန်ရသော ဝိနည်းကံတမျိုးပြုကြ ရသေးကုန်၏။ အရှင်ယသက ရဟန်းသည် လူတို့ထံ သွား၍ ဘုရားရှင်၏ တရားတော်အတိုင်း ရှင်းလင်းဟောပြသောအခါ လူတို့သည် တရားအမှန်ကို သိကြရသဖြင့် ငွေအလှူခံကြသော ရဟန်းတို့အား မကြည်ညိုကြတော့ချေ။ အရှင်ယသက မထေရ်လည်း တန်ခိုးကြီးမားသော ရဟန်းကြီးများ၏ အထဲသို့ ဝင်ရောက်၍ ထိုအမှုကို ဆုံးဖြတ်ခေါင်းပါရန် လျှောက်ထားလေရာ ရဟန်းများနှင့် မအပ်စပ်ကြောင်း ဆုံးဖြတ် တော်မူကြသည်။ ထို့နောက် ရဟန္တာခုနှစ်ရာ ရွေးချယ်လျက် ဝေသာလီပြည် ကာလာသောကမင်း (သို့မဟုတ်) မဟာသောက ဖင်းလက်ထက်တွင် ဒုတိယ သံဂါယနာတင်တော်မူ၏။

ဓာတိယ သံဂါယနာ တင်ခြင်း။

ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် နှစ်ပေါင်း နှစ်ရာ့လေးဆယ် လေးနှစ်ကြာသောအခါ၊ ပါဋလိပုတ္တ၊ သီရိဓမ္မာ သောကမင်းသည် ဗုဒ္ဓဘာသာဝင် မဖြစ်မီ ပဋ္ဌားတော်အား အမြဲထမင်းကျွေးလေ့ရှိ၏။ တနေ့သ၌ တည်ငြိမ်သန့်ရှင်းမှုမရှိဘဲ စားသောက် ကြွပုံကိုမြင်၍ ဤမှု ကြီးကျယ်သော ဒါနကို ပေးလှူသင့်သည်ဟု ဝန်းစားမိ၏။ ထို့အခိုက်တွင် နန်းတော်မြေပြင် လူသွားလမ်းပေါ်၌ ဟိုဟို သည်သည် တောင်မြောက်လေးပါးကို မကြည့်ဘဲ ကြွသွားနေသော နိဂြောဓ သာမဏေငယ်ကို ဖူးမြင်ရလေသည်။ မင်းကြီးလည်း ဤသို့ မြင်ရရုံမျှဖြင့် အလွန်ကြည်ညို၊ လှသဖြင့် အမြန်ပင့်ခေါ်စေ၍ သင့်တော်သော နေရာ၌ ထိုင်စေရန် လျောက်ထားသည်တွင် ထိုးဖြူးစိုက်သော ရာဇပလ္လင်ဆက်တွင် ထိုင်လေ၏။ ပဲတော် ဆွမ်းဟင်းလျာများကို ဆက်ကပ်ပြီးစီး သောအခါ သားတို့ဆရာ ဟောကြားသော သြဝါဒစကား ကို ဟောစမ်းပါဟု တောင်းပန်ရာ အရာရာ၌ သတိထားခြင်း သည် မသေတို့အကြောင်း၊ မေ့လျော့ခြင်းသည်ကား သေတို့ အကြောင်းဟု နာ၍ရ၍ အလွန် မြတ်နိုးတော်မူသဖြင့် ရဟန်း ကောင်းတို့သည် ရဟန်းအတုအယောင်များနှင့် မပေါင်းသင်း နိုင်ကြသောကြောင့် စစ်မှန်သော သံဃာကိုစွဲတို၍ အနှောင့် အရှက်ဖြစ်နေသော မိစ္ဆာအယူရှိသော ရဟန်းများအား လူ

ထွက်ခိုင်းကာ သာသနာတော်သန့်ရှင်းစေပြီးမှ (အရှင်မောဂ္ဂလိပုတ္တတိဿ) မထေရ်အား ထားခဲ့၍၊ တထောင်သော ရဟန္တာအသျှင်မြတ်တို့နှင့် တတိယသံဂါယနာတင်တော်မူ၏။

စတုတ္ထ သံဂါယနာ တင်ခြင်း။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် နှစ်လေးရာ့ငါးဆယ်နှစ်ကြာသောအခါတွင် သီဟိုဠ်ပြည် ဒုဋ္ဌဂါမဏိအာဘယမင်းသည် သာသနာကို လွန်စွာ စောင့်ရှောက်သောမင်းပေတည်း။ ထိုမင်းသည် သာသနာတော်၏ အနှောင့်အရှက်ဖြစ်သော ကျွည်းမင်းတို့ကို စစ်တိုက်ထွက်ခါနီးဝယ်၊ ကျောင်းတိုက်သို့သွား၍ ဆရာတော်ကြီးများကို လျှောက်ထားသည်မှာ၊ ဒကာတော်သည် သာသနာတော် ထွန်းပစိမ့်သောငှာ ဂင်္ဂါတဘက်သို့ သွားရပါမည်။ ရဟန်းတော်များကို မပြတ်ဖူးမျှော်ဘို့ရာ လိုက်ပါစေလိုပါသည်ဘုရားဟု လျှောက်ထားလေရာ၊ ဆရာတော်ကြီးများသည် အရှယ် ကောင်းသော ရဟန်းငါးရာ ရွေးချယ်၍ ထည့်လိုက်၏။ မင်းတရားသည် ဆွမ်းဆေးစသည် လှူဒါန်းဖူးမျှော်ရင်း သာသနာသန့်ရှင်းဘို့ကိစ္စကို ဆောင်ရွက်လေ၏။ ထိုမင်းကား မိမိကိုင်စွဲသော လှံဖျားဦ ဘုရားရှင်၏ ဓာတ်တော်ကို ဋ္ဌာပနာထား၏။ ထိုမင်း၏ ဆောင်ပုဒ်စကားကား၊ ငါချမ်းသာဘို့ကိုမဟုတ်၊ သာသနာကည်တံ့ခိုင်မြဲဘို့ကိုသာ ဤမျှ ငါသည် ကြိုးစားနေပါသည်ဟူ၏။

ဘုရားရှင် လက်ထက်တော်မှစ၍ ဝန္နဂါမဏိမင်းကြီး လက်ထက်တိုင်အောင် ဗုဒ္ဓ၏ တရားပိဋကတ် တော်များကို ရဟန်းတော် အဆက်ဆက်တို့ အရ ကျက်၍ နှုတ်တက်ဆောင် တော်မူခဲ့ကြံပေသည်၊ ဝန္နဂါမဏိမင်း လက်ထက် ဌာကာ ဗြဟ္မဝဏတိဿ သူပုန်အမှုမှစ၍ မိစ္ဆာမင်းတို့ နှောက်ရှက် ဖျက်ဆီးကြခြင်းကြောင့် ဆွမ်းအဟာရ မမျှတသဖြင့် နှုတ်ရ ကျွတ်ပြီးသောစာကို မပျောက်ပျက်အောင် ခဲယဉ်းစွာဆောင် ကြရလေသည်။ ထို့ကြောင့် နောင်သောအခါ ရဟန်းတော် များသည် နှုတ်ရမအောင်နိုင်လျှင် ပိဋကတ်တော်များ ကွယ်ပျောက်သွားမည်ကို စိုးရိမ်တော်မူရကား၊ ဝန္နဂါမဏိ မင်း၏ အကူအညီယူ၍ ရဟန်းတော်များသည် ပိဋကတ် တော်များကို ပေထက်ပေါ်တွင် ရေး၍ စတုတ္ထ သံဂါယနာ တင်တော်မူ၏။

ပဉ္စမ သံဂါယနာ တင်ခြင်း။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် နှစ် ၂၄၁၅-တွင် ရဏနာပုံမြို့တည်နန်းတည်၊ မင်းတုန်းမင်းတရား ကြီးသည် သာသနာတော်ကို လွန်စွာ ချီးမြှောက်တော်မူ၏။ ပိဋကတ်တတ်ကျွမ်းသည်ဟူ ထင်ရှားသော ဆရာတော်များ အား ဘွဲ့တံဆိပ်တော်ဆက်ကပ်၍၊ ပစ္စည်းလေးပါး ကိုလည်း ထောက်ပံ့လှူဒါန်းတော်မူ၏။ ထိုမျှ သာသနာတော်ပြုရသော် လည်း၊ တစ်းတိမ်းအားရခြင်းမရှိလေရကား၊ ဗုဒ္ဓ၏ ပိဋကတ်

ဖောဘ်များကို ကျောက်ပြားပေါ်တွင်ထွင်းနေစကာ ကျောက်တက်အကွရာ တင်တော်မူ၏။ ထိုသို့ ကျောက်တက်အကွရာတင်မှုကို အကြောင်းပြုကာ ယခုအခါ၌ ပဉ္စမသံဂါယနာမင်းတရားဟု ထင်ရှားခဲ့လေသည်။

ဆဋ္ဌမ-သံဂါယနာ တင်ခြင်း။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် နှစ်ခပါင်း ၂၄၉၀-နှစ်တွင် ရန်ကုန်မြို့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရမှ သံဂါယနာတင်ပွဲ ပြုလုပ်၍၊ ဆဋ္ဌမသံဂါယနာ တင်ခဲ့လေသည်။